# ကြတ္ထိယသွေး နွေဦးတေး




AAPP

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ ဂုဏ်ပြုထုတ်ဝေသည်။

ဇန်နဝါရီလ၊ ၃၁ ရက်၊ ၂၀၂၂ ခုနှစ်

## အမှာစကား

၂၀၂၁ နွေဦးတော်လှန်ရေးမှာ မြန်မာနိုင်ငံအဝှမ်း အလွှာပေါင်းစုံက အမျိုးသမီးထုရဲ့ တော်လှန်စိတ်ဓာတ်နဲ့ ရဲရင့်ပြောင်မြောက်စွာ ဦးဆောင်မှုတွေဟာ အာဏာလု စစ်အုပ်စုကို သွေးပျက်မတတ် ထိတ်လန့်တုန်လှုပ်စေခဲ့တာပါ။

မြန်မာ့သမိုင်းမှာ ပထမဦးဆုံးအဖြစ် ထမီအလံလွှင့်ထူပြီး ငါတို့ထမီ၊ ငါတို့အလံ၊ ငါတို့အောင်ပွဲ ဆိုတဲ့ ကြွေးကြော်သံ နွေဦးတေးဟာ နိုင်ငံနယ်နမိတ် အပြင်ဘက်ထိ တုန်ဟီးစေခဲ့တယ်။ ပြည်တွင်းသာမက ကမ္ဘာ့တဝှမ်းက ပြည်သူအပေါင်း မြန်မာ့အမျိုးသမီးထုရဲ့ တော်လှန်စိတ်ဓာတ်ကို လေးစားတန်ဖိုးထား အသိအမှတ်ပြုခဲ့ကြရပါတယ်။

အကြမ်းဖက် စစ်အုပ်စုဟာ စစ်အာဏာရှင်တို့ရဲ့ ထုံးစံအတိုင်း ဆန့်ကျင်သူတိုင်းကို လက်နက်အားကိုးပြီး ရက်စက်ကြမ်းကြုတ်စွာ ဖြိုခွဲခဲ့တယ်။ အကြောက်တရားနဲ့ အုပ်ချုပ်နိုင်အောင်ကြိုးစားခဲ့တယ်။ သို့သော်လည်း ပြည်သူလူထုတရပ်လုံးက နောက်မဆုတ်စတမ်း တိုက်ပွဲဝင်လာတာဟာ ဖေဖော်ဝါရီလ ၁ ရက်နေ့ဆိုရင် တစ်နှစ်တင်းတင်းပြည့်ခဲ့ပေမယ့် တော်လှန်စိတ်ဓာတ်ဟာ ပြင်းသထက် ပြင်းထန်ပြီး ခိုင်မာသထက် ခိုင်မာလာတာကို တွေ့မြင်နေတာပါ။

ဒီအထဲမှာ အမျိုးသမီးတွေဟာလည်း ရှေ့တန်းက အားကောင်းစွာ ပါဝင်တော်လှန်နေဆဲပါပဲ။ တနှစ်ပြည့်တဲ့အချိန်မှာ အကြမ်းဖက်စစ်အုပ်စုဟာ ထောင်ချီတဲ့ အမျိုးသမီးများကို ထောင်သွင်း အကျဉ်းချထားခဲ့တယ်။ ရာချီတဲ့ အမျိုးသမီးများဟာ အကြမ်းဖက်စစ်အုပ်စုရဲ့ ညှဉ်းပန်းနှိပ်စက် ပစ်ခတ်သတ်ဖြတ်ခြင်း ခံခဲ့ရတယ်။ ယန္တရားမျိုးစုံကို အသုံးပြုပြီး ညှဉ်းပန်းနှိပ်စက်မှုတွေ ပြုလုပ်နေဆဲဖြစ်တယ်။

သို့သော်လည်း အမျိုးသမီးထုဟာ စစ်အာဏာရှင်စနစ် အကြွင်းမဲ့ ကျဆုံးရေး၊ ပြည်သူ့လွတ်မြောက်ရေးနဲ့ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝ ရရှိရေးအတွက် ဘဝတွေ၊ အသက်တွေကို ပေးဆပ်ရင်း ရှေ့တန်းက ရဲ့ရင့်စွာ တိုက်ပွဲဝင်နေတုန်းပါ။

ဒီအစီရင်ခံစာဟာ မြန်မာနိုင်ငံအဝှမ်း တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်တဲ့ အမျိုးသမီးထုရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ ပေးဆပ်မှုနဲ့ တော်လှန်စိတ်ဓာတ်ကို ဂုဏ်ပြု မှတ်တမ်းတင်ရင်း နွေဦးတော်လှန်ရေးအတွင်း အကြမ်းဖက်စစ်အုပ်စုလက်ချက်နဲ့ ကျဆုံးခဲ့ရတဲ့ အမျိုးသမီးသူရဲကောင်းများအား အလေးပြု မော်ကွန်းတင်လိုက်တဲ့ အစီရင်ခံစာတစ်စောင်ပဲ ဖြစ်ပါတယ်။

တိတ်နိုင်
အတွင်းရေးမှူး
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

> မျက်နှာဖုံးသရုပ်ဖော်ပုံအပါအဝင် အစီရင်ခံစာအတွင်း
> ထည့်သွင်းအသုံးပြုထားသည့် ဓာတ်ပုံများ၏ မူရင်းပိုင်ရှင်များ
> အားလုံးကို လေးစားစွာဖြင့် အထူးကျေးဇူးတင်ပါသည်။

# အစီရင်ခံစာအနှစ်ချုပ်

“ပုခက်လွှဲသောလက်များအနေဖြင့် ကမ္ဘာကို ပင့်မ ထားရန် ပိုအရေးကြီးသည်” ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၈ ခုနှစ်၏ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ ယနေ့မြန်မာနိုင်ငံ၏ နွေဦးတော်လှန်ရေးကာလ အမျိုးသမီးများ၏ နိုင်ငံရေးတွင် တက်ကြွစွာပါဝင်မှု၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံပေးဆပ်မှုတို့က အနာဂတ်မြန်မာနိုင်ငံအတွက် အမျိုးသမီးထု၏ ဦးဆောင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်ကို လက်တွေ့အထင်အရှားသက်သေပြသလိုက်ခြင်းဟု ဆိုရပေမည်။

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ပြည်သူက တခဲနက်ရွေးချယ်တင်မြှောက်ထားသော အာဏာရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) မှ ကိုဗစ်ကပ်ရောဂါဘေးကာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများက ပွင့်လင်းမျှတသော ရွေးကောက်ပွဲအဖြစ် အသိအမှတ် ပြုခဲ့ကြသည်။ သို့ရာတွင် စစ်တပ်သည် မဲမသမာမှုဟု တဖက်သတ်စွပ်စွဲပြောဆိုလျက် ပြည်သူလူထု၏ သဘောထား ဆန္ဒကို ဆန့်ကျင်လျစ်လျူရှုခဲ့သည်။ ထို့နောက် ရွေးကောက်ပွဲအနိုင်ရ ကိုယ်စားလှယ်များ တက်ရောက်မည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပထမနေ့ဖြစ်သော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက် မနက်လင်းအားကြီးချိန်တွင် နိုင်ငံ့ခေါင်းဆောင်များကို ဖမ်းဆီးကာ အာဏာရူး စစ်တပ်မှ မတရားအာဏာ လုယူခဲ့သည်။

လွတ်လပ်ရေးသက်တမ်း နှစ် (၇၀) ကျော်အတွင်း ယခုကဲ့သို့ နိုင်ငံရေးတွင် စစ်တပ်မှ လက်နက်အားကိုးဖြင့် ဝင်ရောက်စွက်ဖက်ခြယ်လှယ်ကာ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အကြိမ်ကြိမ်အာဏာသိမ်းယူခဲ့သည်။ ယခုအကြိမ် အာဏာလုယူမှုကြောင့် စစ်အုပ်စုကိုယ်တိုင် စိတ်ကြိုက်ရေးဆွဲထားသော၂၀၀၈ အခြေခံဥပဒေဘောင်အတွင်းမှ အကန့်အသတ်ဖြင့် ဆယ်စုနှစ်တစ်ခုစာမျှသာ ရရှိခံစားခဲ့ကြရသည့် ပြည်သူတို့၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အနည်းအကျဉ်းမျှသည်ပင် အစအနမျှမကျန်အောင် ဆုံးရှုံးလိုက်ကြရသည်။

အာဏာလုပြီး တစ်ပတ်မျှမကြာခင်မှာပင် အာဏာလုအကြမ်းဖက်စစ်အုပ်စုကို နိုင်ငံနှင့်အဝှမ်း ပြည်သူတစ်ရပ်လုံး တခဲနက်ကန့်ကွက်ဆန့်ကျင်ဆန္ဒပြသပိတ်မှောက်ခဲ့ကြသည်။ နွေဦးတော်လှန်ရေးကို စတင်ခဲ့ကြသည်။ အာဏာလု အကြမ်းဖက်စစ်အုပ်စုသည် ထိုသို့ ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့် ပြည်သူများအား အဆမတန်အင်အားသုံး၍ ဥပဒေမဲ့ အကြမ်းဖက်ရမ်းကားဖြိုခွင်းမှုများ ပြုလုပ်ခဲ့သည်။ အသက်သေစေနိုင်သည့် စစ်ပွဲသုံးလက်နက်များ အသုံးပြု၍ ပြည်သူလူထုအပေါ် ၎င်းတို့ပြုမူနေကျအတိုင်း အညှာအတာကင်းမဲ့စွာ ရက်ရက်စက်စက် ကျူးလွန်ခဲ့ကြသည်။

ထို့အပြင် တရားလက်လွတ် ဖမ်းဆီးမှုများကိုလည်း ဆက်တိုက်ပြုလုပ်ခဲ့ကြပြီး စစ်ကြောရေးစခန်းနှင့် အကျဉ်းထောင်များအတွင်းတွင် ညှဥ်းပန်းနှိပ်စက်မှုများ၊ မတော်မတရားပြုမူမှုများကိုလည်း ဖိနှိပ်ရေးယန္တရား နည်းလမ်းတစ်ခုအဖြစ် သုံးစွဲလျက်ရှိသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံအနှံ့ အကြမ်းဖက်စစ်အုပ်စု၏ ရက်စက်ယုတ်မာမှုများမှာ တစ်နေ့တခြား ပို၍ဆိုးဝါးလာခဲ့ကာ ထိုအကြမ်းဖက်မှုများကို နည်းလမ်းမျိုးစုံဖြင့် ခုခံတွန်းလှန်နေကြသူများမှာလည်း စစ်အုပ်စု၏ အညှိုးထားတိုက်ခိုက်မှုများကို ပြင်းပြင်းထန်ထန် ရင်ဆိုင်နေကြရသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းတလျှောက် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍမှာ ချန်လှပ်ထား၍မရသည့် သမိုင်းမျက်နှာစာပေါင်းများစွာကို ရေးထိုးထားခဲ့ပြီးဖြစ်သလို ယခုတစ်ကြိမ် စစ်အာဏာလုမှုအပေါ်တွင်လည်း လုံးဝလက်မခံနိုင်သောယတိပြတ်ဆုံးဖြတ်ချက်ဖြင့် ဆင်နွှဲနေကြသည့် နွေဦးတော်လှန်ရေးကာလအတွင်း အထင်ရှားဆုံးမှာ နိုင်ငံအဝှမ်းရှိ အမျိုးသမီးထုကြီးတရပ်လုံး ရှေ့တန်းမှ အင်တိုက်အားတိုက် ပါဝင်နေကြခြင်းဟု ဆိုရပေမည်။ သမိုင်းတလျှောက် အမျိုးသမီးများအနေဖြင့်နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခံရခြင်း၊ အကြမ်းဖက်ခံရခြင်းများကို စစ်အာဏာရှင် ခေတ်အဆက်ဆက်၌ ရင်ဆိုင်ကြုံတွေ့နေရလေ့ရှိသည်။ နွေဦးတော်လှန်ရေး၏ ဆန္ဒပြပွဲများ၌ အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် ရဲစွမ်းသတ္တိ၊ နိုင်ငံ့အရေးတွင် လက်မနှေးဘဲ တက်ကြွစွာပါဝင် ဆောင်ရွက်ခြင်းများအတွက် အမျိုးသမီးဝတ်ထမီကို ဆန္ဒထုတ်ဖော်ပွဲများ၏ ရှေ့မှအလံအဖြစ်အသုံးပြုကာ အမျိုးသမီးထု၏ ခွန်အားနှင့်စွမ်းရည်ကို ဖော်ထုတ်ပြသခဲ့ကြသည်။ နိုင်ငံရေးခရီးကြမ်းတွင် ရဲဝံ့စွန့်စားစွာ ပါဝင်လာခဲ့သော အမျိုးသမီးများအနေဖြင့် ဘဝများ၊ အသက်များကို ပေးဆပ်ကာ စစ်အာဏာရှင်အပြီးတိုင် ပျက်သုဉ်းရေးအတွက် ကျရာတာဝန်၊ နိုင်ရာဝန်ကို ထမ်းဆောင်လျက်ရှိနေသည်မှာ လေးစားဂုဏ်ပြုထိုက်ပေသည်။

ပြယုဂ်တစ်ခုအနေဖြင့် ငြိမ်းချမ်းစွာဆန္ဒပြနေသည့် ပြည်သူလူထုကို အာဏာလု အကြမ်းဖက်စစ်တပ်မှ အကြမ်းဖက်ဖြိုခွဲမှုကြောင့် ပထမဆုံး ကျဆုံးသွားခဲ့ရသူ နွေဦးတော်လှန်ရေးသူရဲကောင်းမှာ အသက် (၂၁) နှစ်သာရှိသေးသည့် နေပြည်တော်မှ

အမျိုးသမီးငယ် မမြသွဲ့သွဲ့ခိုင် ဖြစ်လာခဲ့သည်။ စစ်တပ်မှ အာဏာ စ, သိမ်းသည့်အချိန်အတွင်း နည်းမျိုးစုံ အင်အားသုံး အကြမ်းဖက်မှုကြောင့် အခြားကျဆုံးသူများရှိခဲ့သော်လည်း နွေဦးတော်လှန်ရေး လူထုဆန္ဒပြသပိတ်စစ်ကြောင်းအတွင်း ပထမဆုံး ဦးခေါင်းတည့်တည့် ပစ်ခတ်သတ်ဖြတ်ခံရသည့်အတွက် မြန်မာတပြည်လုံးမှ ပထမဆုံး နွေဦးတော်လှန်ရေး သူရဲကောင်းမလေး အဖြစ် အသိအမှတ်ပြုခဲ့ကြခြင်းဖြစ်သည်။

ထို့နောက်ပိုင်း မြန်မာနိုင်ငံအဝှမ်း အနယ်နယ်အရပ်ရပ် လူထုဆန္ဒပြသပိတ်စစ်ကြောင်းများအား အာဏာလုစစ်တပ်မှ အကြမ်းဖက်ဖြိုခွင်းရာတွင် အသက်အရွယ်အမျိုးမျိုး၊ လူတန်းစားအလွှာအသီးသီးမှ အမျိုးသမီးများ ကျဆုံးခဲ့ကြရသည်။ ရပ်ရွာလူထုကို စည်းရုံးဦးဆောင်နိုင်သူ မုံရွာမှ ဆရာမကြည်လင်အေး၊ သပိတ်စစ်ကြောင်းတွင် ပေါ်လွင်စွာ လှုပ်ရှားဦးဆောင်သူ မန္တလေးမှ ကျားရှီး ခေါ် မကြယ်စင်၊ လူထုအခြေပြုအဖွဲ့အစည်း အဖွဲ့ဝင် ချင်းအမျိုးသမီးမအားခူ၊ ကျောင်းဆရာမ ဒေါ်တင်နွဲ့ရီ၊ သူနာပြု ဆရာမ မသဉ္ဇာဟိန်း၊ တက္ကသိုလ်ကျောင်းသူ၊ စသဖြင့် ဒေသခံများနှင့် သက်ဆိုင်ရာနယ်ပယ်များတွင် စည်းရုံးဦးဆောင်နိုင်စွမ်း ရှိသူများ လူသိများထင်ရှားလာသူများအား စစ်အုပ်စုက ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထား တိုက်ခိုက်သတ်ဖြတ်ခဲ့သည်မှာ ယုံမှားသံသယ ဖြစ်စရာမလိုပေ။

ယခုအချိန်အထိလည်း ဖမ်းဆီးစဉ် အင်အားအဆမတန်သုံးစွဲ၍ သေဆုံးစေခြင်း၊ ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ ဖမ်းဆီး ချုပ်နှောင်ထားစဉ် သေဆုံးသွားခြင်း၊ ရမ်းကားပစ်ခတ်ခံရမှုကြောင့် ထိခိုက်သေဆုံးခြင်း၊ စစ်ကြောရေးတွင် ညှဉ်းပန်းနှိပ်စက်၍ သတ်ဖြတ်ခံရခြင်းနှင့် အခြားမသမာသောနည်းလမ်းများအသုံးပြု၍ လုပ်ကြံသတ်ဖြတ်ခြင်းများကို အကာအကွယ်မဲ့စွာ ခံနေကြရသည်။

ယခုနောက်ဆုံး ရွာများကိုမီးရှို့ဖျက်ဆီးခြင်း၊ နေအိမ်များနှင့် ပိုင်ဆိုင်မှုများကို ချိပ်ပိတ်ခြင်း၊ လုယက်ခြင်းနှင့် အရပ်သားပြည်သူများအား လူမဆန်စွာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများတွင် ကလေးငယ်များနှင့် အမျိုးသမီးများပါဝင်ခဲ့သလို ထိုအကြမ်းဖက်တပ်ဖွဲ့ဝင်များအား ပြည်သူ့ဘက်မှ ခုခံတွန်းလှန်တိုက်ခိုက်ရင်း ကျဆုံးသွားခဲ့ရသည့် အာဂအမျိုးသမီးသူရဲကောင်းများအထိ လေးစားဖွယ် တွေ့ရှိလာရသည်။

ထို့အပြင် အကျဉ်းထောင်များအတွင်း ဖမ်းဆီးထိန်းသိမ်းခံနေရစဉ် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများနှင့် မညီသော ဆိုးရွားလှသည့် ဖိနှိပ် အုပ်ချုပ်မှုများကို ရင်ဆိုင်နေကြရပြီး အာဏာပိုင်များ၏ အညှိုးထားညှဉ်းပန်း နှိပ်စက်ခံနေကြရသည့် အမျိုးသမီး နိုင်ငံရေး အကျဉ်းသားများလည်း ရာနှင့်ချီရှိနေသည်။

ကျဆုံးသွားရသူများနှင့်ပတ်သက်၍ လူသိရှင်ကြားထုတ်ဖော်ပြောဆိုမှုများ မပြုလုပ်ရန် မိသားစုဝင်များအား စစ်အုပ်စုက လာဘ်ထိုးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းများကိုလည်း ပြုလုပ်ခဲ့သလို အလောင်းဖျောက်ဖျက်ခြင်းနှင့် မိသားစုဝင်များကို ရုပ်အလောင်းပြန်လည်မပေးအပ်ဘဲ ၎င်းတို့အစီအစဉ်ဖြင့် သဂြိုဟ်ပစ်ခြင်းများပင် ရှိခဲ့သည်။ ထို့မျှမကဘဲ ငြိမ်းချမ်းစွာဆန္ဒပြနေစဉ် နောက်စေ့ကို သေနတ်ဖြင့်ပစ်ခတ်ခံရ၍ ကျဆုံးသွားခဲ့သူ မကြယ်စင် (ခ) ကျားရှီး၏ ရုပ်အလောင်းမြှုပ်နှံထားရာ အုတ်ဂူကို ကာယကံရှင်မိသားစုကိုအသိပေးသည်ဟုဆိုခဲ့သော်လည်း ဥပဒေနှင့်အညီမဟုတ်ပဲ စစ်အုပ်စုက ပြန်လည်တူးဖော်စစ်ဆေးမှုမျိုးကိုပင် ကျင့်ဝတ်ကင်းမဲ့စွာ ပြုလုပ်ခဲ့ကြသည်။

မိမိတို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းအနေဖြင့် စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး နွေဦးတော်လှန်ရေးကာလအတွင်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလလယ်အထိ အကြမ်းဖက်စစ်အုပ်စု၏ လက်ချက်ဖြင့် ကျဆုံးသွားခဲ့ရသူ အမျိုးသမီး (၁၀၄) ဦး (စစ်ပွဲအတွင်း ကျဆုံးသွားသူများ မပါ) ၏ နိုင်ငံရေးနောက်ခံနှင့် သေဆုံးပုံတို့ကို တတ်နိုင်သမျှ ကောက်ယူစုဆောင်းမှတ်တမ်းတင်ခဲ့ပါသည်။ ရရှိသောသတင်းအချက်အလက်များအား ထောက်ရှုခြင်းဖြင့် အာဏာလု အကြမ်းဖက်စစ်အုပ်စု၏ လူမဆန်သောရက်စက်မှုများကို တွေ့ရှိရသလို ဖက်ဒရယ်ဒီမိုကရေစီ ခရီးကြမ်းကြီးအား လျှောက်လှမ်းနေကြရသည့် ယနေ့မြန်မာနိုင်ငံ၌ အမျိုးသမီးထု၏ တိုက်ပွဲဝင် ပါဝင်လှုပ်ရှားမှုစွမ်းပကားကို လက်ခံအသိအမှတ်ပြုကြရပေမည်။

နွေဦးတော်လှန်ရေးအတွင်း ကျဆုံးခဲ့ကြရသည့် အမျိုးသမီးသူရဲကောင်းများ၏ အတ္ထုပ္ပတ္တိသည် မှတ်တမ်းတင် ဂုဏ်ယူစရာဖြစ်သလို သမိုင်းတွင် နောက်တစ်ကြိမ်ထပ်မံမဖြစ်ပေါ်လာသင့်သည့် နာကျည်းစရာ၊ ရင်နာစရာ ဖြစ်ရပ်ဆိုးကြီးဖြစ်သည်။ မတရားဖိနှိပ်အနိုင်ကျင့် စော်ကားခံနေရသည့် ပြည်သူတရပ်လုံး စစ်ကျွန်ဘဝမှ လွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေးအတွက် အသက်စွန့်၍ စစ်အာဏာရှင်ကို တွန်းလှန်ဆန့်ကျင်ခဲ့ကြသည့် စွန့်လွှတ်စွန့်စား သူရဲကောင်းအမျိုးသမီးများကို ဤအစီရင်ခံစာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။



# မမြသွဲ့သွဲ့ခိုင်

အသက် - ၂၁ နှစ်
အဖအမည် - ဦးမင်းလွင်
ကျဆုံးရက် - ဖေဖော်ဝါရီ (၁၉)ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - သပြေကုန်းအဝိုင်းအနီး၊ နေပြည်တော်။
နေရပ်လိပ်စာ - ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။

“ကျနော်တို့ဟာ လူငယ်တွေပါ၊ လူငယ်တွေမှာ အနာဂတ်ရှိတယ်”၊ အာဏာသိမ်းမှုကို လက်မခံသည့် နိုင်ငံနဲ့အဝှမ်းမှ လူထု ဆန္ဒပြပွဲများတွင် အထက်ပါကြွေးကြော်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့၏။ လူငယ်တစ်ယောက်ကိုပစ်သတ်လိုက်ခြင်းသည် အဲဒီလူငယ်၏အနာဂတ်ရော၊ အဲဒီတိုင်းပြည်၏အနာဂတ်ကိုပါ ပစ်သတ် လိုက်ခြင်းဖြစ်သည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့မှာတော့ အသက် ၂၁ နှစ်အရွယ် မိန်းကလေးတစ်ဦး ဦးခေါင်းကို သေနတ်ဖြင့် တည့်တည့်မှန်အောင် ပစ်ခတ်သတ်ဖြတ်ခံလိုက်ရတော့သည်။

ဖေဖော်ဝါရီ ပထမပတ်အတွင်းမှာပင် ထွက်ပေါ်လာသည့် စစ်တပ်မှအာဏာသိမ်းမှုကိုဆန့်ကျင်သည် လူထုဆန္ဒပြပွဲများမှာ ဒုတိယပတ်အရောက်တွင် ပိုလို့အရှိန်အဟုန်ကောင်းလာခဲ့သည်။ နိုင်ငံတဝှမ်း လှည်းနေလှေအောင်း မြင်းစောင်းမကျန် တောရောမြို့ပါ လမ်းတွေပေါ် ရောက်လာကြသည်။ လုံခြုံရေးတပ်ဖွဲ့များနှင့် ထိပ်တိုက်ရင်ဆိုင်လာကြသည်။ မသမာသောသူများနှင့် မသမာသောနည်းလမ်းများသုံးကာ သွေးထိုးလှုံ့ဆော်မှုများ ရှိခဲ့သည့်တိုင် လူထုသည် ငြိမ်းချမ်းစွာ စည်းကမ်းစနစ်ကျနစွာ အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

မြန်မာ့သမိုင်း၏ လူထုအရေးတော်ပုံကြီးများသည် အာဏာပိုင်များ၏ ပြင်းထန်ရက်စက်သော ဖိနှိပ်ချေမှုန်းမှုများတွင် ကျဆုံးခဲ့ကြရသည်ကများသည်။ အာဏာတည်မြဲရေးအတွက်စစ်တပ်သည် အင်အားကိုအသုံးပြုစမြဲ။ ပြည်သူတို့ကို သွေးမြေကျစေစမြဲ။ သွေးစွန်းနေသောလက်သည် နောက်ထပ်သွေးစွန်းရန် ဘယ်တော့မှ တွန့်ဆုတ်လေ့မရှိခဲ့။ ဒီသဘောကို သိသည့်တိုင် ၂၀၀၈ အခြေခံဥပဒေနှင့် ထိုဥပဒေအောက် ၁၀ နှစ်တာ ဒီမိုကရေစီစနစ်၏ ဥပဒေအဆောင်အယောင်တွေအပေါ် မျှော်လင့်ချက်ထားမိခဲ့ကြသည်။ ပြီးတော့ သက္ကရာဇ် ၂၀၀၀ နောက်ပိုင်း ၂၁ ရာစု ဒီကနေ့ကမ္ဘာကြီး၏ လူကြီးလူကောင်းဆန်မှုအပေါ် အားကိုးမိခဲ့ကြသည်။ စစ်တပ်ကို သမိုင်းတွင်အကျည်းတန်ခဲ့သလို မဟုတ်တော့ဘဲ ဒီမိုကရေစီနှင့် ခေတ်သစ်အသွေးအသားထဲတွင် ယဉ်ကျေးခဲ့ပြီဟု ယုံမှတ်မိခဲ့ကြသည်။

ဖေဖော်ဝါရီ ၉ ရက်နေ့မှာတော့ ထိုအရာအားလုံး စတင်ပြိုကျခဲ့ရတော့သည်။ ပြည်သူ့အင်အားကို စနစ်တကျရိုက်ချိုးရန် စီစဉ်ထားသည်ကို အလန့်တကြား သိရှိလိုက်ကြရသည်။ ရွေးချယ်ထားသည့်နေရာက သူတို့အာဏာ၏ဗဟိုချက် နေပြည်တော်။ ရွေးချယ်ထားသည့်ပစ်မှတ်က လက်ရှိဆန္ဒပြပွဲများကို ရှေ့ဆုံးမှဦးဆောင်နေသည့် လူငယ်ထုကို။ ထိုစဉ်သေနတ်သမား မျက်စေ့ထဲ လှမ်းမြင်လိုက်သည်က သူတို့စစ်အာဏာကို စိန်ခေါ်ခဲ့သည်ဟု စိတ်ဝေဒနာတစ်ခုလို စွဲကပ်အောင် အမုန်းစိတ် ထည့်သွင်းကာ အစဉ်အဆက် ရန်လိုစိတ်မွေးမြူပေးထားခံရသည့် ပါတီတစ်ခု၏အနီရောင်။

သပြေကုန်းအဝိုင်းအနီး နေပြည်တော်တောင်ညိုလမ်းမပေါ်၌ ဆန္ဒပြစစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့တို့ ထိပ်တိုက်ရင်ဆိုင်နေကြချိန်မှာ စစ်ကြောင်းအနီးက ကားဂိတ်ကလေးတစ်ခုကို အကာအကွယ်ယူရင်း ညီအမနှစ်ယောက် နောက်ကြောင်း ပြန်လှည့်လိုက်စဉ် ညီမဖြစ်သူမြသွဲ့သွဲ့ခိုင်တတစ်ယောက် ခေါက်ကနဲပစ်လဲကျသွားသည်။ ပွေ့လိုက်တော့ ဦးခေါင်းမှာ သွေးတွေရွဲလို့။ စကားမေးမရတော့။ အနီရောင်အင်္ကျီလေးမှာ သွေးရဲရဲတွေက ရွှဲနစ်လို့။ သစ်ခက်အဖူးအညွန့်ကလေးတစ်ခု အစိမ်းလိုက် အချိုးခံလိုက်ရသလို၊ အလှဆုံးလန်းစွင့်နေချိန်မှာ ခူးခြွေခံလိုက်ရတဲ့ပန်းကလေးတစ်ပွင့်လို။

၂၀၂၀ မှာ သူ့ကိုယ်ပိုင်ရွေးချယ်မှုနဲ့ နိုင်ငံသားတစ်ယောက်၏အခွင့်အရေးအတိုင်း ပထမဆုံး ဆန္ဒမဲပေးခွင့်ရခဲ့သည့် အသက် ၂၁ အရွယ် မိန်းမငယ်လေး၊ သူ့မိဘများ၏ရှုမငြီးတဲ့ချစ်သမီးလေး၊ နိုင်ငံအတွက် အနာဂတ်အညွန့်အဖူးလေး။ မီးသတ်ပိုက်က ရေဖြင့်ထိုးခဲ့လျှင် ခံနိုင်လိုခံနိုင်ငြား၊ လက်မရွံ့လုံခြုံရေးတွေနဲ့ အကြင်နာကင်းမဲ့တဲ့ နံပတ်တုတ် ရိုက်ချက်တွေက အကာအကွယ်ရလိုရငြား ဆောင်းထားသည့်ဆိုင်ကယ်ဦးထုပ်ကို ကျည်ဆံတစ်တောင့်က ဖောက်ထွင်းကာ ခေါင်းထဲထိုးခွဲဝင်သွားတာ ခံလိုက်ရရှာသည်။

ကရုဏာတရားနှင့် တာဝန်ယူ၊တာဝန်ခံမှုကြောင့် မဟုတ်သည့်တိုင် လူထုဒေါသကို အချိန်တစ်ခုအထိ ထိန်းထားလို့ရလိုရငြား အာဏာပိုင်တို့က သူ့ကိုဆေးရုံကုတင်ပေါ် တင်ပို့ကုသခဲ့သည်။ နာရီပေါင်းများစွာကြာအောင်ကြိုးစား၍ ခေါင်းထဲကကျည်ကို ထုတ်ယူဖယ်ရှားခဲ့သော်လည်း ဒေါသတကြီးဝင်ရောက်ခဲ့သည့်ကျည်က မမြသွဲ့သွဲ့ခိုင်၏ ဦးနှောက်ကို သတ်ပစ်လိုက်ပေပြီ။ အသိစိတ်ပြန်ရှင်သန်မလာတော့။ နှလုံးနှင့်ခန္ဓာကို စက်တွေဖြင့်မောင်းနှင်ခိုင်းထားသည်။ သမီးအဖြစ်ကို မရှုရက်သည့် မိသားစုက အေးချမ်းစွာအနားယူ ထွက်ခွာခွင့်ပေးရန်ဆုံးဖြတ်သော်လည်း အကြမ်းဖက်စစ်အုပ်စုက အချိန်ဆွဲထားသေးသည်။ သတင်းက တစ်နိုင်ငံလုံးကြိမ်မီးအုံးသလို ပြန့်နှံ့ခဲ့အပြီးမှာတော့ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ညမှာ မမြသွဲ့သွဲ့ခိုင် သေဆုံးပြီ ဖြစ်ကြောင်း အတည်ပြုလိုက်ကြရသည်။ ထိုအချိန်မှာ နိုင်ငံနှင့်အဝှမ်း နွေဦးတော်လှန်ရေးဆန္ဒပြပွဲများအတွင်း အတော်များများ ဆက်လက်ကျဆုံးခဲ့ကြပြီးပြီ။ နေပြည်တော်သပြေကုန်းအဝိုင်းမှ သွေးကွက်ကြီးက တစ်နိုင်ငံလုံးဆီ ပြန့်နှံ့နီရဲခဲ့လေပြီ။

“တစ်ပွင့်ခြွေရင် တစ်ပွင့်ဝေမယ် ကြွေတာကိုကပွင့်ခြင်းပဲ” ဆိုသည့် တော်လှန်ကဗျာတစ်ပိုဒ်၏ အာဘော်အတိုင်းပင်။ စစ်အာဏာရှင်ဆန့်ကျင်ရေးလမ်းမပေါ်တွင် နွေဦးသူရဲကောင်းပန်းများ ဆက်၍ဆက်၍ ဖူးကြဝေကြပေဦးမည်။

ဖေဖေါ်ဝါရီ ၂၁ ရက်နေ့ မမြသွဲ့သွဲ့ခိုင်၏ ဈာပနသို့ လိုက်ပါပို့ဆောင် ချီတက်ဂုဏ်ပြုခဲ့သည့် လူထုစစ်ကြောင်းကြီးက နွေဦးတော်လှန်ရေးအဓိဋ္ဌာန်ကို ခိုင်ခိုင်မာမာ တိတိလင်းလင်း ချမှတ်ကြေညာလိုက်ခဲ့ပြီ။ တပြည်လုံး ပွဲတင်ထပ်ခဲ့ပြီဟု မှတ်တမ်းပြုလိုက်ရပါသည်။

**ဖြစ်စဉ်အကျဉ်း**

-ဖေ ၉၊ အပစ်ခံရ၊ ခေါင်းကိုကျည်ထိမှန်၊ နေပြည်တော် ကုတင် ၁ ထောင်ဆေးရုံသို့တင်ပို့ကုသ။
-ဖေ ၁၁၊ အသက်ရှူစက်ဖြင့် အသက်ဆက်ခဲ့ရ၊ ဦးနှောက်သေဆုံးဟု အတည်ပြု။
-ဖေ ၁၅၊ မိသားစုဝင်များက အသက်ရှူစက်ဖြုတ်ရန်သဘောတူသော်လည်း အာဏာပိုင်များက ခွင့်မပြု။
-ဖေ ၁၉၊ ည ၁၁ နာရီအချိန် အသက်ရှူစက်ဖြုတ်၍ သေဆုံးကြောင်း အတည်ပြု။
-ဖေ ၂၁၊ ဈာပနအခမ်းအနားကိုကျင်းပခဲ့ရာ လူထောင်ပေါင်းများစွာ လိုက်ပါပို့ဆောင်။
-၂၀၂၁ ခုနှစ် မြန်မာပြည် စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးတွင် ပထမဆုံးကျဆုံးသည့် အမျိုးသမီးပြည်သူ့သူရဲကောင်းတစ်ဦးအဖြစ် မှတ်တမ်းတင်။

> ဒီည
> သံပုံးကို ပိုနာနာကျည်းကျည်း တီးဖြစ်တယ်၊
> ဦးနှောက်ထဲမှာ ကျည်ဆံကြီးနဲ့
> ဒီခရီးကို ခင်ဗျားတို့ သမီးသာဆို
> သွားနှင့်ပါလို့ ပြောရက်မှာလား၊
> တွေး နောက်တစ်ခါ လက်ညှိုးမကွေးခင်တွေး
> အရိုးဆွေးလည်း သွေးမအေးဘူး။
> (အေးချမ်းကိုကို)



# ဒေါ်တင်နွဲ့ရီ

အသက် - ၅၉ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဖေဖော်ဝါရီ (၂၈)ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ဆရာ၊ဆရာမသပိတ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
နေရပ်လိပ်စာ - လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

“မေမေက ထွက်ခါနီးပြောသွားတာ ငါအဖြူအစိမ်း ဝတ်သွားတယ် သူတို့ဒီလိုလုပ်မှာမဟုတ်ဘူးတဲ့”

ဖေဖော်ဝါရီ ၂၈ ရက်မနက် အိမ်ကအထွက်မှာ ဆရာမဒေါ်တင်နွဲ့ရီက သူ့သမီးကို အထက်ပါအတိုင်းပြောဆိုခဲ့သည်။ သမီးတစ်ယောက်အတွက်တော့ မွေးသမိခင်ဆီက နောက်ဆုံးကြားခဲ့ရသည့် စကားတစ်ခွန်းပဲဖြစ်သည်။

ထိုသို့နှုတ်မဆက်ခင် အမေဒီနေ့ အိမ်စောစောပြန်လာခဲ့မယ်ဟု စိုးရိမ်စိတ်ဖြင့်တားဆီးသူ သမီးကို နှစ်သိမ့်ခဲ့သေးသည်။ သို့ပေမဲ့ အမေ ကတိမတည်ခဲ့ပါ။ ထိုနေ့က ဆရာမ ဒေါ်တင်နွဲ့ရီ အိမ်ကို ပြန်မရောက်လာနိုင်တော့ပါ။

ငါတို့ အဖြူအစိမ်းနဲ့ ဆရာမတွေကို ဘယ်သူမှ ဘာမှ ဒုက္ခမပေးဘူး။ ဘေးနားက ပြည်သူတွေကလည်း ဝန်းရံပေးတယ်။ စေတနာ့ဝန်ထမ်းတွေ အများကြီးရှိတယ်ဟု ဖေဖော်ဝါရီ ၂၂ ရက် ၂ငါးလုံးဆန္ဒပြပွဲကြီးမှ အိမ်ပြန်ရောက်စဉ် ဝမ်းသာအားရဖြင့် ဝင့်ကြွားစွာပြောဆိုရင်း နွေဦးတော်လှန်ရေးအပေါ် ယုံကြည်မှုကြီးမားခဲ့သူကြီး။ ဒီတခေါက်တော့ သမီးအပေါ်ပေးခဲ့သည့် ကတိအတိုင်း မတည်နိုင်ခဲ့ပါ။

သူ့တပည့်တွေ၊ သူ့လုပ်ဖော်ကိုင်ဖက်ဆရာဆရာမတွေ သူ့ကိုနှုတ်ဆက်ဖို့ ကိုင်ဆောင်လာခဲ့သည့် အနီရောင်ဗီနိုင်းဆိုင်းဘုတ်ပေါ်မှာ ရေးထားသလိုပင်။ အာဏာရှင်စနစ်ဆိုး၏လက်အောက်က ရုန်းထွက်ခဲ့သူ၊ အမှန်တရားအတွက်ပေးဆပ်ဝံ့သူ၊ ဆရာ ဆရာမတို့၏ စံပြခေါင်းဆောင်၊ တပည့်အပေါင်းတို့၏ မီးရှူးတန်ဆောင်အဖြစ် အာဏာရှင်လူယုတ်မာတို့၏လက်ချက်ဖြင့် နွေဦးတော်လှန်ရေးတွင် အာဇာနည်သူရဲကောင်းတစ်ဦးအဖြစ် ကျဆုံးသွားခဲ့ရလေသည်။

စစ်တပ်အာဏာသိမ်းပြီး ပထမဦးဆုံး အားကောင်းမောင်းသန် စတင်ခဲ့သည်မှာ ပညာရေး၊ ကျန်းမာရေးကဏ္ဍမှ အများစု ဦးဆောင်သည့် ဝန်ထမ်းပေါင်းစုံ အာဏာဖီဆန်ရေးလှုပ်ရှားမှုပဲဖြစ်သည်။ CDM ဟုခေါ်ပြီး အာဏာသိမ်းစစ်အုပ်စုကို အရှိက်ထိစေခဲ့သည်။ CDM တွင် ပါဝင်သူ ပညာရေးဝန်ထမ်းများ၏အသံက သူတို့၏ လက်တွေ့ဘဝတွေထဲက ထွက်ပေါ်လာခြင်း ဖြစ်သည်။ နိုင်ငံရေးလှုံ့ဆော်မှုကြောင့် မဟုတ်။

ယခင်အာဏာရှင်လက်ထက်ကဲ့သို့ ကျောင်းသူ၊ ကျောင်းသားများကို မှန်ကန်သည့် လမ်းကြောင်းမပြနိုင်သည့် ဆရာ၊ ဆရာမများအဖြစ်သို့ ပြန်မရောက်လိုတော့ဟု နာနာကျင်ကျင် ပြောသူကပြောသည်။

“ကျွန်မတို့မှာ မျှော်လင့်ချက်တွေ အများကြီးရှိတယ်။ အရင်ကလိုမျိုး အားလုံးက ချုပ်ကိုင်မှုနဲ့ လမ်းလျှောက်ရမယ်ဆိုရင် ကျွန်မတို့ ကလေးတွေကို ကျွန်မတို့ ဆရာ၊ဆရာမတွေ ကိုယ်၌ကိုက ဘာလုပ်ရမယ်ဆိုတဲ့ လမ်းကြောင်းကို မချပေးနိုင်တော့ဘူး။ အဲဒီလို ချပေးနိုင်တဲ့ အခွင့်အရေးတွေ အားလုံးဆုံးရှုံးသွားတယ်လို့ ခံစားရတယ်” ဟု ကြိတ်မနိုင်ခဲမရ ဆိုသူကဆိုသည်။

ဒီမိုကရေစီခေတ်တွင် ပညာရေးစနစ် အပြောင်းအလဲဖြစ်ရန် သင်ရိုးညွှန်းတမ်းအသစ်များဖြင့် သင်ကြားရသည်မှာ ပင်ပန်းလွန်းလှသော်လည်း ဆရာမများ ပျော်ရွှင်ခဲ့ရပြီး အာဏာရှင်စနစ်တွင် ထိုအရာအားလုံး ပျက်သုဉ်းရတော့မည်အရေး မလိုလားဟု မချိတင် ကဲ ရင်ဖွင့်သူကဖွင့်သည်။

"အရင်လိုမျိုး ဒါပဲလုပ်၊ ဒါပဲကျက်၊ ဒါပဲဖြေ အဲဒီလမ်းကြောင်းကို ကျွန်မတို့ ပြန်မသွားချင်ဘူး။ အကြောက်တရားကြီးနဲ့ ကိုယ့်တပည့်တွေကို မထားခဲ့ချင်ဘူး" ဟု ဆရာတို့၏စေတနာကို ရဲရဲကြီးအန်ချသူက အန်ချသည်။

အခြေခံပညာရေး အလုပ်သမားသမဂ္ဂ၏ ထုတ်ဖော်ပြောဆိုချက်အရ အာဏာဖီဆန်ရေး CDM တွင် ပါဝင်သည့် ဆရာ/ဆရာမပေါင်း တပြည်လုံးတွင် ၄ သိန်း ၃ သောင်းဝန်းကျင်ရှိသည်ဟု သိရသည်။ အခြားဌာနဆိုင်ရာများလည်း ထိုနည်းတူ တက်တက်ကြွကြွပါဝင်ခဲ့သဖြင့် စစ်အုပ်ချုပ်ရေးယန္တရားကြီး ဖင်ထိုင်ကျမတတ်ဖြစ်နေခြင်းပင်။ သူတို့အထိနာသဖြင့် စစ်ကောင်စီအုပ်စု CDM တွေကို နိုင်ငံရေးအာဃာတကြီးမားစွာ တိုက်ခိုက်နှိပ်ကွပ်နေခြင်းဖြစ်သည်။ သို့တိုင် CDM လှုပ်ရှားမှုက မကျဆုံးခဲ့ပါ။

ဖေဖော်ဝါရီ ၂၈ ရက် မနက်မှာ ကြည့်မြင်တိုင်ရှိ ရန်ကုန်တိုင်းပညာရေးမှူးရုံးမှာ မြို့နယ်စုံက ဆရာ/ဆရာမစစ်ကြောင်းတွေ စုရုံးကြသည်။ ဝန်ထမ်းပေါင်းစုံသပိတ်ကြီးတွင် ပါဝင်ဆင်နွဲကြရန် စိတ်အားထက်သန်စွာဖြင့် ရောက်ရှိလာကြသည်။ မြို့နယ် တချို့မရောက်သေးသဖြင့် စောင့်ဆိုင်းနေစဉ် မနက် ၈ နာရီခွဲလောက်မှာ သူတို့မမျှော်တဲ့သူတွေ ပေါ်လာသည်။ စစ်ကားနှစ်စီးက ရောက်ရောက်လာချင်း ဆရာ/ဆရာမအုပ်စုကြီးကို မျက်ရည်ယိုဗုံး၊ အသံဗုံး၊ သေနတ်များဖြင့် ပစ်ခတ်လူစုခွဲတော့သည်။ ဥပဒေစည်းကမ်းများနှင့်အညီ သတိပေးခြင်း အဆင့်ဆင့်အရေးယူခြင်းတွေမရှိခဲ့။ အဖြူအစိမ်းနှင့် တည်ငြိမ်အေးချမ်းစွာစုရုံးနေသည့် ဆရာ/ဆရာမတွေကို ကျွဲအုပ်နွားအုပ်ထဲ ခွေးဝင်ဆွဲသလို ရုပ်ပျက်ဆင်းပျက် အကြမ်းဖက်ခဲ့ကြသည်။

ဆရာမ ဒေါ်တင်နွဲ့ရီမှာ အခြားလုပ်ဖော်ကိုင်ဖက်တွေအပေါ် စိုးရိမ်မှုဖြင့် အကာအကွယ်ပေးရင်း ရှောင်တိမ်းပြေးလွှားရင်း လက်မောင်းကိုကျည်မှန်ကာ လဲကျသွားသည်။ ထိတ်လန့်မောပန်းမှုဖြင့် အသက်ရှူမဝတော့။ နှလုံးကအမောဖောက်လာသည်။ ဆေးရုံပို့ရန်ကြိုးစားစဉ် ကျဆုံးသွားခဲ့ရသည်။

နှစ်ပေါင်း ၃၀ ကျော် သူ့ဘဝကိုမြှုပ်နှံထားခဲ့သည့် ပညာရေးဌာနက အနားယူခွင့်ပြုလိုက်သည်။ ဤကျောင်း ဤဌာနမှ ပညာရေးသူရဲကောင်းအဖြစ် အသိအမှတ်ပြု၍ သင်သွားလိုရာ သွားနိုင်ပြီဟု ပြန်တမ်းစကားဆိုသည့်တိုင်၊ ကျန်ရစ်သူ ခင်ပွန်းဖြစ်သူနှင့် သမီးနှစ်ယောက်ကို စိတ်ချလက်ချ ရှိချင်ရှိလိမ့်မည်။

သို့ပေမယ့် "ဆရာမကြီးရဲ့ သွေးစွန်းပေးဆပ် အနစ်နာခံမှုဟာ ကျနော်တို့ နောင်ကျန်ရစ်မယ့်လူတွေရဲ့ တိုက်ပွဲပဲဖြစ်ပါတယ်။ စစ်အာဏာ ရှင်တွေ ပြုတ်မကျမချင်း ကျနော်တို့ ဆရာ၊ ဆရာမတွေ စာသင်ခန်းထဲမဝင်ဘူး" ဆိုသည့် သူ့လုပ်ဖော်ကိုင်ဖက်တွေ၏ ကတိစကားအပေါ်တော့ နွေဦးတော်လှန်ရေး အောင်ပွဲခံသည်အထိ စောင့်ကြည့်နေလိမ့်မည်မှာကတော့ အသေအချာပဲ ဖြစ်ပါသည်။

**ဖြစ်စဉ်အကျဉ်း**

- လှိုင်သာယာမြို့နယ် ထခွဲ လ (၁၀) ကျောင်းတွင် မြန်မာစာ၊ သမိုင်းနှင့် သင်္ချာ ဘာသာရပ်များကို သင်ကြားပို့ချသည့် အလယ်တန်းပြ ဆရာမ။
- လုပ်သက် နှစ် ၃၀ ကျော်၊ ၂၀၂၁ ဒီဇင်ဘာလတွင် ပင်စင်ယူမည်။
- နိုဝင်ဘာ ၂၀၂၀၊ ၂၀၂၀ ရွေးကောက်ပွဲတွင် ပညာရေးဝန်ထမ်းတစ်ဦးအနေဖြင့် မဲရုံတာဝန် ထမ်းဆောင်ခဲ့။
- ဖေ ၁၊ စစ်အာဏာသိမ်းမှုအပြီး ပညာရေးဝန်ထမ်းတစ်ဦးအဖြစ် အာဏာဖီဆန်ရေး CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့။
- ဖေ ၂၂၊ ကွယ်လွန်သူ မောင်၏ ရက်လည်အပြီး ၂ ငါးလုံး ဆန္ဒပြပွဲတွင်စတင်ပါဝင်။
- ဖေ ၂၈၊ ရန်ကုန်တိုင်းပညာရေးမှူးရုံးရှေ့ ဖြိုခွဲမှုတွင် ကျဆုံးခဲ့။
- မတ် ၂၊ ဆရာမကြီး၏ နာရေးနှင့်ဂုဏ်ပြုအခမ်းအနားကို တားဆီးပိတ်ပင်မှုကြားကပင် လှိုင်သာယာဗိုလ်ချုပ်ကြေးရုပ်စိုက်ထူသည့် နေရာတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ထိန်ပင်သုသာန်တွင် မီးသဂြိုဟ်ခဲ့။



# မကြယ်စင် (ခ) ကျားရှီး (ခ) အိန်ဂျယ်

အသက် - ၁၉ နှစ်
အဖအမည် - အမည်စိုးစမ်းဆဲ
ကျဆုံးရက် - မတ် (၃) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ၈၄ လမ်းနှင့် လမ်း ၃၀၊ မန္တလေး။
နေရပ်လိပ်စာ - ၁၅ x ၁၆၊ ၆၅ လမ်း၊ မန္တလေးတိုင်းဒေသကြီး။

မိုးပေါ်ကိုမော့ကြည့်လိုက်တိုင်း မြင်နေရသည့်ကြယ်ကလေးများတွင် တချို့ကြယ်ကလေးများက ထိုနေရာတွင်မရှိတော့။ ရွေ့လျား သေဆုံးသွားကြပြီဟု ကြားဘူးသည်။ သို့တိုင် နှစ်ပေါင်းများစွာကြာအောင် သူတို့၏အလင်းရောင်ကို ကမ္ဘာမြေက တွေ့နေမြင်နေရ တုန်းပင်။

မန္တလေးက ၁၉ နှစ်အရွယ် သမီးကလေး ကြယ်စင်လည်း မရှိတော့ပါ။ မတ်လ ၃ ရက်နေ့က အာဏာသိမ်းစစ်တပ်၏ အကြမ်း ဖက်မှုတွင် ကျဆုံးခဲ့ရရှာပြီးပြီ။ ဂူသွင်းသင်္ဂြိုဟ်ခဲ့ရပြီးချေပြီ။ သို့တိုင် ဒီကနေ့အထိ ကြယ်စင်၏အလင်းရောင်က နွေဦးတော်လှန် ရေးကြီးတရပ်လုံးပေါ်တွင် လင်းလက်နေဆဲပင်။ အမှန်တရားနှင့်လွတ်လပ်မှုအတွက် တိုက်ပွဲဝင်နေသည့် လူငယ်ထု တရပ်လုံး ကြားတွင် ခုန်ပေါက်ပြေးလွှားနေဆဲ သူရဲကောင်းနတ်မိမယ်လေးဖြစ်နေဆဲပင်။

တကယ်ဆို ဒီအချိန်မှာ သီချင်းအသစ်တွေ သူဆိုနေရမည်မဟုတ်လား။ စင်အနှံ့မှာ သူ့ရဲ့လွတ်လပ်တဲ့ဟန်ပန်အပြည့်နဲ့ လှုပ်ရှား ဝဲပျံကခုန်နေရမည်မဟုတ်လား။ သူအိပ်မက်တွေထဲမှာ သူခမ်းနားတင့်တယ်စွာ ရှုန်းကန်အောင်ပွဲခံနေရမည် မဟုတ်လား။ ရဲတပ်ဖွဲ့ က သူတို့လက်နက်မဟုတ်ပါဘူးဟု ငြင်းဆိုခဲ့သည့် အဲယားဆော့ဖ်ဂန်းက ခဲကျည်တစ်တောင့် သူ့ခေါင်းထဲ ထိုးဖောက်မဝင်ခဲ့ဘူးဆို ရင်ပေါ့။

မခိုင်လုံသည့် တစ်ဖက်သတ်စွပ်စွဲချက်တွေကို အခြေခံကာ စတင်ခဲ့သည့် မတရားမှုကြီးထဲတွင် အမှန်တရားက အစောဆုံး သေနတ်မှန်ခဲ့သူဖြစ်သည်။ လူငယ်တွေကိုပစ်မှတ်ထား သတ်ဖြတ်ခဲ့ပြီးနောက် သက်သေအထောက်အထားတွေကို ဖျောက်ဖျက် ဖုံးကွယ်ပြီး လိမ်လည်ငြင်းဆိုမှုကို အကောင်းဆုံးကျည်ကာအင်္ကျီတစ်ထည်လို ဝတ်ဆင်ခဲ့ကြသည်။ သတင်းအချက်အလက် နည်း ပညာခေတ်ကြီးထဲ လူထုတရပ်လုံးက မျက်လုံးဒေါက်ထောက်ကြည့်နေသည့်အောက်မှာပင် မုသားနိုင်ငံတော်က အဖြူကိုအနက် ဆိုးဖို့ ကြိုးစားနေခဲ့သည်။

၁၉၉၀ အလွန်မှာ မန္တလေးကို တရုတ်တန်းဖြစ်သွားပြီဟု နှမြောတသခဲ့ကြဘူးသည်။ ၂၀၂၀ ရွေးကောက်ပွဲမှာ ပထမဆုံး မဲပေး အပြီး မင်စွန်းနေသည့်လက်သန်းကလေးကို ဂုဏ်ယူစွာထောင်ပြရင်း နိုင်ငံတော်အတွက် နိုင်ငံသားတာဝန်ကျေခဲ့ပြီဟု တရုတ်မ လေး ကြယ်စင် (ခေါ်) ကျားရှီးက ဝင့်ကြွားခဲ့သည်။ လူငယ်တွေရဲ့အိပ်မက်တွေ ရေစုန်မြောခဲ့ပြီဟု အသေအချာသိလိုက်ပြီးချိန်မှာ တော့ သူငယ်ချင်းတွေနဲ့အတူ သူလည်း လမ်းပေါ်တက်လာခဲ့သည်။

တစ်ဦးတည်းသောသမီးလေးဖြစ်သော်လည်း ချစ်လှသောအဖေဖြစ်သူက မတားရက်ခဲ့။ သူ့ယုံကြည်မှု၊ သူ့ရဲရင့်မှုကို မပျက်စီး စေ ချင်။ အိမ်ကအထွက်မှာ မိဘတစ်ယောက်ရဲ့ချစ်ခြင်းနှင့် သမီးလေးကို အနီရောင်လက်ပတ်ကလေး အသေအချာဝတ်ပေးနေသည့် ဓာတ်ပုံက မြင်သူတွေရဲ့ရင်မှာ ထိခိုက်ခဲ့ရသည်။ ဂုဏ်ယူခဲ့ကြသည်။

သူငယ်ချင်းတွေအပေါ်စိုးရိမ်တတ်သူ၊ အားပေးကူညီသူ၊ ကိုလာပုလင်းလေးကိုင်ပြီး လူအုပ်ထဲရှေ့နောက်လွန်းထိုးနေပုံက တရုတ်သမိုင်းဇာတ်ကားတွေထဲက အမျိုးသမီးစစ်သူကြီးအလား ထင်မှားရလောက်သည်။ သူ့ရဲဘော်သူငယ်ချင်းတွေကို စိုးရိမ်တကြီး အော်ဟစ်ပြောဆိုနေသည့်အသံလေးက အားမာန်အပြည့်။ နောက်တစ်ခါအထမှာတော့ သူ့ခမျာ ခွေကနဲလဲကျ သွားရှာသည်။ သွေးအိုင်ထဲကသူ့ကို သူငယ်ချင်းတွေက ဆိုင်ကယ်ပေါ်ပွေ့တင်ကာ ကြိုးစားကယ်ထုတ်ကြသည်။

ထိုနေ့က သူနဲ့အတူ အခြားလူငယ်အမျိုးသားရဲဘော်လေးတစ်ဦးတို့ နွေဦးတော်လှန်ရေးအတွက် စွန့်လွှတ်ပေးဆပ်သွားကြသည်။ မြန်မာပြည်အဝှမ်းမှာတော့ မတ်လ ၃ ရက်နေ့ တစ်ရက်တည်းမှာ လူပေါင်း (၃၀) ကျော်အသက်တွေစွန့်လွှတ်ကာ သွေးအစွန်းဆုံးနေ့ဖြစ်ခဲ့ရသည်။ တိုင်းပြည်အပေါ် ကယ်တင်ရှင်ဟန် အကြိမ်ကြိမ်ဆောင်ခဲ့သည့် လူသတ်လက်နက်ကိုင်တပ်၏ ဖက်ဆစ်စရိုက်လက္ခဏာအပြည့်ကို လူထုတရပ်လုံးလည်း မျက်ဝါးထင်ထင်မြင်လိုက်ရသည်။

ရိုးရာတွေ ယုံကြည်ကိုးကွယ်မှုတွေ လူ့ဂုဏ်သိက္ခာတွေမထောက် ကျင့်ဝတ်မဲ့စွာ၊ ပါးစပ်က ခွင့်ပြုချက်အရဆိုသော်လည်း ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် မညီစွာ၊ မိသားစုက မြတ်မြတ်နိုးနိုး မြှုပ်နှံပေးထားခဲ့သည့်အုတ်ဂူကို ညဘက်ကြီး လာရောက်ဖွင့်ဖောက်စစ်ဆေးခဲ့ကြသည်ကို တပြည်လုံးက ရွံရှာစက်ဆုပ်ခဲ့ကြသည်။ လောကကြီးမှာ လူမျိုး၊ ကိုးကွယ်သည့် ဘာသာများစွာရှိသည်။ သို့သော် လူကတော့ လူဆိုးလူကောင်း နှစ်မျိုးပဲရှိသည်။ လူမျိုးဘာသာခွဲခြား အမုန်းစကားပြောဆိုမှု မှုန်သမျှကို အမှန်တရားအတွက် အသက်စွန့်ခဲ့ကြသည့် လူကောင်းတွေက သက်သေပြခဲ့ပြီဟုဆိုရမည်။

ကြယ်စင် (ခေါ်) ကျားရှီးဆိုသည့် နွေဦးသူရဲကောင်းတရုတ်မလေးနှင့်အတူ လမ်းပေါ်ဒဏ်ရာနှင့်တရွတ်တိုက်ဆွဲခေါ်သွားခံပြီး ကျဆုံးခဲ့သည့် ရန်ကုန်မြို့က ဆေးကျောင်းသားလေး ခန့်ငြားဟိန်းတို့သည် မြန်မာပြည်သူပြည်သားအားလုံး၏ရင်ထဲမှာတော့ ဘယ်သူမွေးမွေး တို့ကလေးပဲဖြစ်သည်။ သူရဲကောင်း လူငယ်၊ ကလေးများအတွက် မြန်မာတပြည်လုံး ရင်နာကြေကွဲခဲ့ကြရသည်။ ကျဆုံးသွားသည့်နေ့က ကြယ်စင်ဝတ်ဆင်ခဲ့သည့် တီရှက်အနက်ရောင်ပေါ်ကစာတန်းလို ဒီနွေဦးသူရဲကောင်းလေးတို့ရဲ့ ပေးဆပ်မှုက ဒီတိုင်းပြည် ဒီလူမျိုးအတွက် တစ်နေ့ EVERYTHING IS WILL BE OK လာလိမ့်မှာ မလွဲ။

**ဖြစ်စဉ်အကျဉ်း**

- နိုဝင်ဘာ ၈၊ ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်မဲပေးခဲ့။
- ဖေဖော်ဝါရီ ၁၊ အင်တာနက်တွေဖြတ်ထားလို့ ဘာတွေဖြစ်နေမှန်းမသိတော့ဘူးဟု လူမှုကွန်ရက်ပေါ် ဟာသလုပ် ပြောဆို၊ ထို့နောက်ပိုင်း စစ်အာဏာသိမ်းဆန့်ကျင်သည့် လူထုဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်ခဲ့။
- ဖေဖော်ဝါရီ ၁၉၊ မြသွဲ့သွဲ့ခိုင်သေဆုံးပြီးနောက် “အိမ်ရောက်ရင် ကိုယ့်သားသမီးနဲ့ စကားပြောတဲ့အခါ အဖေ ဒီနေ့ သူများသားသမီးတစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်ခဲ့တယ်လို့ လိပ်ပြာသန့်သန့်နဲ့ ပြောရဲပါ့မလား” လို့ သူမ၏ လူမှုကွန်ရက်စာမျက်နှာပေါ်မှ မေးခွန်းထုတ်ခဲ့။
- ဖေဖော်ဝါရီ ၂၈၊ မန္တလေးတွင် အမျိုးသမီးတစ်ဦး ဦးခေါင်းသေနတ်မှန်သေဆုံးပြီးနောက် "ဒါက ငါနောက်ဆုံးပြောတာ ဖြစ်နိုင်ပါတယ်" ဟု သူငယ်ချင်းတစ်ဦးထံစာပို့။
- မတ် ၃၊ မန္တလေးမြို့ ၃၄ လမ်းနှင့် လမ်း၃၀ ထောင့် ဆန္ဒပြပွဲတွင် သေနတ်ထိမှန်ကျဆုံး။
- မတ် ၄၊ မနက် ၁၁ နာရီတွင် လမ်း ၈၀ တရုတ်ဘုံကျောင်းမှ ယူနန်တရုတ်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ်။
- မတ် ၅၊ ညနေ ၄ နာရီခွဲ မိသားစုများပြန်သွားသည့်အချိန်တွင် အာဏာပိုင်များမှ အုတ်ဂူကိုဖွင့်ဖောက်စစ်ဆေး။
- မတ် ၆၊ ကြယ်စင်ကို သေဆုံးစေခဲ့သည့်ကျည်ဆံသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှမဟုတ်ကြောင်း MRTV မှ ထုတ်ပြန် ငြင်းဆို။
- မန္တလေးမြို့ပေါက် တရုတ်နွယ်ဖွားဖြစ်သော ကြယ်စင် (ခေါ်) ကျားရှီး၏ ကျဆုံးမှုကို နိုင်ငံတကာတွင်ထုတ်ဝေသည့် တရုတ်သတင်းစာများတွင် မျက်နှာဖုံးသတင်းတစ်ခုအဖြစ် ဝေဝေဆာဆာဖော်ပြခဲ့။



# ဒေါ်မြင့်မြင့်ဇင် (ခ) ကြည်လင်အေး

အသက် - ၃၆ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၃) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မုံရွာသပိတ်၊ မုံရွာမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

"မနေ့ညက ၁၁ခွဲလောက်အထိ ရယ်ရယ်မောမောနဲ့ စိတ်နှလုံး ကြည်သာရွှင်ပျနေခဲ့တာ၊ မနက်က ထူးထူးဆန်းဆန်း ၅နာရီလောက်မှာ ဆတ်ခနဲလန့်နိုးလာတယ်၊ ပုံမှန် အစောကြီးမနိုးတတ်ဘူး။ နာရီသိဖို့ ဖုန်းကိုကြည့်တော့ တိုင်လုံးဝမပေါ်ဘူး။ ဒါနဲ့ ဖုန်းကို ရီစတက်ချပြီးပြန်အိပ် ၇နာရီခွဲနိုးလာ တိုင်ကပျောက်ဆဲ၊ ခဏပဲထင်ပြီး အာရုံမစိုက်သေးဘူး အဆောင်သစ်ဆောက်နေတဲ့ ပန်းရံတွေ လက်သမားတွေလည်း ဖုန်းလိုင်းမရတာပြောနေကြတယ်။

ဘယ်လိုင်းမှမရတာတဲ့။ ဒါနဲ့အိမ်ပြန် ခေါက်ဆွဲတွေကြော်စား TV သွားဖွင့်ကြည့်မရ။ အငယ်မက ကားသော့ဆွဲယူ ကားဆီပြေး ရေဒီယိုဖွင့် မရဘူး။ တစ်ခုခုဖြစ်နေပြီဆိုတာ သိလိုက်ပြီ။ ရင်တွေတဒိတ်ဒိတ်တုန်နေပြီ။ အမေနဲ့အဒေါ်ကတော့ အေးဆေးပဲ ခဏလိုင်းပျက်တာနေမှာပါတဲ့။

အဆောင်ပြန်ပြီး ရေနွေးအိုးတည်ပြီး ပန်းကန်တွေဆေးနေတုန်း အနောက်ဘက်အိမ်က ဦးလေးကလာပြောတယ် စစ်တပ် အာဏာသိမ်းသွားပြီတဲ့။ လက်ရှိ အမတ်၊ ဝန်ကြီးအကုန် ဖမ်းချုပ်ထားတယ်တဲ့။ ဟာကနဲ့ဖြစ် လက်သမားတွေလည်း မျက်နှာငယ်လေးတွေနဲ့ အကုန်တိတ်တဆိတ်နဲ့ ဘာမှန်းမသိတာကြီး တထိတ်ထိတ် စောင့်နေကြရတယ်။ ညနေ ၄နာရီမှ ဖုန်းလိုင်းပြန်ပွင့်တယ်။ ဒီညအိပ်လိုက်ရင် မနက်ဖန်ဘာတွေကြုံနေမလဲ တွေးမောရင်း အိပ်လို့မရဘူး ဖြစ်နေတယ်"။

ဖေဖော်ဝါရီ ၁ ရက် စစ်တပ်က အာဏာသိမ်းလိုက်သည့်နေ့ သာမန်မြန်မာပြည်သူလူထုဘဝထဲက ခံစားချက်ပုံရိပ်လေးတခုကို အထက်ပါအတိုင်း လူမှုကွန်ရက်ပေါ်မှာ ထုတ်ဖော်ရေးသားခဲ့တဲ့ အလွတ်ပညာသင်ကျောင်းဆရာမ ဒေါ်မြင့်မြင့်ဇင် (ခေါ်) ကဗျာဆရာမကြည်လင်အေးဟာ နောက် ၁ လအကြာ မတ်လ ၃ ရက်နေ့မှာတော့ အာဏာသိမ်းတပ်ရဲ့ ရက်စက်ကြမ်းကြုတ်စွာ အကြမ်းဖက်မှုအောက်မှာ ကျဆုံးခဲ့ရသည်။

သူဘာတွေလုပ်ခဲ့သလဲ၊ ဘာကြောင့်ကျဆုံးခဲ့ရသလဲဆိုတာ သမိုင်းမှာ နောင်းလူတို့သိဖို့ သူရဲကောင်းဆိုတာ ဘာလဲ။ ဘယ်သူတွေကိုခေါ်တာလဲ။ သူတို့၏ဘဝနှင့်အသက်ကို အများအတွက် ဘာကြောင့် ဘယ်လို ပေးဆပ်ခဲ့ကြသလဲ။ တရားဟောသလို လိုရာတွေဆွဲပြောဖို့မလို။ သူ့ဘဝ တစ်နေ့တာ လှုပ်ရှားမှုတွေက ရုပ်ရှင်ပြကွက်တွေလို ဇာတ်ရည်ကိုလည်စေသည်။ ဇာတ်အထွဋ်အထိပ်ကို ရောက်စေသည်။ ဇာတ်ပို့သည့် အဆုံးအထိ ကိုယ်တိုင်လိုက်ပါနိုင်ခဲ့သည်။ ဒါမှ မြန်မာပြည်ရဲ့ ကံမကောင်းအကြောင်း မလှတဲ့ အချိုးအကွေ့တစ်ခုအကြောင်း နားလည်ကြမည်။

ဒီနေ့ နည်းပညာခေတ်ရဲ့ လူမှုမီဒီယာက မိုးကောင်းကင်ပေါ်မှာ ပိတ်ကားထိုးပြသလို အားလုံးဆီ ထွင်းဖောက်ရောက်ရှိစေသည်။ သို့ဖြင့် အားလုံးနှင့်ချိတ်ဆက်ကာ တစ်ဦးချင်း၏ အတွေးအမြင်တွေ၊ ခံစားချက်တွေ၊ ဖန်တီးချက်တွေ၊ ရုန်းကန်လှုပ်ရှားမှုတွေ လူ့အဖွဲ့အစည်းကြီးထဲ ရေစီးကြောင်းကြီးတစ်ခုလို စီးဆင်းစေခဲ့သည်။

ဒီမှာ ကိုယ့်ဘဝကို မိနစ်နဲ့အမျှ တိုက်ရိုက် လိုက်ဖ်လွှင့်နိုင်ကြသည်။ ကိုယ့်သမိုင်းကို ပုံတစ်ပုံချင်း စာတစ်ကြောင်းချင်း ရေးသား တင်ဆက်နိုင်ကြသည်။

ဇာတ်ကြောင်းပြောသူမလို၊ တတိယပုဂ္ဂိုလ်မလို။ ကိုယ့်ဇာတ်ကို ကိုယ်တိုင်ခင်းခဲ့ကြသည့်အထဲတွင် ဆရာမ ဒေါ်မြင့်မြင့်ဇင် (ခေါ်) ကဗျာဆရာကြည်လင်အေးတစ်ယောက်လည်း ကြေကွဲစရာ အောင်မြင်ခဲ့သူတစ်ဦးဟု ဆိုရမည်။ သို့ဖြင့် သူ့နေ့စွဲတွေ အတိုင်း သူ့ကို မြင်ကြည့်ကြစေချင်သည်။

ဖေ ၇၊ ကိုယ်တွေက မနေ့မနက်ကတည်းက လှုပ်ရှားနေပြီ။ မနေ့ကတော့ လူစုခွဲပြီး တစ်နေရာ ၃မိနစ်နှုန်း လိုက်လှံ့ဆော်ကြတာ အဲ့အချိန်လိုင်းကပြတ်သွားပြီ လူထုက များများပါ့ပါ့မလား ရင်တထိတ်ထိတ်ပဲ။ ညနေကျ ဆိုင်ကယ်နဲ့ မြို့တစ်ပတ်ပတ်ကြတယ် စာရွက်တွေကြဲချခဲ့တယ်။ လှံ့ဆော်ကြတယ်။ ခုမနက်ကျ လူထုကကြောက်ခမန်းလိလိ စည်းလုံးလိုက်ကြတာ အားရချက်။

ဖေ ၇၊ ငါတို့က ပေါ်ပင်လုပ်နေတယ် ပြောရအောင် မုန့်ဝေတဲ့အလှည့်လည်းမဟုတ်။ မတော်ထောင်ကျရင်ကျ၊ သေနတ်ပစ်ခံရရင် သေမယ့်အလှည့်ဟဲ့။ မပူနဲ့ အရေးတော်ပုံအောင်မြင်ပြီးတာနဲ့ ငါတို့က ဘာနေရာမှ ယူဖို့စိတ်ကူးမရှိ၊ ဘာအကျိုးစီးပွားမှ လုပ်ဖို့ စိတ်ကူးမရှိဘူး။

ဖေ ၉၊ မနက်က ညောင်တပင်ဈေးနားမှာ ကျောင်းသားခေါင်းဆောင်တွေကို ရဲတွေက ဝင်ဆွဲပေမယ့် လက်ချင်းချိတ် ပူးတွဲထား ပြီး တွန်းလှန်ခဲ့လို့ အဖမ်းမခံခဲ့ရပါဘူး။ ၃ရက်ဆက် လမ်းလျှောက်ရတာ ခြေထောက်တွေ အရည်ကြည်ဖုထပြီး မထိနိုင်အောင်နာ နေလို့ မနက်ဖြန်နားပါမယ်။ နောက်ရက်မှ ဆက်ချီတက်ပါမယ်။

ဖေ ၁၁၊ ထိုင်သပိတ်က ပိုပင်ပန်းတယ် ပူတာကော ရေငတ်တာရော။ အမေကတော့ အပြန်ကျ ဒီနေ့တော့ ငါ့သမီးတွေ အိမ်ပြန် ရောက်လာရှာပြီတဲ့။

ဖေ ၁၂၊ မနက်က ကိုယ်တွေဆန္ဒပြဖို့အသွား ကန်သာယာနားက စစ်ကားတွေရပ်ထားလို့ စစ်ကားပေါ်လှမ်းအကြည့် စစ်ကားပေါ် ကစစ်သားက သေနတ်ကြီးကိုင်ပြီး မျက်ခုံးပင့်ပြုံးပြနေတယ်။ လခွမ်း အသိတွေလား၊ တပည့်များလား။ တပည့်စစ်ဗိုလ်တွေ၊ စစ်သားတွေနဲ့တော့ မတွေ့ချင်ဘူးဟယ်။ တပ်မ၁၆ထဲမှာ အခမဲ့စာသင်ပေးခဲ့တာ ၂နှစ်။ စစ်သား တပည့်တွေ၊ စစ်သား သားသမီး တွေအများကြီးပဲရယ်။

ဖေ ၁၃၊ မန္တလေး မုံရွာက CDMလုပ်နေတဲ့ဝန်ထမ်းတွေ၊ အိမ်ကနေ ခဏရှောင်နေချင်ရင် နေစရာ စားစရာ အဆင်ပြေအောင် စီစဉ် ထားပါတယ်။ ကျွန်မကို ဆက်သွယ်ပေးပါ။ နေရာကျယ်ပါတယ်၊ လုံခြုံပါတယ်။

ဖေ ၁၇၊ ဘာလို့ မိန်းကလေးတန်မယ့် ညနက်ထိ ကင်းလိုက်စောင့်ပေးနေတုန်းဆိုတော့ ယောကျ်ားသားမရှိလို့ပေါ့ဟာ။ အဖေက ကျန်းမာရေးမကောင်း၊ အဖွားအိမ်ကလည်း အဖွားနဲ့အဒေါ်အပျိုကြီးရယ် လူမမယ်ကလေးတစ်ယောက်ပဲရှိတယ်။ နှစ်အိမ်ထောင် လုံးယောကျ်ားသားမရှိလို့ အလှည့်ကျတာဝန်ယူရမယ့်အလှည့် တာဝန်ကျေချင်လို့ ထွက်စောင့်ပေးတာပေါ့။ ဒါပါပဲ။ ယောကျ်ား လေးမရှိဘူးဆိုပြီး ကိုယ့်အိမ်ကို အိပ်နေလည်း ရပါတယ်။ ကိုယ့်စေတနာပါ။

ဖေ ၂၀၊ ဆန္ဒပြလိုက်တာ ၁၅ရက်ရှိပြီ ဘယ်သူမှ မပြခင် ၆ရက်နေ့ အင်တာနက်လိုင်းတွေဖျက်တဲ့နေ့ကတည်းက ငါက လမ်း ပေါ်ထွက်နေတာမို့ ၁၅ရက်။

ဖေ ၂၅၊ ကိုယ့်ဘာကိုယ်တော့ ဖမ်းချင်ဖမ်း၊ ပစ်လို့သေချင်သေဆိုပြီး အကြောက်အလန့်မရှိ စောက်ကြောတင်းနေတဲ့ ဟာမကြီး လည်း မောင်ဖြစ်သူက ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းမှာ ပိတ်မိနေတယ်လို့ SMS ရတော့ လက်တွေတုန်လာ၊ မျက်ရည်က အလိုလိုဝိုင်းလာတော့တာပဲ။

ဖေ ၂၆၊ မုံရွာမြို့လူထုညီလာခံ (မုံရွာမြို့ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်း)

ဖေ ၂၇၊ မိတ်ဆက်၊ ဈေးမှာ ပိတ်မိ၊ ပြဿဒ်ကျောင်းမှာ ပင်မသပိတ်ကျောင်းပိတ်ဖမ်း၊ ဈေးလာဝယ်တဲ့ လူတွေကော အချဉ် ပေါင်းသည်ပါမကျန် ခွေးဆွဲ၊ သေနတ် ၅ ချက်ပစ်ဖောက်။

ဖေ ၂၈၊ ခွေးရူးဆွဲလို့ လမ်းကြိုလမ်းကြားတွေ ဝင်ပြေးနေရလည်း နောက်ရက် ထွက်နေဦးမှာပါပဲနော်။

မတ် ၁၊ ခြေလျင်တစ်တန်၊ ပြေးရင်းတစ်တန်၊ ကားတစ်တန်၊ ဆိုက်တွဲတစ်တန်၊ ဆိုင်ကယ်တစ်တန်နဲ့ ဘေးကင်းစွာ အိမ်ပြန်ရောက်လာပါပြီ။ လမ်းတစ်လျှောက် ဝှက်ပေးတဲ့အိမ်တွေ၊ စားစရာ၊ သောက်ရေ ထောက်ပံ့ပေး၊ အဆင့်ဆင့် လိုက်ပို့ပေးကြသူများ ကျေးဇူးတင်ရှိပါတယ်။

မတ် ၂၊ မနက်ကျ ပင်မသပိတ်ကြောင်းနဲ့လိုက်၊ ညနေကျ ရပ်ကွက်ထဲ ဆန္ဒပြ။ ဆန္ဒပြအဖွဲ့ကို မိန့်ခွန်းလည်း တက်ပြောခဲ့ပြီ။ CRPH ကဖွဲ့တဲ့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ထဲလည်း အရွေးခံခဲ့ရပြီ။ ငါးပိကြော်ထားဖို့နဲ့ ကော်ဖီမစ်ထုပ်စုဖို့ပဲ ကျန်တော့တယ် (ရယ်မောလျက်)

မတ် ၃၊ "ဘုရားနီလမ်း ထိပ်တိုက်တွေ့"(နောက်ဆုံးတင်သည့်စာ)

သပိတ်စစ်ကြောင်း ဗီဒီယိုဖိုင် အတိုလေး ၂ ခုတက်လာပြီးနောက် "မုံရွာ အောင်ချမ်းသာထဲက ဆရာမမြင့်မြင့်ဇင်ပါ၊ ရင်ဘတ်ကို ထိလို့စိုးရိမ်ရပါတယ်" ဆိုသည့် အခြားသူတစ်ဦး၏ သတင်းပေးချက်ကို ဖတ်ရှုရ။ "Edit ဆုံးသွားပြီဟုသိရ"။

ဒါတွေက သူ့ဖြစ်စဉ်အကျဉ်း သူ့ Time Line ကို ထုတ်နှုတ်ပြထားတာဖြစ်သည်။

ဒီမှာပင် သူ့လူမှုစာမျက်နှာလေးက ရပ်တံ့သွားပြီဟု မထင်စေချင်။ ဒီကနေ့အထိ သူ့စာမျက်နှာလေးပေါ်မှာ သူ့ကိုချစ်ခင်သူတို့၏ အလွမ်းစာတွေ၊ ပုံတွေ တစ်ရက်မပြတ် တက်နေတုန်းပင်။ နွေဦးတော်လှန်ရေး၏ သက်ရှိပြတိုက်ကလေးတစ်လုံးလို ဟုတောင် ဆိုနိုင်သည်။ အဲဒီမှာ သူ့ပုံတွေ သူ့စာတွေက ဆက်လက်ရှင်သန်လို့နေသည်။

နိဂုံးချုပ်ရလျှင် သူမကျဆုံးခင် သွေးအိုင်ထဲလဲနေတုန်း ထူလိုက်တော့ သူ့လက်မှာ သွေးအမျိုးအစားနှင့် ဖုန်းနံပတ်ကို မင်အနီဖြင့် ထင်ထင်ရှားရှားရေးထားတာ တွေ့လိုက်ရသည်။ အသက်သုံးဆယ်ကျော်ဆိုသော်လည်း နွေဦးမျိုးဆက်ပီသခဲ့သူဟု ဆိုရမည်။ မျိုးဆက်ဆိုတာ အသက်အရွယ်နဲ့ခွဲခြင်းထက် အသိ၊ ခံယူမှု၊ လုပ်ဆောင်ချက်တို့ဖြင့်ခွဲတာက ပိုလက်တွေ့ကျကြောင်း ဒေါ်မြင့်မြင့်ဇင် (ခေါ်) ဆရာမကြည်လင်အေးက သက်သေပြသွားခဲ့ပါသည်။

**ဖြစ်စဉ်အကျဉ်း**

-မတ် ၃၊ ငြိမ်းချမ်းစွာဆန္ဒပြချီတက်နေစဉ် ရင်ဘတ်ကိုကျည်ထိမှန်ကျဆုံး၊ ထိုနေ့တစ်နေ့တည်း သူအပါအဝင် ၅ ဦး သေဆုံး၊ ၃၀ နီးပါးဒဏ်ရာရ။
-မတ် ၄။ နေ့လည် ၂ နာရီမှစ၍ ကျဆုံးသူတစ်ဦးလျှင် နာရီဝက်စီခြား၍ ကျဆုံးသူ ၅ ဦးအတွက် လူထုရှာပန အခမ်းအနားကျင်းပခဲ့။

> ငါတို့က ပေါ်ပင်လုပ်နေတယ် ပြောရအောင်
> မုန့်ဝေတဲ့အလှည့်လည်းမဟုတ်
> မတော်ထောင်ကျရင်ကျ၊ သေနတ်ပစ်ခံရရင် သေမယ့်အလှည့်ဟဲ့
> မပူနဲ့ အရေးတော်ပုံအောင်မြင်ပြီးတာနဲ့
> ငါတို့က ဘာနေရာမှ ယူဖို့စိတ်ကူးမရှိ၊ ဘာအကျိုးစီးပွားမှ လုပ်ဖို့ စိတ်ကူးမရှိဘူး
> ကိုယ့်ဘာကိုယ်ဖွန်ဆက်ကြောင်နေမှာရယ်
> လိပ်ပြာသန့်တယ် တို့ရည်ရွယ်ချက်ကဖြူတယ်
> လိလိလားလားတွေ လာမပြောနဲ့
> (ဖေဖော်ဝါရီ ၇ ရက်၊ ၂၀၂၁)
>
> လမ်းခြင်းမတူ လူခြင်းဝေးရုံရှိတာပါ
> မုန်းလို့ စွန့်ပစ်ခဲ့တာမဟုတ်ပါဘူး မူကွဲလို့ လူလွဲခဲ့တာပါ။
> (ဖေဖော်ဝါရီ ၂ ရက်၊ ၂၀၂၁)



# မကျော့နန္ဒာအောင်

အသက် - ၂၆ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၃) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ပြည်ထောင်စုလမ်း၊ မုံရွာသပိတ်၊ မုံရွာမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

သူ့ကိုပွေ့ယူလိုက်တဲ့အချိန်မှာ သူ့နှုတ်ခမ်းပြာပြာလေးထဲက နောက်ဆုံးထွက်လာတဲ့ လေသံယဲ့ယဲ့နဲ့စကားလေးက "အတင်းမလုပ်ကြပါနဲ့၊ အရမ်းနာလို့ပါ" တဲ့။

ဆံနွယ်မျှင်တချို့နဲ့ ဦးခေါင်းခွံအပိုင်းအစလေးတစ်ခုက သွေးကွက်တွေထဲ ပြန့်ကျဲကျနေတဲ့အချိန် ဘယ်လောက်ခံစားခဲ့ရလိုက်ရှာလေမလဲ။ မုံရွာမြို့ ဘုရားနီသပိတ်စစ်ကြောင်းမှာ ငါတို့ခေါင်းဆောင်တွေကို ချက်ချင်းလွှတ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံနဲ့ ဗီနိုင်းကိုကိုင်ပြီးချီတက်ခဲ့တဲ့ ကွန်ပြူတာတက္ကသိုလ်ကျောင်းဆင်း ပညာတတ်မိန်းကလေးတစ်ဦးရဲ့ဦးခေါင်းကို သေသေချာချာချိန်ရွယ်ပစ်ခတ်လိုက်တဲ့ ကျည်ဆံတစ်တောင့်ဟာ အာဏာသိမ်းစစ်တပ်ရဲ့ ရက်စက်မှုကို အသံနက်ကြီးဖြင့် အော်ဟစ်ပြလိုက်သလို။ သွေးအိုင်ထဲနစ်နေတဲ့ သေနတ်ပြောင်းဝမှာ မင်းတို့လိုချင်တဲ့ နိုင်ငံတော်ဆိုတာ ဒါလား။ ဒီမိုကရေစီကိုတည့်မတ်ဖို့ အာဏာကိုထိန်းလိုက်ရပါသည်ဆိုသည့် လူသတ်သမားတွေကို လက်ညှိုးငေါက်ငေါက်ထိုးပြီး မေးလိုက်ချင်သည်။

"ကျဆုံးသည့်နေ့တွင် သူမသည် အိမ်မှမထွက်ခွာခင် ဆိုင်ကယ်စီးဦးထုပ်အပြင် လွယ်အိတ်ထဲတွင် ပတ်တီး၊ အရက်ပျံ၊ ဂွမ်းအစုံ အလင်အပါအဝင် ရော်ဘာကျည် ကာလိုကာပြား သစ်သားပြားလေးပါ သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။ ကျည်ထိသွားချိန်တွင် နဘေးရှိလူများက ရပ်ကွက်အတွင်းသို့ သယ်ဆောင်ကာ ဝင်ပြေးသွားသော်လည်း အသက်ကိုမမီလိုက်ကြောင်း သိရှိရသည်" တဲ့။ သူ့အကြောင်း ဂုဏ်ပြုမှတ်တမ်းလေးတစ်ခုမှာ ဖော်ပြထားတဲ့ ဒီစာပိုဒ်ကလေးက ကျယ်ဝန်းလွတ်လပ်သည့်အနာဂတ်တစ်ခုကို ပိုင်ဆိုင်ထားသည့် တက်သစ်စလူငယ်တစ်ဦး၏ ကြေကွဲစရာနောက်ဆုံးအချိန်ကို နင့်ကနဲ့ မြင်လိုက်ရစေသည်။

သူ့အပေါ်ချစ်ခင်သူ လေးစားဂုဏ်ပြုသူ သူငယ်ချင်းမိတ်ဆွေ ရဲဘော်ရဲဘက်များက ကျန်ရစ်သူမိခင်ကြီးကို အလှူငွေအတော်များများ ထောက်ပံ့ပေးအပ်နိုင်ခဲ့သည်။ ဒါပေမဲ့ သူချစ်သောသမီးလေးကိုတော့ ပြန်ခေါ်မပေးနိုင်ခဲ့ပါ။ ဒီအလှူငွေတွေကလည်း သမီးလေး မကျော့နန္ဒာအောင်ကို တန်ဖိုးဖြတ်ခြင်းမဟုတ်ပါ။ တကယ်တော့ မိခင်တစ်ဦးရဲ့ သမီးပဲဖြစ်ဖြစ်၊ တိုင်းပြည်ရဲ့လူငယ်တစ်ဦးပဲဖြစ်ဖြစ် အဖိုးမဖြတ်အပ်လောက်အောင် တန်ဖိုးရှိကြသည်ချည်းပင်။

ဒီလူငယ်တွေကိုမှ ရန်သူလိုသဘောထား အညှိုးတကြီးသတ်ဖြတ်နေသူတွေက အနာဂတ်မှာ ဘယ်လိုနိုင်ငံတော်မျိုးကို တည်ဆောက်ချင်ကြတာတဲ့လဲ။ လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးကို လူမျိုးတုန်းသတ်ဖြတ်သည်ဆိုတာကမှ ဖြစ်နိုင်သေးသည်။ ကိုယ့်လူမျိုးကို ကိုယ့်လူမျိုးက လူမျိုးတုန်းသတ်တာကတော့ အတော်အသိဉာဏ်ကင်းမဲ့ ရိုင်းစိုင်းလွန်းလှသည်။ သို့တိုင် မကျော့နန္ဒာအောင်တို့လို ချင်းတွင်းရေကြည်သောက်ကာ ကြီးပြင်းလာခဲ့သည် အနောက်မြောက်လွင်ပြင်မျိုးဆက်ကမူ သမိုင်းကို အခုလို အရိုင်းမခံနိုင်ခဲ့။ ဒီနေ့ စစ်ကိုင်းတိုင်းတကြောက လူထုသေနတ်ပေါက်သံတွေက မြန်မာတပြည်လုံးကို တပ်လှန့်ဦးဆောင်နေခြင်းကပင် ဂုဏ်ရောင်ပြောင်သည့် သာဓကတစ်ခုဖြစ်လေသည်။

မကျော့နန္ဒာအောင်နှင့် အခြား (၆) ဦး တစ်နေ့တည်းကျဆုံးခဲ့ရသည် ဘုရားနီလမ်းပေါ်က အုတ်တံတိုင်းတစ်ခုမှာ လာတင်သွားသည့် သွေးအလိမ်းလိမ်းနှင့် ကြွေးကြော်သံတစ်ခုလိုပင်။ “ဒီနေရာမှာ ကျဆုံးသွားတဲ့ အာဇာနည်တွေရဲ့သွေးကြွေးအတွက် ငါတို့အဆုံးအထိ တိုက်ပွဲဝင်သွားမယ်” ဆိုသည့် ကတိစကားကို ဒီနေ့နီရဲနေသည့် ချင်းတွင်းမြစ်ရေတွေက သက်သေပြနေသည်။ သို့တိုင် ချင်းတွင်းမြစ်ရေကတော့ တစ်နေ့ကြည်ရမည်ပင်။ ငြိမ်းချမ်းသော၊ ကြွယ်ဝသော၊ လွတ်လပ်သော လူထုအာဏာပိုင်စိုးသော အနောက်မြောက်လွင်ပြင်ကြီးကို တငြိမ့်ငြိမ့်ဖြတ်စီးရင်းနဲ့ပေါ့။

**ဖြစ်စဉ်အကျဉ်း**

- မုံရွာ မြဝတီရပ်ကွက် ကရုဏာလမ်းသွယ်၌နေထိုင်သူ။
- မုံရွာကွန်ပြူတာ တက္ကသိုလ်ကျောင်းဆင်း။
- ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး နွေဦးဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်။
- မတ်လ ၃ရက် မုံရွာ ဘုရားနီလမ်းသပိတ်၌ ကျဆုံး။
- မတ်လ ၅ ရက် ညနေ ၂ နာရီတွင် မုံရွာ စကျင်း(ခေါ်) မြို့မသုသာန်တွင် ဂူသွင်းသဂြိုဟ်။
- မတ်လ ၉ ရက်နေ့(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ နေအိမ်တွင် ရက်လည်ဆွမ်းသွတ်တရားနာပြုလုပ်ခဲ့။

“နင်ကတော့ ဆန္ဒပြသူအချင်းချင်းတစ်ခုခုဖြစ်ရင် လုပ်ပေးလို့ရအောင် အရက်ပြန်တို့၊ ဂွမ်းတို့ယူခဲ့ပေမယ့် နင်ဖြစ်ခဲ့တော့ အဲ့အရာတွေက နင့်ကိုမကူနိုင်ခဲ့ဘူး!
ရာဘာကျည်ဆံမှန်ရင် ခံနိုင်အောင်လို့တဲ့ လွယ်အိတ်ထဲမှာ စာအုပ်ခံတဲ့
အရာထည့်ပြီး လွယ်သွားခဲ့တာတဲ့ သူရဲကောင်းမကြီးရေ နင်သတ္တိတွေ
သိပ်ရှိလွန်းခဲ့တာပေါ့ နင့်ကိုခြောက်လှန့်ရုံပစ်ဖို့ ရာဘာကျည်မဟုတ်ဘူးဟ အစစ်တွေနဲ့နင့်
ခေါင်းကို သေစေလိုတဲ့ရည်ရွယ်ချက်နဲ့ပစ်ခဲ့တာ”

**(Jue Mae Zaw)**



# မဇူးဝင့်ဝါ

အသက် - ၁၅ နှစ်
အဖအမည် - ဦးတင်ကိုကိုဦး
ကျဆုံးရက် - မတ် (၁၄) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - တောင်ဒဂုံမြို့နယ်၊ ရန်ကုန်။
နေရပ်လိပ်စာ - တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

“သမီးသေသွားခဲ့ရင်မကယ်ပါနဲ့ သမီးကိုထားပြီးနိုင်အောင်ကြိုးစားကြပါ၊ ဒီတိုက်ပွဲအောင်ရင် သေပျော်ပါပြီ။ ကမ္ဘာမကြေဘူး” တဲ့။

၁၅ နှစ်အရွယ် ကလေးမလေးတစ်ဦးကပင် သူ့အသက်နဲ့ရင်း၍ ကမ္ဘာမကြေဘူးဟု ဟစ်ကြွေးသွားခဲ့သည်။ ထို့ကြောင့်ပင် ဒီတိုက်ပွဲက အောင်ကိုအောင်ရမည်။ သမီးလေး ဇူးဝင့်ဝါ တောင့်တခဲ့သလို ဒီတိုက်ပွဲက အောင်ကိုအောင်ရမည်။ သမီးလေး ဇူးဝင့်ဝါနဲ့အတူ နွေဦးတော်လှန်ရေးမှာ အသက်သွေးပေးဆပ်ခဲ့သူတို့ တမလွန်က တစ်နေရာကနေ ပျော်ရမည့်နေ့ ရောက်ကိုရောက်ရမည်။

မြန်မာပြည်တွင် စစ်တပ်က အကြိမ်ကြိမ် အာဏာသိမ်းခဲ့သလို လူထုကိုလည်း အကြိမ်ကြိမ်သတ်ခဲ့သည်။ ၁၉၆၂ ကျောင်းသားလှုပ်ရှားမှု၊ ဆဲဗင်းဇူလိုင်၊ ၁၉၇၄-၇၆ အလုပ်သမားအရေးအခင်း၊ မှိုင်းရာပြည့်နှင့် ဦးသန့်ဈာပန။ ၁၉၈၈ ရှစ်လေးလုံးလူထုအရေးတော်ပုံ၊ ၁၉၉၆-၉၉ ကျောင်းသားလှုပ်ရှားမှုများမှသည် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးအထိ။ ကျောင်းသားသွေး၊ အလုပ်သမားသွေး၊ လူထုသွေး၊ နောက်ဆုံး ရဟန်းသံဃာတော်တို့သွေးများအထိ သွေးတွေသွေးတွေ မြစ်မရေသို့ဟု ဆိုရမည့်အလား စဉ်ဆက်မပြတ် စီးဆင်းပေးဆပ်ခဲ့ကြရသည်။ သားသတ်သမား ဓားတဆဆ ဆိုသလို သွေးဝနေသောလက်တို့က သွေးကိုပဲငတ်မပြေကြ။ သွေးစုပ်ဖုတ်ကောင်တွေလို သူများသွေးဖြင့် သူတို့အသက်ကို ဆက်ခဲ့ကြသည်။ သို့သော် သူ့ကြွေးရှိရင် ဆပ်ရမည်ဆိုသည့် လောကဓမ္မတာက သူတို့ကို စောင့်ကြိုလို့နေသည်။

သမီးလေးဇူးဝင့်ဝါအပါအဝင် အရွယ်မရောက်သေးသည့် ကလေးသူငယ်ပေါင်းများစွာနှင့် လူပေါင်း ၂ ထောင်နီးပါးကို သတ်ဖြတ်ခဲ့မှုအတွက် သက်သေအထောက်အထားတွေက နိုင်ငံတကာခုံရုံးတွေမျက်မှောက် ရောက်ရှိခဲ့သလို လူထုခုံရုံး၊ သမိုင်းခုံရုံးကလည်း လွတ်ငြိမ်းခွင့်ပေးရန် အကြောင်းမရှိတော့။ အပြစ်ရှိသူများကို အပြစ်မစီရင်နိုင်ခဲ့သဖြင့် ဒီနေ့အထိ အပြစ်မဲ့သူများ အပြစ်ခံစားနေကြရသည့် သံသရာကို ဒီမှာပဲ အဆုံးသတ်ပစ်ကြရမည်။ သည့်အတွက်ပင် နွေဦးတော်လှန်ရေးက အကျဉ်းထောင်တွေထဲမှာ တောတွေတောင်တွေထဲမှာ လူထုထဲမှာ မဆုတ်မနစ် ရှေ့ကိုဆက်ချီတက်နေဆဲဖြစ်သည်။

၈၈ တုန်းက သမီးကလေးဝင်းမော်ဦး ကျဆုံးခဲ့သည်။ နောင်အနှစ် ၃၀ ကြာတော့ အတိတ်ဖြစ်သွားသည်။ သွေးတွေရွှဲနစ်နေသည့် ခန္ဓာကိုယ်ကလေးကို လူငယ်နှစ်ဦးက ကျည်ဆံတွေကြား အသက်လုကယ်ပြေးနေသည့် ပုံလေးတစ်ပုံပဲ ကျန်ရစ်သည်။ သူ့ကိုသတ်သည့်တရားခံကို မဖော်ထုတ်နိုင်ခဲ့။ သူ့အကြောင်းကို သူရဲကောင်းမလေးတစ်ဦးအဖြစ် သမိုင်းကျောင်းစာအုပ်တွေထဲ သင်ကြားမပေးနိုင်ခဲ့။ အတိတ်ကိုအတိတ်မှာပဲ ထားခဲ့ကြရအောင်ဟုဆိုကာ သမိုင်းအပေါ် ရိုးသားမှုကင်းမဲ့ခဲ့ကြသည်။ အခုတစ်ခါ သမီးကလေး မဇူးဝင့်ဝါ ကျဆုံးရသည်။ ၃ လကြာသည်အထိ အတိတ်မဖြစ်သေး။ ရက် ၃၀၀ ကျော်ကြာသည်အထိလည်း အတိတ်မဖြစ်နိုင်သေး။

"ကျွန်တော်က အဖေတစ်ယောက်အနေနဲ့ ဂုဏ်ယူတယ်ဗျာ။ ဒါပေမယ့် တစ်သက်မကျေဘူး၊ သမီးက ပြောတယ် ပါပါးသေရင် မျက်ရည်မကျနဲ့တဲ့" ဇူးဝင့်ဝါ၏အဖေ ဦးတင်ကိုကိုဦးက ရှိုက်ငင်ရင်းပြောရှာသည်။ ဘယ်အဖေ မငိုဘဲနေနိုင်ပါ့မလဲ။ အပျိုဖော်လေးဝင်စ၊ လှသွေးကြွယ်စ၊ စိတ်ကစားစ။ ဆယ်ဖီကလေးဆွဲလိုက်၊ တစ်တော့ကလေးဆော့လိုက်ဖြင့် ကိုယ့်မျက်စိရှေ့မှာ လိပ်ပြာလေးလို ဝဲပျံလွန်းထိုးနေရင်းက ဒီတစ်လ၊ နှစ်လလေးအတွင်းမှာ လမ်းပေါ်လက်သီးလက်မောင်းတန်းရင်း အချုပ်ထဲပါသွားလိုက်၊ ပြန်လွတ်လာတော့ ဆန္ဒပြစစ်ကြောင်းရှေ့က ဒိုင်းကာအဖွဲ့မှာ ပြေးလိုက်လွှားလိုက်၊ ထိသွားတဲ့သူကိုတက်ဆွဲလိုက်ဖြင့် ချက်ချင်းကြီး ရင့်ကျက်သွားပုံကို မင်သက်နေမိခဲ့သည်။


သူ သတိရလိုက်ချိန်မှာတော့ သမီးလေးက သူ့ရဲကောင်းမကြီးတစ်ဦးရဲ့ခရီးကို ထွက်ခွာသွားခဲ့ပြီ။ ၁၅ နှစ်လောက်သာ နေခဲ့ရသည့် လောကကြီးကို ပြည့်ပြည့်ဝဝကြီး ပေးဆပ်ထားခဲ့ပြီ။ ဘယ်အဖေ မငိုဘဲရှိပါ့မလဲ။

နောက် ၃ နှစ်အကြာမှာ၊ နောက်အနှစ် ၃၀ အကြာမှာ အတိတ်ကိုအတိတ်မှာပဲ ထားခဲ့ကြရအောင်ဟု ဆိုလာခဲ့ပြန်လျှင်၊ သမီးကလေး ဝင်းမော်ဦးကို သတိရပါ၊ သမီးကလေး ဇူးဝင့်ဝါကို သတိရပါ။ ဘယ်အဖေ မငိုဘဲ ရှိပါ့မလဲ။

**ဖြစ်စဉ်အကျဉ်း**

- နွေဦးတော်လှန်ရေး ဆန္ဒပြပွဲများတွင် တောက်လျှောက်ပါဝင်။
- မတ်လအတွင်းဖမ်းဆီးခံရ၊ အသက်မပြည့်သေး၍ ပြန်လွတ်မြောက်လာ။
- မတ် ၁၄၊ ပြန်လွတ်ပြီး တပတ်အကြာ တောင်ဒဂုံရောဝတီဘဏ်အနီးပစ်ခတ်မှုတွင် နားထင်ကိုသေနတ်မှန်၍ ကျဆုံး။
- သေဆုံးစဉ် လည်ပင်း၌ သူကိုယ်တိုင်နောက်ဆုံးရေးထားခဲ့သည်စာလေး ချိတ်ဆွဲထားသည်ကိုတွေ့ရ။

> ငါတို့ရာဇဝင်ဟာ
> သွေးချောင်းစီးနေတယ်။
> ငါတို့ခေတ်ရဲ့ အချစ်နှင်းဆီ
> သွေးသစ်လောင်းနေရတယ်။
> သမီးကလေး ဇူးဝင့်ဝါက
> လည်ပင်းမှာ သေတမ်းစာဆွဲ
> တိုက်ပွဲဝင်သွားတယ်။
> နွေဦးက
> သူ့ရဲကောင်းကို မမေ့ဘူး။
> (အောင်ဝေး)
> ဧပြီ ၂၊ ၂၀၂၁



# မပန်းမြတ်ချယ် (ခ) ဆိုမိုင်ယာဘီဘီ

အသက် - ၂၀ နှစ်
အဖအမည် - ဦးထွန်းကျော် (ခ) ဦးဖိုးချို
ကျဆုံးရက် - မတ် (၁၅) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - သုခမ္မာလမ်း၊ အနောက်ဘက်ထိပ်၊ မြင်းခြံမြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - (၃) ရပ်ကွက်၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

"အင်န်ရှာအလ္လာဟ် အလ္လာဟ်အရှင်မြတ်သခင် ရှဟီးဒီတိုင်းကို ဂျန္နသ်သွလ်ဖိရ်ဒေါင့်စ်မှာ မြင့်မားတဲ့အဆင့်အတန်း ပေးသနားတော်မူပါစေ မဂ်ဖွေရသ် ချီးမြှင့်တော်မူပါစေ။"

မြင်းခြံမြို့ရဲ့ ဆန္ဒပြပွဲတိုင်းမှာ ရဲစွမ်းသတ္တိအပြည့်နဲ့ အမြဲရှေ့ဆုံးက ပါဝင်လေ့ရှိတဲ့ အစ္စလာမ်ဘာသာဝင် အာဇာနည်သူရဲကောင်း ရှဟီးဒီ အမျိုးသမီးလေး ပန်းမြတ်ချယ် (ခေါ်) ဆိုမိုင်ယာကို နောက်ဆုံးနှုတ်ဆက်ဆုတောင်းခဲ့ကြတာပါ။ မည်သည့်လူမျိုး မည်သည့်ဘာသာဝင်ဖြစ်စေ သူရဲကောင်းတို့ဗိမာန်ကတော့ ခမ်းနားပြီး ထာဝရဖြစ်စမြဲပင်။

ခေတ်အဆက်ဆက် စစ်အစိုးရဆန့်ကျင်ရေးမှာ မြင်းခြံမြို့က ရှေ့တန်းကပါခဲ့သည် သမိုင်းမခေသည့်မြို့ဟု ပြောရမည်။ မြင်းခြံမြို့က တော်လှန်ရေးနိုင်ငံရေးခေါင်းဆောင်တွေထွက်သည်။ မြင်းခြံလူထုက နိုင်ငံရေးရေချိန်မြင့်သည်။ နွေဦးတော်လှန်ရေးမှာလည်း တက်ကြွခဲ့ကြသလို ရင်းနှီးပေးဆပ်ခဲ့ရသည့် ပြည်သူ့သူရဲကောင်းတွေများသည်။ သို့အတွက် သွေးကြွေးတွေပြန်တောင်းရင် မြင်းခြံကိုပြန်မတောင်းပန်ကြေးဟု စိန်ခေါ်ခဲ့ကြသည်။ ပစ်ရင်ပြေးမယ်၊ အေးလေ သေနတ်ကြီးနဲ့ပစ်မှတော့ ဘယ်သူက ငုတ်တုတ်ထိုင် အသေခံနိုင်ပါ့မလဲ။ တော်လှန်ရေးကိုရှေ့ဆက်ဖို့ ရှင်သန်ကြရမည်မဟုတ်လား။ ဒီနေ့မသေရင် မနက်ဖန်ပြန်လာမယ်ဟု သူတို့သံမိဌာန်က ခိုင်မာခဲ့သည်။ သေသည့်တိုင်လည်း လူထုအတွက် ရှေ့ဆုံးကပေးဆပ်ခဲ့ကြသည့် သူရဲကောင်းတွေဆိုတာကတော့ လူထုရဲ့ရင်ဘတ်ထဲ ပြန်ရောက်လာကြစမြဲပင်။

လူထုရင်ထဲမှာတော့ သူရဲကောင်းတွေဆိုတာ အားလုံးအတူတူပဲဖြစ်သည်။ ယောကျ်ားမိန်းမ၊ ကလေးလူကြီး၊ ဘာသာလူမျိုး ခွဲခြားစရာမလို။ အများအတွက် ပေးဆပ်ခဲ့သူတိုင်း အများ၏ချစ်ခြင်းမေတ္တာနှင့် ထိုက်တန်သည်ချည်းဖြစ်သည်။ ဖိနှိပ်အုပ်ချုပ်သူတွေအကြောက်ဆုံးကလည်း လူထု၏သွေးစည်းညီညွတ်သော စိတ်ဓာတ်ပဲဖြစ်သည်။ ထို့ကြောင့် ခေတ်အဆက်ဆက် သွေးခွဲအုပ်ချုပ်ခဲ့သည်။ အုပ်စုတွေ အမျိုးမျိုးကွဲပြားအောင်လုပ်ပြီး ရန်တိုက်ပေးသည်။ ဘာသာရေး လူမျိုးရေး ရှုတ်ထွေးမှုတွေဖြစ်အောင် အမြဲတမ်း ဖန်တီးခဲ့သည်။ သို့တိုင် ဘုံရန်သူက အားလုံးအပေါ် အရိပ်မဲကြီးလိုဖုံးလွှမ်းလာချိန်မှာတော့ ပြည်သူတွေမှာ အရေးကြီးတိုင်း သွေးစည်းခဲ့ကြသည်ချည်းပင်။ အခုလည်း မြင်းခြံမြို့က သပိတ်စစ်ကြောင်းမှာ ရှေ့ဆုံးကဒိုင်းကာအဖွဲ့ထဲ ရဲရဲရင့်ရင့်ပါဝင်တိုက်ပွဲဝင်ရင်း ကျဆုံးသွားရသူ အစ္စလမ်ဘာသာဝင်မလေး ပန်းမြတ်ချယ် (ခေါ်) ဆိုမိုင်ယာကို မြင်းခြံလူထုက နွေဦးသူရဲကောင်းအဖြစ် ချစ်ခင်ဂုဏ်ယူခဲ့ကြသည်။

ဖေဖော်ဝါရီ ၁ ရက်နေ့တွင် စစ်တပ်က အာဏာကိုသိမ်းယူခဲ့သည်။ သို့သော် ပြည်သူလူထုကြီးတရပ်လုံးကမူ သူတို့လွတ်လပ်ခွင့်တွေ၊ အိပ်မက်တွေ၊ အနာဂတ်တွေ၊ လူ့ဂုဏ်သိက္ခာတွေ သိမ်းဆည်းအဖျက်ဆီးခံလိုက်ရသလို ခံစားလိုက်ကြရသည်။ အားလုံးလေဟာနယ်ကြီးတစ်ခုထဲ ပြုတ်ကျသွားသလိုပင်၊ ဟာကနဲဖြစ်ခဲ့ကြသည်။ ၄ နှစ်သားလေးကို လက်ကဆုပ်ကိုင်ပြီး မိခင်တစ်ဦးအနေဖြင့် ပန်းမြတ်ချယ်လည်း တောက်လောင်ခဲ့ရသည်။ ဘယ်လိုအနာဂတ်မှာ ငါ့သားလေး ကြီးပြင်းရမှာပါလိမ့်။ ဘာမှ မသေချာမရေရာတော့။ အသက် ၂၂ နှစ်အရွယ် သားတစ်ယောက်မိခင်ကလေးမှာ သူ့အတွက်ထက် သားအတွက် ပိုလို့ပူပင်နေမိသည်။ ဒီအချိန်မှာ အာဏာသိမ်းမှုဆန့်ကျင်ရေး လူထုသပိတ်စစ်ကြောင်းထဲ ရဲရဲကြီး ခုန်ဝင်လိုက်တော့သည်။ သားအတွက် သူ့အတွက် အားလုံးအတွက် နွေဦးတော်လှန်ရေးမှတပါး အခြားမရှိ။

“ကျွန်တော်တို့အဖွဲ့ထဲမှာဆိုရင် မိန်းကလေးဆို သူ(ဆိုမိုင်ယာ)တစ်ယောက်ပဲရှိတာ။ သူကအရမ်းသွက်တယ်။ စိတ်လည်း မြန်တယ်။ ကြောက်စိတ်လည်းမရှိဘူး။ ကျနော်တို့ သူနောက်ကပဲ၊ သူ့သတ္တိကို ချီးကျူးဂုဏ်ပြုတယ်။”ဟု သူတို့ဒိုင်းကာအဖွဲ့ထဲမှ ရဲဘော်တစ်ဦးက ပြောပြသည်။

“ငါတို့ရှုံးပါတယ်။ မင်းကနိုင်ပါတယ်။ အားလုံးထဲမှာ မင်းကသတ္တိကောင်းသူပါ။ ငါတို့အလေးပြုပါတယ်။ တော်လှန်ရေးအောင်တဲ့အထိ ငါတို့ဆက်တိုက်သွားမယ်” ဆိုပြီး တော်လှန်ရေးသူငယ်ချင်းတွေက ဆိုမိုင်ယာရဲ့ နာရေးကို လိုက်ပို့စဉ် ကတိပြုပြောဆိုကြသည်။

“ကျွန်မကတော့ဂုဏ်ယူပါတယ်။ သူ့ကိုနှမြောပေမဲ့ ဂုဏ်ယူတယ်။ သူ့သားလည်း သူ့အတွက်ဂုဏ်ယူနေမှာပါ” ဟု မိခင်ဖြစ်သူ ဒေါ်သန်းရီက ငိုရှိုက်သံနဲ့ ပြောပြသည်။

တကယ်လည်း နွေဦးတော်လှန်ရေးဆိုတာ မိခင်တို့၏မျက်ရည်ဖြင့် ရေးဆွဲထားသောပန်းချီကားတစ်ချပ်ဟု ဆိုရမည်။ ဆိုမိုင်ယာလို ကိုယ်တိုင်ပေးဆပ်ခဲ့ကြသည့် အမေများကတော့ ထိုပန်းချီကားကို ဘောင်ကွပ်ထားသည့် ရွှေရေးပန်းခက်တို့နှင့်တူသည်။ အနာဂတ် ဒီတိုင်းပြည်ကြီးရဲ့ ဧည့်ခန်းဆောင်မှာ ထည်ထည်ဝါဝါ ချိတ်ဆွဲထားကြရပေလိမ့်မည်။

ကျေးဇူးတရားဆိုတာ ဂုဏ်ကျက်သရေ ကြီးမားလှသည်မဟုတ်လား။

**ဖြစ်စဉ်အကျဉ်း**

- အစ္စလာမ်ဘာသာဝင်၊ ကလေး ၁ ယောက်မိခင်။
- မြင်းခြံမြို့ သပိတ်စစ်ကြောင်းစတင်သည့်နေ့မှ သေဆုံးချိန်အထိ တစ်ရက်မပျက် ပါဝင်ခဲ့။
- သပိတ်စစ်ကြောင်းရှေ့ ဒိုင်းကာအဖွဲ့တွင် အမျိုးသားများနှင့် ရင်ဘောင်တန်းကာကွယ်ခဲ့။
- မတ်လ ၁၅ ရက်နေ့တွင် အခြားသူများအား အကာအကွယ်ပေး၍ ပြန်ဆုတ်စဉ် ဘယ်ဘက်ရင်ကို သေနတ်ကျည်ထိမှန် ကျဆုံးခဲ့။
- မိခင်ဖြစ်သူနှင့်အတူ ခင်မောင်ထွန်း (ခ) အနက်အမည်ရှိ ၄ နှစ်အရွယ် သားတစ်ဦးကျန်ရစ်ခဲ့။

“အဲ့နေ့က သူအထွက်မှာဆိုင်ကယ်လဲကျသွားတယ်။ နမိတ်လားတော့မသိဘူး။
သူ့ကိုတားလည်းမရတော့ဘူး။
သူက အရှိန်နဲ့မောင်းထွက်သွားတယ်”
(မိခင်ဖြစ်သူ ဒေါ်သန်းရီပြောပြသည့် နောက်ဆုံးမြင်ကွင်း)



# ဇွဲလီ (ခ) လျန်ဇွာလ်အီး

အသက် - ၃၅ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၂၁) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ၉၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
နေရပ်လိပ်စာ - မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်မင်္ဂလာတောင်ညွန့်မြို့နယ် ၉၁ လမ်းထဲမှာရှိသည့် WE LOVE YANGON ပရဟိတရုံးခန်းကို စစ်တပ်က ဝင်ရောက်စစ်ဆေးဖမ်းဆီးသည်။ ထိုအချိန်တွင် ထိုရုံးခန်းအပေါ်ထပ်မှ အမျိုးသမီးတစ်ဦး နောက်ဖေးလမ်းကြားထဲပြုတ်ကျကာ သေဆုံးသွားသည်။ စစ်တပ်က ထိုအလောင်းကို ကောက်ယူသွားသည်။ စစ်ဆေးရုံကို သယ်ဆောင်သွားသည်ဟုဆိုသည်။ သို့သော် ဘာကြောင့်သေဆုံးရသလဲဆိုသည့် သေမှုသေခင်း ဆေးစစ်ချက်အဖြေကို မသိကြရ။ အသက် ၃၅ နှစ်အရွယ်ရှိ ချင်း (ဇိုမီး) အမျိုးသမီးလေးမှာ သူ့ကိုယ်သူပင် ဘာအပြစ်တွေလုပ်မိပြီး လောကကြီးမှ ဘယ်လိုထွက်ခွာသွားရသည်မှန်း သိလိုက်ရှာမည်မဟုတ်။ ခေတ်ကြီးက အဲဒီလိုလွယ်သည်။ အဲဒီလိုခက်သည်။

အာဏာသိမ်းပြီးနောက်ပိုင်း သတင်းဌာနတွေ ပိတ်သိမ်းခံရသည်။ သတင်းထောက်တွေ အဖမ်းဆီး အညှဉ်းပန်းခံရသည်။ သတင်းရင်းမြစ်အသေအချာ လိုက်လံစုံစမ်းဖို့ ခက်လာသည်။ လူမှုမီဒီယာပေါ် လက်ဦးအောင်တင်သည့် သတင်းတွေကိုပဲ သတိဖြင့်စီစစ်ကာ လက်ခံလာကြရသည်။ ဒီလိုအခြေအနေကို တမင်ဖန်တီးကာ စစ်အာဏာပိုင်တွေဘက်က အမှန်တရားတွေကို ဖုံးကွယ်လာကြသည်။ အဖြူကိုအနက်လုပ်ကြသည်။ မဟုတ်မတရားစွပ်စွဲပြောဆိုမှုတွေ၊ လုပ်ကြံဇာတ်လမ်းဆင်မှုတွေဖြင့် သူတို့ကို ဆန့်ကျင်သူတွေအပေါ် နည်းအမျိုးမျိုးသုံး တိုက်ခိုက်ခဲ့သည်။

WE LOVE YANGON ဆိုတာက ကိုဗစ်ကပ်ဘေးကာလအတွင်း အောက်ခြေပြည်သူတွေကို အစွမ်းကုန်ကူညီခဲ့သည့် ပရဟိတအသင်းဖြစ်သည်။ လူသိထင်ရှားသူတွေ တက်ကြွလှုပ်ရှားသူတွေ အတော်များများပါဝင်သည်။ ပြည်သူ့အစိုးရအဖွဲ့နဲ့လည်း အများကြီးပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဒါကြောင့် အာဏာသိမ်းတပ်ရဲ့ အညိုးထားတိုက်ခိုက်ခံရသည်။ လူမှုကူညီရေး ပရဟိတလုပ်ငန်းတွေအားလုံး ရပ်ဆိုင်းလိုက်ရသည်။ CDM တွေ၊ ဆန့်ကျင်သူတွေကို ကူညီသည်ဟုစွပ်စွဲကာ မတ်လ ၂၁ ရက်တွင် ကန်တော်ကလေး ၉၁ လမ်းမှာရှိသည့် အသင်းရုံးခန်းကို စစ်တပ်က ဝင်ရောက်စီးနင်းခဲ့သည်။ သေနတ်ပစ်ဖောက်သည်။ တံခါးတွေရိုက်ချိုးပြီးဝင်သည်။

ထိုနေ့ကဖြစ်ရပ်တွင် ပြုတ်ကျပြီးသေဆုံးခဲ့သည့် ချင်းအမျိုးသမီးလေးမှာ သေနတ်သံကြောင့် ကြောက်လန့်ပြီး နောက်ဖေး အရေးပေါ်လှေကားမှပြေးဆင်းစဉ် ဆွေးမြေ့နေသည့် သံပန်းများကြောင့် ပြုတ်ကျသေဆုံးသည်ဟု ပထမသတင်းများက ဆို သည်။ ပရဟိတရုံးခန်းအား ဝင်ရောက်စီးနင်းနေကြစဉ် ဓာတ်ပုံလှမ်းရိုက်သည်ကို တွေ့သွားပြီး လိုက်လံဖမ်းဆီးသဖြင့် နောက်ဖေးပေါက်ဘက်သို့ ထွက်ပြေးစဉ် ထိုကဲ့သို့ပြုတ်ကျသေဆုံးရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ ပြုတ်ကျသေဆုံးနေသည့် ဓာတ်ပုံနှင့်အတူတက်လာသည့် သတင်းရင်းမြစ်တစ်ခုကမူ ပစ်သတ်ပြီး တွန်းချခံလိုက်ရသည်ဟု အတိအကျ ဆိုထားသည်။

ငြိမ်းချမ်းစွာ ဆန္ဒပြစဉ် ပစ်ခတ်ဖြိုခွဲခံရသည့်အတွက် ဒဏ်ရာရရှိသူများကို ထိုနေရာတွင် တိတ်တဆိတ်လာရောက် ဆေးကုသပေးနေသည့်အတွက် အခုလို အသတ်ခံရသည်ဟု ရေးကြသည်။ ဝင်ရောက်စီးနင်းပြီး အလောင်းကောက်ယူသွားသည့် စစ်တပ်ကသာ အဖြစ်မှန်ကို သိပေလိမ့်မည်။ ဘာတခုမှ အမှန်အတိုင်း ပြည်သူကိုသိခွင့်မပေးဘဲ သူတို့အလိုအတိုင်းသာ တဖက်သတ်ပြောဆိုတတ်သည့် အကြမ်းဖက်စစ်တပ်ဆီမှာ ဒီဇာတ်လမ်းက လမ်းဆုံးသွားသည်။ သူတို့အတွက်တော့ လူ့အသက်တစ်ချောင်း၏တန်ဖိုးက ကျည်ဆံတစ်တောင့်ထက် ဈေးပေါနေပေလိမ့်မည်။

ရန်ကုန်ပြည်သူတွေအတွက်ကတော့ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အကြမ်းဖက်တပ်တို့၏ ပယောဂဖြင့် အသက်ဆုံးရှုံးရသူတိုင်းမှာ စစ်အာဏာဆန့်ကျင်ရေး နွေဦးတော်လှန်ရေးအတွက် တစ်နည်းနည်းဖြင့်ပေးဆပ်သွားကြသူ ပြည်သူ့သူရဲကောင်းများပင်။

**ဖြစ်စဉ်အကျဉ်း**

- ချင်း (မီဇိုး) တိုင်းရင်းသူ၊ ကလေးမြို့တာဟန်းဇာတိ။
- နွေဦးတော်လှန်ရေး ရန်ကုန်မြို့ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့။
- မတ်လ ၂၁ တွင် တိုက်ပေါ်မှပြုတ်ကျသေဆုံး။
- မတ်လ ၂၃ တွင် ကလေးမြို့၌ သင်္ဂြိုဟ်ခဲ့။

> သူဆုံးသွားတာက တနင်္ဂနွေနေ့၊ စနေနေ့ညမှာ သူနေတဲ့ ၉၁ လမ်းမှာ စစ်တပ်က သေနတ်ဖောက်တယ်၊ ဟိုဖက်သွားလိုက် ဒီဖက်သွားလိုက်ပေါ့နော်၊ သေနတ်ဖောက်တဲ့ ဟာတွေကို သူနေတဲ့ ဝရန်တာကနေပြီး LIVE လွှင့်တာကို တွေ့လိုက်ရတယ် နောက်ဆုံးပေါ့၊ အဲ့ဒါတွေ့ကတည်းက စိတ်ထဲမှာပေါ့လေ ထိမိတာပေါ့လေနော် သူအဲ့လိုမျိုး အဲ့ပယောဂလည်း မကင်းလောက်ဘူးလို့ထင်တယ်။
> (အမဖြစ်သူ၏ပြောပြချက်)



# မခင်မျိုးချစ်

အသက် - ၇ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၂၃) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ၅၂(ဂ)၊၁၀၅x၁၀၆ လမ်း၊ မန္တလေး။
နေရပ်လိပ်စာ - ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

တိုက်တန်းနှစ်သင်္ဘောကြီးနစ်တော့ ဦးစားပေးစနစ်အရ ခရီးသည်တွေကို အသက်ကယ်လှေပေါ်ဆင်းစေသည်။ အသက်ကယ်လှေပေါ် ပထမဆုံးဆင်းခွင့်ရသည်မှာ ကလေးများနှင့် အမျိုးသမီးများပဲဖြစ်သည်။ သူဌေးသားတစ်ယောက် ကလေးတစ်ဦးကိုလုယူပွေ့ချီကာ အသက်ကယ်လှေပေါ် ဆင်းလိုက်သွားသည်။ သင်္ဘောနစ်သေဆုံးသည့်အဖြစ်က လွတ်မြောက်သွားပေမဲ့ လိပ်ပြာမလုံသည့်စိတ်ဖြင့် တသက်လုံးအရှက်ရအသက်ရှင်နေထိုင်သွားရလေတော့သည်။ ကလေးငယ်နှင့် အမျိုးသမီးတွေပြီးမှ သက်ကြီးရွယ်အို၊ မသန်စွမ်းစသည်ဖြင့် အရေးပေါ်အခြေအနေတွေမှာ အရေးတကြီးအဖြစ်အပျက်တွေမှာ အစဉ်လိုက် ဦးစားပေး ကျင့်သုံးဆက်ဆံကြရသည်။ ဒါက လူ့ဂုဏ်သိက္ခာနှင့် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုအဆင့်အတန်းကိုပြခြင်းပဲဖြစ်သည်။

လက်နက်အားကိုးဖြင့် အာဏာကိုအနိုင်ကျင့်လုယူသည့် အကြမ်းဖက်စစ်တပ်၏ ပရမ်းပတာကာလကြီးအတွင်းမှာတော့ လူ့ဂုဏ်သိက္ခာဆိုတာလည်းမရှိတော့။ မြန်မာ့လူအဖွဲ့အစည်း၏ ယဉ်ကျေးမှုအဆင့်အတန်းက ဟိုးအောက်ဆုံးအထိ ပြုတ်ကျသွားသည်။ ကလေးလည်းမသိ၊ ခွေးလည်းမသိ။ လူကြီးသူမလည်းမထား၊ မဲမဲမြင်ရာ ရန်ရှာသည်။ ဗိုလ်ကျအနိုင်ကျင့်သည်။ မတရားရမ်းကား နှိပ်စက်သတ်ဖြတ်သည်။ ဖခင်ရင်ခွင်ထဲတိုးဝင်ကာ "သမီးကြောက်တယ်ပါးပါး သမီးကြောက်တယ်" ဟု တုန်တုန် ခိုက်ခိုက်ပြောနေသည့် ၇ နှစ်အရွယ်သမီးလေးကို ဘာကြောက်တာလဲဆိုကာ လက်တကမ်းမှာတင် သေနတ်ဖြင့်ပစ်သတ်လိုက်သည်။ မျက်စိရှေ့မှောက်မှာတင် မြင်လိုက်ရသည့်မြင်ကွင်းက ရူးသွားစေနိုင်သည်။ ဒါတောင် ငိုခွင့်မရ၊ တုန်လှုပ်ခွင့်မပေး တစ်မိသားစုလုံးကို ကန်ကြောက်ရိုက်နှက်ဖမ်းဆီးသည့် လူမဆန်သည့် လုပ်ရပ်ကြီးက မတ်လ ၂၃ ရက်နေ့ညနေခင်း အောင်ပင်လယ်ရပ်ကွက်ထဲ ပွက်ပွက်ညံသွားသည့် ငရဲခန်းပဲ ဖြစ်သည်။

ထိုနေ့ညနေ ၃ နာရီ ၄၀ မိနစ်လောက်မှာ ဆိုင်ကယ်တွေနှင့် စစ်ကားအစီး ၂၀ ခန့် အောင်ပင်လယ်ရပ်ကွက်ထဲ ဝင်လာသည်။ ထို့နောက် ၇ ယောက် ၈ ယောက်တစ်ဖွဲ့စီ လမ်းတွေ အိမ်တွေထဲဝင်လာကြသည်။ တံခါးဖွင့် တံခါးဖွင့် ဟု အော်ဟစ်ကြိမ်းမောင်းရင်း အိမ်တံခါးတွေကို ဆောင့်ကန်ဖွင့်ကြသည်။ အတင်းအဓမ္မ ချိုးဖျက်ဝင်ကြသည်။ ပြည်သူ့အစိုးရလက်ထက် ဥပဒေစိုးမိုးစဉ်ကဆိုလျှင် ဒီလို တံခါးတွေကိုရိုက်ချိုးဖို့မပြောနှင့် မိမိခြံဝင်းထဲပင် မိမိသဘောမပါဘဲ အဝင်မခံကြ။ ဥပဒေ လုပ်ထုံးလုပ်နည်းတွေနှင့်အညီမဟုတ်ဘဲ ကိုယ့်အိမ်ထဲ ဘယ်သူမှကျူးကျော်ဝင်ရောက်လို့မရ။ အာဏာသိမ်းကာစ ဖမ်းဆီးရန်လာသည့်တပ်ဖွဲ့ဝင်တွေကို မိသားစုတွေက ဥပဒေနည်းလမ်းတွေအတိုင်း တားမြစ်ကာကွယ်ခဲ့ကြတာတွေ ရှိခဲ့သေးသည်။ ဒါကို လက်မှတ်ကလေးတစ်ချက်ထိုးရုံဖြင့် ထိုဥပဒေအားလုံး သူတို့စိတ်ကြိုက်ဖြစ်သွားအောင် လူထုကို အကာအကွယ်မဲ့သွားအောင် အာဏာလုစစ်ခေါင်းဆောင်က အမိန့်တွေထုတ်ပြန်လိုက်သည်။ သည်တော့ အောက်ခြေက စိတ်ကြိုက်ရမ်းကားတော့သည်။ အိမ်ပေါ်တက်ပြီး အဖေ့ရင်ခွင်ထဲက ၇ နှစ်သမီးကလေးကို ဘာအကြောင်းပြချက်မှမရှိဘဲ ပစ်သတ်လိုက်သည်။

၁၉ နှစ်အရွယ်သားဖြစ်သူကိုလည်း ရိုက်နှက်ကန်ကြောက်ပြီး တရွတ်တိုက်ဖမ်းခေါ်သွားသည်။ သေသွားသည့်ကလေးကို ပိုက်ကာ အဖေဖြစ်သူကို လိုက်ခဲ့ဖို့ခိုင်းသည်။ လမ်းထဲမှာ ရပ်ကွက်ထဲမှာ ကမ္ဘာပျက်နေသည်။ တွေ့သမျှ ယောကျ်ားလေး အကုန်လိုက်ဖမ်းသည်။ ပြေးသူတဲ့သူကပြေးတော့ မဲမဲမြင်ရာ ပစ်ခတ်ဖမ်းဆီးသည်။ ကံကောင်းထောက်မစွာ အသက်မဲ့ သမီးခန္ဓာလေးကိုပိုက်ပြီး ဖခင်ဖြစ်သူက အားကိုးအားထားရာ ဆေးရုံကိုပြေးသည်။ ဒါကိုပင် ညဘက် သုံးလေးခါလောက် အိမ်ကိုမွှေနှောက်လာရှာကြသေးသည်။ တစ်အိမ်လုံးဘယ်သူမှမနေရဲကြ။ တစ်ညလုံး ဘေးလွတ်ရာရှောင်နေခဲ့ကြရသည်။

သူတို့လုပ်ရပ်ကိုဖျောက်ဖျက်ဖို့ ကလေးအလောင်းကို အချိန်မရွေးလာလုနိုင်သည်မဟုတ်လား။ နောက်တစ်နေ့မနက် ဘယ်သူမှမသိခင် အေးရိပ်ငြိမ်သုသာန်မှာ ဒဖွာနာလုပ် သင်္ဂြိုဟ်လိုက်ကြရသည်။ ရင်သွေးအတွက် ကျယ်ကျယ်တောင် ငိုခွင့်မရခဲ့သည်ဘဝများက အကျည်းတန်လွန်းလှသည်။

ထိုနေ့က ကျောင်းပိတ်ချိန် ကျောက်သွေးရုံမှာအလုပ်လုပ်ကာ မိဘကိုလုပ်ကျွေးနေသူ ၁၄ နှစ်အရွယ် လူငယ်လေးတစ်ဦးကိုလည်း ဘာမဆိုင်ညာမဆို သူ့အိမ်ပေါက်ဝမှာ ပစ်သတ်သွားသည်။ ထိုကာလအထိ သေဆုံးသူတွေထဲမှာ အသက်မပြည့်သေးသည့် ကလေးအနည်းဆုံးအယောက် (၂၀) ကျော်ပါတယ်ဟု နိုင်ငံတကာကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ SAVE THE CHILDREN အဖွဲ့က ထုတ်ပြန်ခဲ့သည်။


သည်လိုရမ်းကားမှုများအတွက် လူထုကိုအကာအကွယ်မဲ့သွားအောင် ဥပဒေတွေကို သူလိုသလိုပြင်ဆင်ထုတ်ပြန်ခဲ့သည့် စစ်အာဏာလုခေါင်းဆောင်မှာ လုံးဝတာဝန်ရှိသည်။ အိမ်ထဲဝင်လာပြီး လူတွေအားလုံးကို သေနတ်နဲ့ထိုးချိန် စိတ်ကြိုက်ရိုက်နှက်ကန်ကျောက် စိတ်မထင်သလို ရမ်းကားပစ်ခတ်သွားကြသည် မျက်နှာတွေနီမြန်း ဖောင်းကားနေသည့် အောက်ခြေက အဆင့်ဆင့်သော ပါးကွက်အာဏာသား စစ်အကြမ်းဖက်သမားများလည်း ထိုဥပဒေ ချိုးဖောက်မှုများအတွက် လွတ်ငြိမ်းဖွယ်ရာမရှိ။

တာဝန်ပေးလို့လုပ်ရတာပါဆိုသည့်စကားကို လူသတ်လိုင်စင်လိုသုံးစွဲခဲ့ကြသူများအတွက် တရားဥပဒေစိုးမိုး၍ ယဉ်ကျေးသောလူ့အဖွဲ့အစည်းတစ်ခုကို ပြန်လည်တည်ဆောက်ကြသည့်အခါ သူ့ကြွေးရှိက ဆပ်ကြရပေလိမ့်မည်။

**ဖြစ်စဉ်အကျဉ်း**

- ညီအကိုမောင်နှမ ၈ ဦးအနက် အငယ်ဆုံး၊ အစ္စလမ်ဘာသာဝင်မိသားစုမှမွေးဖွား။
- ၂၃ ရက်နေ့ညနေ၄ နာရီတွင် ဖခင်ရင်ခွင်ထဲ ဝင်ပုန်းနေစဉ် သေနတ်ဖြင့် အနီးကပ်ပစ်သတ်ခံရ။
- ၂၄ မတ်၊ မနက်တွင် အေးရိပ်ငြိမ်သုသာန်၌ သင်္ဂြိုဟ် (ဒဖွာနာ) ခဲ့။

ခွဲစိတ်ဆရာဝန်ဘဝ ဒုတိယအကြိမ် မျက်ရည်ကျရသောနေ့။ အခုမှအသက် ၇ နှစ်လေးပဲရှိသေးတဲ့ကလေးလေးကိုဘယ်လိုနှလုံးသားနဲ့များ ပစ်သတ်ရက်တာလဲဗျာ။ အိမ်ထဲမှာနေနေတဲ့ကလေးလေးကို ဝင်ပစ်သတ်ရက်လောက်အောင်ကို လူစိတ်မဲ့နေကြပြီ။ အသက်မပါလာတဲ့ကလေးလေး ကိုယ့်ဆီရောက်လာတဲ့အချိန်မှာ လူရိုင်းလူမိုက်လို့ ကိုယ့်ဆရာတွေက သတ်မှတ်တာခံခဲ့ရတဲ့ ခွဲစိတ်ဆရာဝန်လူကြမ်းကြီးကျွန်တော်ဟာ လူတွေမမြင်အောင် မျက်ရည်စတွေထိန်းခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။
(ဆေးရုံတာဝန်ကျဆရာဝန်တစ်ဦး)



# မအေးမြတ်သူ

အသက် - ၁၁ နှစ်
အဖအမည် - ဦးစိုးဦး
ကျဆုံးရက် - မတ် (၂၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
နေရပ်လိပ်စာ - မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။

ကလေးတစ်ယောက်ဟာ ကိုယ့်အိမ်ခြံဝန်းထဲမှာတောင် လွတ်လွတ်လပ်လပ် ပြေးလွှားဆော့ကစားခွင့်မရှိဘူးလား။ ခြံပေါက်ဝဘက် ခဏထွက်ကြည့်မိရုံနဲ့ သိပ်ချစ် သိပ်ပျော်စရာကောင်းတဲ့ဖေဖေ၊ မေမေနဲ့ အကိုအမတွေနဲ့မိသားစုလေးကို ထာဝရထားပစ်ခဲ့ရပြီး ဟိုးအဝေးကိုဘယ်မှန်းမသိကို ထွက်ခွာသွားရလိမ့်မယ်လို့ သူ ဘယ်တွေးမိခဲ့ပါ့မလဲ။ သူဆွဲခဲ့တဲ့ နတ်သမီးရုပ်ပုံလေးလို သူ့မှာ နတ်သမီးတစ်ပါးရဲ့ ဝတ်ရုံတောင်ပံသာရှိရင်၊ တလက်လက်လင်းပြီး လိုရာကိုဖန်ဆင်းနိုင်တဲ့ ကြယ်ပွင့်မှော်တုတ်တံလေးသာရှိရင် သူ့ခြံဝန်းထဲက စက္ကူပုန်းရုံတွေနားမှာ သမီးကလေး မအေးမြတ်သူ တဝဲဝဲလည်လည် ပျံသန်းနေရှာမှာလို့ မြင်ယောင်ကြည့်လိုက်ပါ။ ၂၀၂၁ ဖေဖော်ဝါရီမှာစတင်ခဲ့တဲ့ နိုင်ငံတော်အဆင့် အသဲကွဲမှုကြီးဟာ အဲဒီလို အမိအဖအပေါင်းတို့ရဲ့မျက်ရည်တွေနဲ့ ဆို့နစ်ခဲ့ရပါတယ်။

ထိုနေ့က မတ်လ ၂၇ ရက် သမိုင်းဝင်တော်လှန်ရေးနေ့ဖြစ်သည်။ စစ်တပ်ကတော့ တပ်မတော်နေ့ဟု သူတို့ပိုင်နေ့အဖြစ် အပိုင်သိမ်းခဲ့သည်။ ပြည်သူလူထုကတော့ ဖက်ဆစ်တော်လှန်ရေးနေ့အဖြစ် သမိုင်းအမှန်ကိုပဲ လက်ခံကြသည်။ အခုတော့ ၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်မှာ တတိုင်းတတိုင်းပြည်လုံး စစ်အာဏာရှင်ကိုဆန့်ကျင်တော်လှန်ရင်း သွေးချောင်းစီးခဲ့ရသည်မို့ ဖက်ဆစ်တော်လှန်ရေးနေ့ဆိုသည့်အမည်နာမက ပိုလို့အဓိပ္ပါယ်လေးနက်ခဲ့ရသည်ဟုဆိုရမည်။ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် နွေဦးတော်လှန်ရေး သပိတ်မှောက်လူထုကို စစ်တပ်က နိုင်ငံအနှံ့ ပစ်ခတ်ဖြိုခွဲခဲ့ရာ ထိုနေ့တစ်နေ့တည်းမှာပင် ပြည်သူ (၁၅၈) ဦးကို ပစ်သတ်ခဲ့သည်။ ထိုအထဲတွင် အရွယ်မရောက်သေးသူ ကလေးငယ် ၁၇ ဦးအထိ ပါဝင်ခဲ့သည်။

မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်းဘက်တွင်လည်း ထိုနေ့ညနေပိုင်းက ကမ္ဘာပျက်ခဲ့ကြရသည်။ ဖိနှိပ်ရမ်းကားသည့်စစ်အုပ်စုက ယူနီဖောင်းနဲ့ရော အရပ်ဝတ်တွေနဲ့ပါ သေနတ်တကားကားဖြင့် ရပ်ကွက်တွေလမ်းတွေထဲဝင်ကာ မဲမဲမြင်ရာ ရမ်းကားပစ်ခတ်ခဲ့ကြသည်။ လူထုကို အပျင်းပြေလက်တည့်စမ်းစရာ ကြက်ကလေး၊ ငှက်ကလေးတွေလို သဘောထားခဲ့ကြသည်။ သူ့အိမ်ခြံဝန်းအဝကို ကလေးတို့ဘာသာဘာဝ စူးစမ်းလိုသည့်မျက်လုံးဝိုင်းဝိုင်းကလေးတွေဖြင့် ထွက်ကြည့်မိသည့် အသက် ၁၁ နှစ်အရွယ် သမီးကလေး မအေးမြတ်သူတစ်ယောက် ခေါင်းကိုတည့်တည့် ချိန်ရွယ်ပစ်ခတ်ခံလိုက်ရသည်။

သမီးကလေး လဲကျသွားတာမြင်၍ ချော်များလဲလေသလားဟု စိုးရိမ်စိတ်နဲ့ပြေးထွက်လာပြီး ပွေ့ချီလိုက်သည် အဖေလုပ်သူမှာ ပျော့ခွေနေသည့်သမီလေးနှင့် အိုင်ထွန်းနေသောသွေးကွက်ကြီးကိုကြည့်ကာ ဘာမှနားမလည်နိုင်တော့။ ဘယ်လိုကြမ္မာဆိုးနဲ့ သမီးကလေး တိုးမိလိုက်တာလဲ။ ဘယ်မကောင်းဆိုးဝါးတွေက သမီးကလေးကို အခုလို လူမဆန်စွာလုပ်ရက်ခဲ့ကြတာလဲ။ မေးခွန်းတွေဖြင့် မျက်ရည်ပူတွေကြား တောက်လောင်နေမိတော့သည်။ နောက်တစ်နာရီခန့်အကြာ နေဝင်ချိန်မှာတော့ သမီးကလေး အေးမြတ်သူတစ်ယောက် ချစ်သောမိသားစုကို နှုတ်ဆက်ထွက်ခွာသွားလေတော့သည်။


"သူဟာ အပြစ်မရှိတဲ့ကလေး၊ ကြင်နာတတ်တဲ့ကလေး။ ကျွန်တော်တို့ရဲ့ အမြတ်နိုးဆုံးကလေးပါ။" မိသားစုဝင်တစ်ဦးက ယူကျုံးမရစွာ ပြောပြရှာသည်။ "သမီးကိုသတ်သွားတဲ့ စစ်သားတွေကို ပြန်ကလဲ့စားချေနိုင်စွမ်း ကျွန်မမှာ မရှိပါဘူး။ ဒါပေမဲ့ သူတို့အလုပ်တွေ မြန်မြန်ပြန်ရောက်ပါစေလို ဆုတောင်းပါတယ်" ဟု အမေလုပ်သူက မချိတင်ကဲ အားခဲပြောဆိုသည်။ ထို့နောက်တော့ သူနှစ်သက်မြတ်နိုးသည့် အရုပ်ကလေးတွေ ကစားစရာလေးတွေကို စပယ်ပန်းတွေဖြင့်ဖုံးလွှမ်းထားသည့် သက်မဲ့ခန္ဓာကိုယ်လေးနှင့်အတူထည့်သွင်းပြီး၊ နှမြောဝမ်းနည်းစွာလိုက်ပါပို့ဆောင်သည့် မိဘပြည်သူတွေရှေ့မှောက်မှာ မီးသဂြိုဟ်လိုက်ကြသည်။

ကျယ်ဝန်းလွတ်လပ်တဲ့ အပြာရောင်မိုးကောင်းကင်ပေါ် ဝေ့ဝဲလူးလွင့်တက်သွားသည့် မီးခိုးငွေ့ လေးတွေကို မျက်စေ့တဆုံးလိုက်ပါ ငေးမျှော်ရင်း ဖိနှိပ်ရမ်းကားသူတွေကင်းဝေးရာမှာ ဘေးကင်းပျော်ရွှင်မှာပါလို့ပဲ ကျန်ရစ်ခဲ့သူတို့မှာ ဖြေသိမ့်နေလိုက်ကြတော့ သည်။ သူတို့မှာသာ မလုံခြုံသည့်အိမ်တွေဆီ ပြန်၍နေထိုင်ရင်း မသေချာသည့်နေ့တွေကို တစ်ရက်ချင်းနေထိုင်ကုန်ဆုံးရသည့် ဘဝက ဘယ်တော့လွတ်မြောက်ကြရမယ်မှန်း မသိ။

မတရားဖိနှိပ်သူတို့ တစ်နေ့ကျဆုံးကြရစမြဲဆိုသည့် နွေဦးတေးကိုဆိုရင်း သမိုင်းလှည်းဘီးကို ပြိုင်တူတွန်းကြရပေဦးမည်။

**ဖြစ်စဉ်အကျဉ်း**

- သွေးချင်းမောင်နှမ ၅ ယောက်တွင် စတုတ္ထမြောက်သမီးဖြစ်။
- အ.ထ.က (သုခဝတီ) ကျောင်းမှ စတုတ္ထတန်းအောင်မြင်ပြီးသည့် ကျောင်းသူတစ်ဦးလည်းဖြစ်။
- မတ် ၂၇ တွင် ဦးခေါင်းကိုကျည်ထိမှန်ကျဆုံး။
- မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းသုသာန်တွင် သင်္ဂြိုလ်ခဲ့။





# မဇင်မာအောင် (ခ) ဇင်ပု

အသက် - ၂၄ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၂၈) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ဇော် အိမ်ဆောက်ပစ္စည်းဆိုင်ရှေ့၊ မြင်းခြံမြို့နယ်။
နေရပ်လိပ်စာ - မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

"မင်းတို့ကငါတို့ကို
မေ့မြုပ်ဖို့ ကြိုးစားနေတာကိုး
ငါတို့က သစ်စေ့တွေဆိုတာ
မင်းတို့မသိဘူး"

မကွေးတိုင်းတစ်နေရာတွင် မဇင်မာအောင်အတွက် ရည်စူးပြီး ဇွန်ပန်းပင်လေးတစ်ပင်စိုက်ပျိုးပေးခဲ့သူတစ်ဦးက ရေးသားထားခဲ့သည့် ကဗျာလေးဖြစ်သည်။ တကယ်တော့ သစ်စေ့ကလေးတစ်စေ့ဆိုတာဟာလည်း တောအုပ်ကြီးတစ်အုပ်ဖြစ်လာနိုင်တယ်ဆိုတာ လူ့သမိုင်းမှာ သက်သေအများအပြား ရှိဖူးပြီးသားဖြစ်သည်။ ရိုးရှင်းနှစ်လိုဖွယ်အပြုံးကလေးဖြင့် အေးချမ်းသည့်မျက်နှာလေးကြောင့် အများက ဇင်ပုဟု ချစ်စနိုးခေါ်သည့် ဒီသူရဲကောင်းမလေး၏ပေးဆပ်မှုက မြင်းခြံတစ်မြို့လုံးရဲ့ရင်ထဲမှာ နာကျင်စွဲနစ်ကျန်ရစ်ခဲ့သည်။ သူတို့ရင်ထဲက ဒီသစ်စေ့လေးက တစ်နေ့ အပင်ပေါက်ဦးမှာ၊ အပွင့်တွေပွင့်ဝေဦးမှာ သေချာလှသည်။ တစ်တိုင်းတစ်ပြည်လုံး ဇွန်ပန်းနံ့ဖြင့် မွှေးကြိုင်လာသည့်နေ့ရောက်လျှင်တော့ ဇင်မာအောင် ဇွန်ပန်းကလေးဖြစ်သွားပြီဟု ကြည်ကြည်နူးနူး ပြည့်ပြည့်ဝဝ နွေဦးပေါက်လိုက်ကြဖို့ပဲမဟုတ်လား။

မြန်မာ့ထုံးတမ်းအရ သေသူကို ဘဝကူးဖြောင့်အောင် သံဃာတော်တို့က သရဏဂုံတင်ပေးရသည်။ ထို့ကြောင့် အသက်ကိုပင် ပဓာနမထားဟု ဆိုသူတို့က ကိုယ့်ကိုယ်ကိုယ် သရဏဂုံတင်ပြီးသားဟု ဆိုတတ်ကြသည်။ နွေဦးတော်လှန်ရေးမျိုးဆက်တို့ရဲ့ သရဏဂုံတင်နည်းကတော့ ဘာသာရေးဘက်မနွယ်။ ဆန္ဒပြဖို့ အိမ်မှ ထွက်လာကတည်းက လက်မှာ သွေးအမျိုးအစား၊ ဖုန်းနံပတ်ရေးလာကြသည်။ တချို့က သူတို့ပြောချင်သည့် နောက်ဆုံးစကားတွေကို စာဖြင့်ရေးကာ လည်မှာဆွဲလာကြသည်။ အစွဲကြီးသူ လူကြီးသူမတို့ကမူ မဦးမချွတ်ဟု ဆိုချင်ဆိုကြမည်။ လူငယ်တွေကတော့ အစွဲကင်းသည်။ စိတ်ရှင်းသည်။

ကိုးရီးယားမင်းသားမင်းသမီးပုံလေးတွေတင်လိုက်၊ အလှပုံလေးတွေရိုက်လိုက်၊ ပေါ့ပေါ့ပါးပါးဗီဒီယိုလေးတွေ ဖွင့်ကြည့်လိုက်၊ နှစ်သက်ရာသီချင်းကလေး နားထောင်လိုက်၊ သူငယ်ချင်းတွေကို စလိုက်နောက်လိုက်ဖြင့် ဘဝထိုထိုမှာ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ပါဟု ဆိုခဲ့သူ မဇင်မာအောင်ကတော့ နွေဦးတော်လှန်ရေးအတွက် လမ်းပေါ်တက်ပြီဆိုကတည်းက မတော်လို့ သူသေသွားခဲ့ရင်တောင် သူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို လိုအပ်သူတွေအတွက် လှူဒါန်းခဲ့ပါကြောင်း  တပါတည်း ရေးတင်ထားခဲ့သည်။ ဖတ်လိုက်ရတဲ့သူမှာ တခါတည်း ကြက်သီးမွေးညှင်းပါထကျန်ခဲ့သည်။ ဒီလိုလူငယ်တွေ တိုက်ခဲ့တဲ့၊ ပေးဆပ်ခဲ့တဲ့ပွဲ မနိုင်ဘဲရှိပါ့မလား။ သစ်စေ့တွေ ဒီလောက်များမှတော့ နွေဦးက တောအုပ်ကြီးတစ်အုပ် ဖြစ်မလာဘဲရှိပါ့မလား။ ဇင်မာအောင်ဆိုတဲ့ ဇွန်ပန်းကလေးက မမွှေးမပျံ့ဘဲ နေပါ့မလား။

ဇွန်လအလယ်လောက်အထိ မြင်းခြံမြို့လူထုကော်မတီက ပြုစုထားသောစာရင်းတွင် ဇင်မာအောင်အပါအဝင် အမျိုးသမီး (၂) ဦးနှင့်အတူ နွေဦးပြည်သူ ၃ လအတွင်း (၃၀) ဦးကျဆုံးခဲ့ရသည်။ မြင်းခြံမြို့အတွက် ပထမဆုံးကျဆုံးခဲ့သူ နွေဦးသူရဲကောင်းမှာ မတ်လ ၃ ရက်နေ့တွင် ခေါင်းကိုသေနတ်ထိမှန်၍ ကျဆုံးခဲ့သော ကိုဇင်ကိုကိုဇော် အသက် (၂၂) နှစ်ပဲဖြစ်သည်။

ထိုနေ့က "မြင်းခြံသွေးစွန်းခဲ့ပြီ" ပိုစတာဓာတ်ပုံနှင့်အတူ ဇင်မာအောင်က ရဲရဲတောက်အနိုင်မခံ ရေးသားကာ မြင်းခြံလူထုကို အားပေးဆော်သြခဲ့သည်။

“ကမ္ဘာမကြေဘူး
ဒီနေ့အခုလိုဖြစ်လို့ မနက်ဖြန် မထွက်နဲ့လို့မပြောပါနဲ့
နောက်ရက်တိုင်း ထပ်ထွက်မယ်”
“ညီအတွက် ငါတို့ပိုလုပ်မယ်
ငါတို့အာဏာ ငါတို့တိုင်းပြည် ပြန်ရမှ ဒီတိုက်ပွဲက ရပ်မယ်
အဆုံးထိ တိုက်မယ်”

ဒီလို အဆုံးအထိတိုက်မယ့်သစ်စေ့တွေကို ဘယ်မြေကြီးက သူ့အမှောင်ထုထဲ ကြာကြာသိမ်းဆည်းထားရဲပါ့မလဲ။ အောင်ပွဲကို ရိတ်သိမ်းဖို့ နွေဦးဟာ တော်လှန်ရေးကို တင်ဆောင်လာခဲ့ပြီလေ။ နင်ပင်ပန်းလှပါပြီဇင်ပု၊ ငါတို့မနိုင်နိုင်အောင် တိုက်ပါ့မယ် လို့ သူငယ်ချင်းတွေက နှင်းဆီပန်းအိုးလေးတစ်အိုး အုတ်ဂူပေါ်တင်ကာ ကတိပြုနှုတ်ဆက်လိုက်ကြသည်။ ဇင်မာအောင်ရေ၊ သစ်စေ့ကလေးရေ၊ ခဏအနားယူလိုက်ပါဦးကွယ်။

**ဖြစ်စဉ်အကျဉ်း**

- မြင်းခြံမြို့ အထက (၁) တွင် ပညာသင်ကြားခဲ့။
- မတ်လ ၂၁ ရက်နေ့ နေ့လည်တွင် ညာဘက်ရင်အုံ သေနတ်မှန်၍ ကျဆုံးခဲ့။
- မသေခင် သူ့မျက်ကြည်လွှာနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများအား လှူဒါန်းကြောင်း ကြေညာခဲ့။
- မတ်လ ၃၀ ရက်နေ့ နံနက် ၉ နာရီတွင် ကူရှာသုသာန်၌ သင်္ဂြိုဟ်ခဲ့။
- သူ့ကိုရည်စူးပြီး တော်လှန်သစ်တောတွင် ပါဝင်သူတဦးက မကွေးတိုင်းတနေရာတွင် ဖွန်ပန်းပင်လေးတပင် စိုက်ပျိုးထား။

အသက်၊ ၂၄
သွေးအမျိုးအစား၊ အေ
အကယ်၍အကြောင်းတစ်စုံတစ်ရာကြောင့် အသက်သေဆုံးခဲ့သည်ရှိသော် အသုံးဝင်နိုင်သေးတဲ့ ကျွန်မရဲ့ မျက်ကြည်လွှာနဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းမရွေး ကျွန်မလှူပါမည်။ ဆေးရုံအထိသွားပြီး စာရွက်စာတန်းနဲ့ မလုပ်ရသေးသော်လည်း ကျွန်မကာယကံရှင်ဖြစ်သူ ကိုယ်တိုင်ကျေကျေနပ်နပ်လှူပြီး ခွင့်ပြုပါတယ်”
ဇင်မာအောင် (ခေါ်) ဇင်ပု
လူမှုကွန်ရက်စာမျက်နှာပေါ်တွင် နောက်ဆုံးရေးတင်ခဲ့သည့်စာ




# အားခူ

အသက် - ၃၇ နှစ်
အဖအမည် - ပူးဂျေငွန်ထန်း (J Ngunthang)
ကျဆုံးရက် - မတ် (၂၈) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ကလေးမြို့ သပိတ်၊ ကလေးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

“ကျွန်ုပ်တို့၏ ချစ်လှစွာသော "ဆရာမ အားခူ"၊ ဒီမိုကရေစီနှင့် တန်းတူညီမျှရေးအတွက် အမျိုးသမီးခေါင်းဆောင်တစ်ဦး အနေနှင့် နောက်ဆုံးထွက်သက်အထိ ရဲရင့်စွာ ဦးဆောင်ပါဝင်ခဲ့မှုများအတွက် အလွန်တရာမှ ဂုဏ်ယူရပါတယ်ဆရာမ။ ဆရာမကို ကျွန်ုပ်တို့ရဲ့ My Constitution မိသားစုဝင်အဖြစ် အမြဲဂုဏ်ယူကာ သတိရအောက်မေ့နေပါ့မယ်။ ဆရာမ၏ ဝိညာဉ် ငြိမ်းချမ်းသောနေရာမှာ နားခိုနိုင်ပါစေလို့လည်း မျှော်လင့် ဆုတောင်းပေးပါတယ်။”

"အမျိုးသမီးများ သာတူညီမျှမှုဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန်းစစ်ချက်" သင်တန်းဆင်း နည်းပြဆရာမ၊ Women for Justice (WJ) အဖွဲ့ ဒါရိုက်တာ အားခူ ကျဆုံးရခြင်းအတွက် သူ့လုပ်ဖော်ကိုင်ဖက်တွေက နှမြောတမ်းတထားတဲ့ ဂုဏ်ပြုအလွမ်းစာပါ။ သို့တိုင် ချင်းတောင်တန်းတွေပေါ် ယမ်းငွေ့တွေမပြယ်သေးသရွေ့ ချင်း-လီဆူးကပြားတိုင်းရင်းသားမလေး အားခူကတော့ ငြိမ်းချမ်းစွာ အနားယူနိုင်လိမ့်မယ်မထင်။

ချင်းတောင်တန်းကြီးတွေပေါ်မှ သူ့ဇာတိချင်းရွာကလေး၏ တိတ်ဆိတ်အေးချမ်းသော တောတန်းကလေးတစ်ခုမှာ သူ့ကိုမြှုပ်နှံခဲ့ကြသည်။ ဂူပေါ်က ကျောက်ပြားမှာတော့ ဘာမှမရေးထား၊ အမည်နာမ မထိုးထား။ ရက်စက်ရမ်းကားသော အာဏာပိုင်တို့၏ သေနတ်ကိုင်များ ဖျက်ဆီးပစ်သွားမှာကို စိုးရိမ်၍ဖြစ်သည်။ ကလေးမြို့ကနေ ၁၅ နာရီလောက် မောင်းနှင်ရသော မအားခူရဲ့ အသက်မဲ့ကိုယ်ခန္ဓာရဲ့ အိမ်ပြန်ခရီးမှာပင် လမ်းတလျှောက် ၃ ကြိမ်ထက်မနည်း စစ်မေးခံကြရသည်။ သွေးတိုးကြောင့်ဆုံးပါးသွားသူတစ်ဦးအဖြစ် အမည်လွှဲဖုံးကွယ်ကာ ဇာတိရွာကို ရောက်အောင် ခက်ခက်ခဲခဲ သယ်ဆောင်လာကြရသည်မဟုတ်လား။ အသက်မဲ့သွားသည့်တိုင် လွှတ်မပေးချင်သေးသည့် ဗိုလ်ကျရမ်းကားသူတို့၏ စိတ်ဓာတ်က ဆိုးဝါးလွန်းလှသည်။

“ကမ္ဘာမြေပြင်ပေါ်ရှိ သင့်တာဝန်များမှ အနားယူနိုင်ပါပြီ” ဟု အားခူတာဝန်ထမ်းဆောင်ခဲ့သည့် WJ အမျိုးသမီးအဖွဲ့မှ လုပ်ဖော်ကိုင်ဖက်တစ်ဦးရဲ့ အဖွဲ့၏အမိန့်ပြန်တမ်းစာ ဖတ်ကြားသံက တောတန်းလေးကို တုန်ယင်လှုပ်ခတ်ကျန်ရစ်ခဲ့သည်။ ဘဝတလျှောက်လုံး အမျိုးသမီးရပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတွေ၊ အိမ်တွင်းအကြမ်းဖက်မှု ဆန့်ကျင်ရေး လုပ်ငန်းတွေအတွက် မနေမနား လှုပ်ရှားကြိုးစားခဲ့သူ အားခူကကော။ အခုလို မြို့လုံးကျွတ် ရွာလုံးကျွတ်တွေမီးရှို့ခံရပြီး ချင်းတပြည်လုံးနယ်လုံး လှည့်ပတ်စစ်ဘေးရှောင်နေရသည့် ချင်းပြည်သူတွေကို ထားပစ်ခဲ့ကာ ထွက်ခွာသွားရစ်နိုင်မှာတဲ့လား။

ထိုနေ့ မတ်လ ၂၈ ရက်နေ့က ကလေးမြို့အနောက်ဘက် တာဟန်းသပိတ်ကို မွန်းလွဲ ၂ နာရီဝန်းကျင်ကတည်းမှစတင်ကာ ညပိုင်းအထိ အကြမ်းဖက်စစ်တပ်က အသံဗုံးများ၊ လက်ပစ်ဗုံးများ၊ စက်သေနတ်များ အသုံးပြုဖြိုခွဲခဲ့သည်။ ဧပြီလ အလယ်လောက်အထိ ရရာလက်နက်ကိုင်စွဲပြီး ခုခံနေခဲ့ကြသဖြင့် တာဟန်းခံတပ်ဟု နာမည်ကျော်ခဲ့သည်။ ကလေးမြို့ စိတ်ဓာတ်ကို ကိုင်စွဲတိုက်ပွဲဝင်ကြဖို့ တပြည်လုံးမှာ ဆော်ဩခဲ့ကြသည်။ တကယ်တော့ ကလေးမြို့ဆိုတာ စစ်ကိုင်းတိုင်းမှာ ရှိနေပေမဲ့ ချင်းတို့ရဲ့ မြေပြန့်မြို့တော်လည်းဖြစ်သည်။ မြန်မာပြည်အနှံ့နှင့်ဆက်ဆံရာမှာ ကလေးမြို့က ချင်းတို့၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ရှေ့တန်းမျက်နှာစာမြို့တစ်မြို့လည်းဖြစ်သည်။ သည်နွေဦးတော်လှန်ရေးမှာ ကလေးမြို့က တောင်ဇလပ်တွေဖြင့် ရဲရဲနီခဲ့သည်။

ထိုနေ့က ဆန္ဒပြစစ်ကြောင်းရှေ့မှ သေနတ်သံတွေ ပေါ်ထွက်လာသည်နှင့် လူအုပ်ကြီးကို ဝေးရာရှောင်ဖို့သူနှင့် သူ့သူငယ်ချင်းတို့ အော်ဟစ်ဆော်ဩနေခဲ့ကြသည်။ အမျိုးသမီးတွေ ကလေးငယ်တွေက လူအုပ်ထဲမှာ အရောရော အထွေးထွေး။ သူတို့ကိုစိုးရိမ်စိတ်ကြီးစွာ ဘေးလွတ်ရာရှောင်ဖို့ စိတ်ထဲပူပင်စွာ သတိပေးအော်ဟစ်နေခဲ့သည်။

ထိုအခိုက်မှာ အားခူတစ်ယောက် လမ်းမပေါ် ပုံကနဲ လဲကျသွားခြင်းဖြစ်သည်။ ပစ်ခတ်သည့်နေရာနှင့် အတန်ငယ်ဝေးသည်မို့ ပထမဆုံးတော့ သေနတ်မှန်သည်ဟုမထင်။ ရုတ်တရက်ချော်လဲတာပဲဟုဆိုကာ သူငယ်ချင်းက ဆွဲခေါ်ထူသည်။ "ငါအသက်ရှူလို့မရတော့ဘူး၊ ငါအသက်ရှူလို့မရတော့ဘူး" ဟုဆိုမှ ရင်ဘတ်တစ်ခုလုံး သွေးတွေစိုရွှဲနေတာ သိလိုက်ရသည်။ အဝေး တိုက်အမြင့်တစ်နေရာမှ စနစ်တကျ ချိန်ရွယ်ပစ်ခတ်လိုက်သည့် အကြမ်းဖက်စစ်တပ်မှ လက်ဖြောင့်လူသတ်သမား၏ ကျည်ဆံက အားခူ၏ ရင်ဘတ်ကို ဖောက်ဝင်သွားခဲ့ချေပြီ။

ဆိုင်ကယ်ဖြင့်တင်ကာ အနီးဆုံးဆေးခန်းဆီ အားကိုးတကြီးပြေးခဲ့သော်လည်း ဆရာဝန်က အချိန်မီကယ်တင်မှု မပြုလုပ်နိုင်ခဲ့။ ဆရာဝန်ဖြစ်သူမှာ ဆန္ဒပြသမားတွေကို ဆေးကုပေးဖို့ ကြောက်လန့်နေသည့်အပြင် အားခူ၏ အသက်မဲ့သွားသည့် ခန္ဓာကိုယ်ကို ဝေးရာအမြန်သယ်သွားခိုင်းခဲ့သည်။ သေတာတောင် ချမ်းသာမပေးသည့်စစ်တပ်ကို ကြောက်လန့်သည့်စိတ်က အမှောင်ထုကြီးလို ဒီတိုင်းပြည်မှာ ကြီးစိုးနေခဲ့သည်မဟုတ်လား။

ထိုနေ့က အားခူနှင့်အတူ တာဟန်းခံတပ်ကိုခုခံရင်း သူရဲကောင်း (၅) ဦးကျဆုံးကာ လူ ၂၀ ကျော် ဒဏ်ရာရခဲ့သည်။ ဆက်လက်လည်း ပေးဆပ်ခဲ့ကြ၊ ပေးဆပ်နေကြရဆဲဖြစ်သည်။ ဒီပေးဆပ်မှုတွေကြောင့်ပဲ ဒီတိုင်းပြည်ကြီးပေါ်က ဒီချင်းတောင်တန်းကြီးပေါ်က ကြောက်စိတ်အမှောင်ထုကြီးက တဖြည်းဖြည်းပြိုကွဲလွင့်ပြယ်စပြုနေပြီဟု ဆိုနိုင်သည်။ မကြာမီ နွေဦးအလင်းတို့ဖြင့် ထွန်းသစ်လှပလာတော့မည်။ ထိုအချိန်ကျလျှင် ချင်းရွာလေးတစ်ခုရဲ့ တောတန်းဘေးက အုတ်ဂူလေးပေါ်မှာ ငါတို့အားလုံးရဲ့အားခူကို ဝင်းပဖိတ်လက်နေတဲ့ ရွှေရောင်ပန်းစာလုံးတို့ဖြင့် ကြွားကြွားဝံ့ဝံ့ ကဗ္ဗည်းရေးထိုး ဂုဏ်ပြုလွမ်းဆွတ်ပစ်လိုက်ကြပါစို့။

**ဖြစ်စဉ်အကျဉ်း**

- ချင်း-လီဆူ ကပြား၊ အမျိုးသမီးအရေးဆောင်ရွက်သူ။
- Women for Justice (WJ) အဖွဲ့ ဒါရိုက်တာ။
- ကလေးမြို့၊ တာဟန်းလူထုသပိတ်ကို အကြမ်းဖက်ဖြိုခွဲရာတွင် ရင်ဘတ်ကိုကျည်ထိ၍ မတ်လ ၂၈ ရက် ညနေ ၄ နာရီတွင် ကျဆုံးခဲ့။
- ဇာတိရွာတွင် အမည်မထိုးရဲဘဲ ဂူသွင်းသင်္ဂြိုလ်ခဲ့ရ။
- လုပ်ဖော်ကိုင်ဘက် အဖွဲ့အစည်းအသီးသီးမှ နွေဦးသူရဲကောင်းတစ်ဦးအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုခဲ့။




## မသဉ္ဇာဟိန်း

အသက် - ၂၀ နှစ်
အဖအမည် - ဦးသိန်းထွန်း
ကျဆုံးရက် - မတ် (၂၈) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မုံရွာသပိတ်၊ မုံရွာမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ကနီမြို့နယ်၊ စစ်ကိုင်းဒေသကြီး။

သူငယ်ချင်းတွေကို တစ်ခုပြောမယ်။ ဒီချိန်မှာ မိဘကိုလိမ်ရမှာ မကြောက်နဲ့။ အနာဂတ်မှာ ဒီတိုက်ပွဲကို မပါဝင်ခဲ့ဘဲ ပါဝင်ခဲ့ပါတယ်လို့ လိမ်ရမှာကိုရှက်ကြ"။ ဖေဖော်ဝါရီ ၂၂ ရက်နေ့ကပြုလုပ်သည့် ၂ ငါးလုံး မုံရွာလူထုအစည်းအဝေးကြီး၏ နာရီစင်နားက စင်မြင့်ပေါ်မှာ အသက် ၂၀ အရွယ် နုနုနယ်နယ်ကလေးမတစ်ဦး စိတ်အားထက်သန်စွာ ဟောပြောနေသည်။ မုံရွာသူနာပြုသင်တန်းကျောင်း သားဖွားသူနာပြုသင်တန်း ဒုတိယနှစ်မှ ကျောင်းသူ သူနာပြုဆရာမလေး မသဉ္ဇာဟိန်းပဲဖြစ်သည်။ နွေဦးတော် လှန်ရေးမှာ အိမ်နဲ့မြို့ ကို သူမပြန်။ မုံရွာမှာပဲ အဆောင်တစ်ဆောင်မှာနေရင်း စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြနေခဲ့သည်။

ဘယ်မိဘမဆို ကိုယ့်သားသမီးအတွက် စိုးရိမ်ကြစမြဲ။ အာဏာသိမ်းမှုအဆက်ဆက်နှင့် စစ်အာဏာစနစ်အောက် တချိန်လုံး အဖိနှိပ်ခံခဲ့ရသည့် အတွေ့အကြုံတွေကလည်း အကြောက်တရားနဲ့ အသားကျစေခဲ့သည်မဟုတ်လား။ သက္ကရာဇ်နှစ်ထောင် နောက်ပိုင်း မွေးလာသည့် မျိုးဆက်တို့နှင့် အတွေးအမြင်တို့က ကွာခြားခဲ့ပြီ။ သူတို့မိဘမျိုးဆက်က သူတို့ခါးစည်းခံခဲ့ရသည့် ဖိနှိပ်ချုပ်ခြယ်မှုမျိုးတွေ သားသမီးတွေအပေါ် တတ်နိုင်သမျှ ကင်းလွတ်စေချင်ခဲ့ကြသည်။ ပြီးတော့ စစ်အာဏာရှင်စနစ်၏ လူကြီးလူကောင်းယောင်ဆောင်သော အပေါ်ယံဒီမိုကရေစီအရသာကိုလည်း သူတို့ကြီးပြင်းသိတတ်စအချိန်မှာ ခံစားလိုက်ကြရသည်။

ဒီတော့ မသဉ္ဇာဟိန်းတို့လို ဂျင်းဘောင်းဘီနှင့် တီရှပ်ဝတ်ပြီး ပေါ့ပေါ့ပါးပါးကြီးပြင်းလာကြသည့် မျိုးဆက်က ဘဝကို လက်တွေ့ကျကျပဲ ဖြတ်သန်းကြသည်။ အကြောက်တရားနည်းပါးသည်။ ကိုယ့်အနာဂတ်အပေါ်ကိုယ် ယုံကြည်မှုကြီးကြသည်။ သူတို့အိပ်မက်တွေကို အညွန့်ချိုးဖို့ကြိုးစားလာသည့် ဘယ်လုပ်ရပ်မျိုးကိုမဆို ဘယ်သူ့ကိုမဆို သူတို့အသာတကြည် ခွင့်ပြုမှာတော့မဟုတ်။ သူတို့လမ်းကို သူတို့စိတ်ကြိုက် ရွေးချယ်မည်သာဖြစ်သည်။ တကယ်တော့ လွတ်လပ်မှုရဲ့အခြေခံက ရွေးချယ်ခွင့်ပဲဖြစ်သည် မဟုတ်လား။ ဒါကြောင့်ပဲ ဒီနွေဦးတော်လှန်ရေးမှာ သူတို့လမ်းတွေပေါ် တက်လာခဲ့ကြခြင်းဖြစ်သည်။

**“အကောင်းအတိုင်း ပြန်လာမယ်လို့**
**အာမ မခံနိုင်တဲ့ ခရီးကိုသွားရတဲ့အခါ**
**နှောင်ကြိုးတွေက ခွင့်လွှတ်ပေးပါ”**

ဟု ပိုင်းပိုင်းဖြတ်ဖြတ် သူတို့ပြောဆိုနှုတ်ဆက်ခဲ့ကြခြင်းဖြစ်သည်။

စစ်အာဏာသိမ်းတပ်ဖွဲ့ရဲ့ အကြမ်းဖက်မှုတွေကို ရင်ဆိုင်ရပြီးနောက်မှာတော့ တတ်သမျှမှတ်သမျှ ဆေးပညာလေးဖြင့် သပိတ်စစ်ကြောင်းများတွင် ဆေးအကူအဖွဲ့ဝင်အဖြစ် သူလိုက်ပါဆောင်ရွက်ခဲ့သည်။ တစထက်တစ သွေးစွန်းလာသောနေ့ရက်များက သူတို့ကို တကယ့်ဘဝ လက်တွေ့လုပ်ငန်းတွေထဲ ပို့လိုက်သည်ဟုဆိုရမည်။

ဆေးအကူဆိုပေမဲ့ အန္တရာယ်ကကြီးမားသည်။ မဲမဲမြင်ရာ စွတ်ရွတ်ပစ်ခတ်နေသည့်ကြားမှာ လူနာကိုအတင်းဝင်ဆွဲရသည်။ အလောင်းလုကောက်ကြရသည်။ ရမ်းကားသတ်ဖြတ်မှုတွေကြားထဲ မပြည့်မစုံဆေးဝါးကိရိယာလေးတွေဖြင့် အကောင်းဆုံးကြိုးစားကာ ကယ်တင်နေကြရသည်။ မတ်လ ၂၈ ရက်မှာတော့ အကြမ်းဖက်ဖြိုခွဲမှုကြောင့် သပိတ်စစ်ကြောင်းများ လူစုခွဲရန်ပြင်ဆင်နေကြချိန်၊ ဒဏ်ရာရလူနာတွေကို ဆွဲထုတ်ရင်း လိုအပ်သလိုကုသပေးရင်း မောပန်းစွာ ခဏနားနေကြသည့်အခိုက် သူတို့ဆေးအကူအုပ်စုကို စစ်အကြမ်းဖက်တပ်ဖွဲ့တစ်ဖွဲ့က အကြင်နာကင်းမဲ့စွာ ဝင်ရောက်ပစ်ခတ်ခဲ့သည်။

သူငယ်ချင်းဖြစ်သူက ကျည်မှန်၍သွေးအလိမ်းလိမ်းဖြစ်နေသည့် မသဉ္ဇာဟိန်း၏ခန္ဓာကိုယ်လေးကို မရအရဆွဲထုတ်ကာ ဆေးရုံသို့ပို့ဖို့ကြိုးစား ကြသည်။ သို့သော် သူချစ်သောရဲဘော်ရဲဘက် သူငယ်ချင်းများလက်မှာပဲ ကနီနယ်က မီးအိမ်ရှင်ဆရာမလေး မသဉ္ဇာဟိန်း ကျဆုံးသွားခဲ့ရရှာသည်။ “အလင်းလက်ဆုံးကြယ်ဟာလူငယ်” ဟု ပြောခဲ့သူကလေး အခုတော့ ကြယ်လေးတစ်ပွင့် ဖြစ်သွားခဲ့ပြီ။

ထိုနေ့က မသဉ္ဇာဟိန်းနှင့်အတူ အခြားလူငယ်လေးဦး မုံရွာမြို့မှာ ကျဆုံးခဲ့သည်။ မြန်မာတပြည်လုံးမှာတော့ ထိုမတ်လ ၂၈ ရက်တစ်ရက်တည်းမှာပင် နွေဦးတော်လှန်ရေးအတွက် သူရဲကောင်း (၂၂) ဦး အသက်ပေးစွန့်လွှတ်သွားခဲ့ကြသည်။ အခုထိလည်း နွေဦးတော်လှန်ရေးကြီးတစ်ခုလုံးအတွက် အသက်ပေါင်း ထောင်သောင်းချီ ပေးဆပ်နေကြရဆဲဖြစ်သည်။

အရိုးပုံတွေပေါ်က ဒီမိုကရေစီတော့ မလိုချင်ဘူးဟု တစ်ခါက နိုင်ငံရေးလူကြီးတစ်ယောက်ပြောဆိုဘူးသည်။ တိုင်းပြည်နှင့် လူထုကို မနာစေလို့သည့် စေတနာဟု နားလည်ခဲ့သော်လည်း ပြည်သူအပေါ် မတရားပြုကျင့် ဗိုလ်ကျသတ်ဖြတ်သူတွေကို မတွန်းလှန်နိုင်သမျှ တိုင်းပြည်က အခုလို သွေးအိုင်ထဲ မွန်းနစ်နေမှာပဲဖြစ်သည်။ နွေဦးတော်လှန်ရေး သူရဲကောင်းမလေးရဲ့ အိမ်ပြန်ခရီးမှာတော့ သူ့ဇာတိကနီနယ်က လူထုတရပ်လုံး ထွက်ကြိုကြသည်။ သောကလိမ်းကျံထားသည့် ဂုဏ်ယူစိတ်ဖြင့် အိမ်ပြန်လာသည့် သူတို့သမီးလေးကို ချစ်သောမိဘတွေ ဒီတစ်ကြိမ်တော့ မတားမြစ်ရက်ကြတော့။ ဟိုးကောင်းကင်ပေါ်မှာ မော့ကြည့်လိုက်တိုင်း အမှောင်ညကို ဖောက်ထွက်ထွန်းလင်းနေမည့် အလင်းလက်ဆုံးကြယ်ကလေးများကြားထဲ သမီး ကလေး မသဉ္ဇာဟိန်းကို ထွန်းလင်းခွင့်ပေးလိုက်ကြရရှာသည်။

အဖေနဲ့အမေအပေါ်လည်းမလိမ်ခဲ့၊ တိုင်းပြည်အပေါ်လည်းမလိမ်ခဲ့သည့် ကနီနယ်ရဲ့ မီးအိမ်ရှင်ဆရာမလေး သွားတဲ့ခရီးတိုင်းနှောင်ကြိုးကင်းမဲ့ပါစေသတည်း။

**ဖြစ်စဉ်အကျဉ်း**

-ကနီမြို့နယ် သလင်းကျေးရွာ အဖဦးသိန်းထွန်း အမိဒေါ်အေးအေးမြင့်တို့၏ သမီး။
-မုံရွာသူနာပြုသင်တန်းကျောင်း သားဖွားသင်တန်း ဒုတိယနှစ်တွင် ပညာသင်ကြားခဲ့။
-နွေဦးတော်လှန်ရေးတွင် အိမ်မပြန်ပဲ သပိတ်စစ်ကြောင်း ဆေးအကူအဖွဲ့တွင် ပါဝင်ခဲ့။
-နာရီစင်အနီး လူထုအစည်းအဝေးတွင် တက်ရောက်ဟောပြောခဲ့။
-မတ် ၂၈၊ မုံရွာ ရတနာပုံရပ်ကွက် သာစည်လမ်းဆုံ သာစည်ဈေးအနီး ဦးခေါင်းကျည်ထိမှန် ကျဆုံး။

> မူဝံ့ကြယ်ပြီးရင်
> ဒုတိယမြောက် အတောက်ပဆုံးကြယ်ကို
> လူငယ်ပဲလို့ ရေးလိုက်



# ဒေါ်ခင်မာရီ (ခ) ဖွားချို

အသက် -၅၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇူလိုင် (၂၁) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မင်းကင်းရဲစခန်းအချုပ်၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

လူတစ်ယောက်မှာ လူတစ်ယောက်နှင့်ထိုက်တန်သည့် အခွင့်အရေးတွေရှိသည်။ ဒါက ဘယ်သူမှ ပေးအပ်ထားတာမဟုတ်။ ထို့ကြောင့် ဘယ်သူကမှ တားဆီးဖျက်သိမ်းလို့လည်းမရ။ အမိဝမ်းတွင်းကကျွတ်ပြီး လူအဖြစ်မွေးဖွားလာသည်အချိန်ကစပြီး ထို အခွင့်အရေးများက တွဲ၍ပါလာခြင်းဖြစ်သည်။ ဘယ်ခေတ်မှာမွေးလို့၊ ဘယ်ဒေသမှာမွေးလို့ဆိုပြီး ငြင်းဆန်လို့မရ။ ထိုသို့ အခွင့်အရေးအပြည့်အစုံရှိသည့်အဖြစ်ကို လူ့ဂုဏ်သိက္ခာဟု ခေါ်သည်။ လူတစ်ယောက်ကို လိုအပ်နေသည့် ဆေးကုသခွင့် မပေးဘဲ ရဲစခန်းအချုပ်ထဲမှာ သေအောင်ပစ်ထားလိုက်တာကတော့ လူ့ဂုဏ်သိက္ခာကို စော်ကားလိုက်ခြင်းပဲဖြစ်သည်။ သည်လိုနှင့် သမီးနှစ်ယောက်မိခင် အသက် ၅၀ အရွယ် ဒေါ်ခင်မာရီတစ်ယောက် ရဲစခန်းအချုပ်ထဲတွင် ၄ လနီးပါးကြား ဖမ်းဆီးချုပ်နှောင်ခံရပြီးနောက် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့သည့် နွေဦးတော်လှန်ရေးသူရဲကောင်းတစ်ဦးအဖြစ် ကျဆုံးခဲ့ရသည်။

ဘာကြောင့်စစ်အာဏာသိမ်းမှုကို လက်မခံသလဲဟုမေးသောအခါ လူကိုလူလိုဆက်ဆံတဲ့အစိုးရကိုပဲလိုချင်လို့ဟု ဖြေကြသည်။ အာဏာကို လက်နက်အားကိုးရယူသူတို့က ဘယ်သောအခါမှ ပြည်သူကို လူလိုမဆက်ဆံခဲ့။ ဆက်ဆံရန်လည်းမလို။ သူတို့မှာ လက်နက်ရှိနေလျှင် ပြည်သူက ရိုကျိုးရစမြဲဟု သွေးနားထင်ရောက်နေကြသည်။ အာဏာဆိုတာ ပြည်သူက အပ်နှင်းတာဟုဆိုသည့် ရွေးကောက်ခံအစိုးရကမူ ပြည်သူကို ငြိုငြင်အောင်မလုပ်ရဲ။ ပြည်သူကို အလုပ်အကျွေးပြုနိုင်မှသာ ပြည်သူအပ်နှင်းသည် အာဏာကို ကျင့်သုံးခွင့်ရမည်ဆိုသည်ကို အကြွင်းမဲ့လက်ခံကြသည်။ ပြည်သူတစ်ဦးချင်း၏ လူ့ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားရကောင်းမှန်းသိကြသည်။ လူကို လူလိုဆက်ဆံတတ်ကြသည်။ သို့ကြောင့်ပင် လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်နေထိုင်လိုသူ၊ လူကိုလူလိုဆက်ဆံတာပဲ ခံချင်သူတို့က စစ်အာဏာသိမ်းတာကို ခါးခါးသီးသီး ဆန့်ကျင်ခဲ့ကြတာပဲဖြစ်သည်။

ဘယ်သူမှအကြောက်တရားနှင့် မနေထိုင်လိုကြ။ စည်ပင်ကော်မတီဥက္ကဋ္ဌတစ်ယောက်အနေဖြင့် ပြည်သူကိုဝန်ဆောင်မှု ပေးခဲ့သူ ပီပီ ပြည်သူတို့၏ လွတ်လပ်ပျော်ရွှင်သောဘဝကလေးများ အဖျက်ဆီးခံရမှာကို ဒေါ်ခင်မာရီ လက်မခံနိုင်။ ဒါကြောင့် စစ်အာဏာသိမ်းမှုကိုဆန့်ကျင်ခဲ့သည်။ မတော်မတရားအမိန့်များထုတ်ဆင့်လာသည့် အာဏာသိမ်းအုပ်စုကြောင့် အာဏာဖီဆန်ရေး လှုပ်ရှားမှု CDM ထဲ ပါဝင်လာခဲ့သည်။ နွေဦးတော်လှန်ရေး လူထုသပိတ်များထဲ ဝင်ရောက်ဆင်နွှဲခဲ့သည်။ မတ်လအတွင်းမှာပဲ စစ်အာဏာပိုင်တွေက သူ့ကိုလက်ကိုင်ဖိနှိပ်ရေးပုဒ်မ ၅၀၅ (က)ဖြင့် ဖမ်းဆီးခဲ့သည်။

တိုင်းပြည်တပြည်လုံးကို လက်နက်အားကိုးဖြင့် ရမ်းကားအုပ်ချုပ်နေသည့်အချိန်မှာ ဖိနှိပ်ရေးလက်ကိုင်ဒုတ်တစ်ခုဖြစ်သည့် ရဲစခန်းအချုပ်ထဲမှာလည်း ရသင့်ရထိုက်သည့် ဥပဒေအခွင့်အရေး၊ လူ့အခွင့်အရေးဆိုတာ ဝေလာဝေးပဲဖြစ်သည်။ နှာစေးချောင်းဆိုးလို့ပင် ဘာဆေးဝါးမှ မရနိုင်သည့်နေရာမှာ၊ လူကိုလူလို မကြည့်ရှုမစောင့်ရှောက်သည့်နေရာမှာ ရောဂါဝေဒနာအခံရှိသူအဖို့ အခြေအနေက ပိုလို့ဆိုးဝါးလာခဲ့သည်။ မိသားစုဝင်တွေက ကျန်းမာရေးအရ ဆေးရုံဆေးခန်းပို့ကုသဖို့ တောင်းဆိုခဲ့သော်လည်း လျစ်လျူရှုခံခဲ့ရသည်။ ဖူးညွန့်ပွင့်သစ် လူငယ်လူရွယ်လေးတွေကိုပင် ဦးခေါင်းတည့်တည့် ချိန်ရွယ်ပစ်သတ်ခဲ့ကြသူတို့အတွက် သူတို့ကိုအလုပ်အကျွေးမပြုသည့် လူ့အသက်တစ်ချောင်းဆိုတာ ဘာမှတန်ဖိုးမရှိ။ သူ့ဘာသာ တခြားတနည်းနည်းဖြင့် သေသွားလျှင်လည်း ပိုတောင်ကျေနပ်စရာကောင်းသေးသည်မဟုတ်လား။

AAPP

ဒါမှ အာဏာဆိုတာ သေနတ်ပြောင်းဝမှာရှိမှန်း လူတွေနားလည်လာကြမှာမဟုတ်လား။ ဘယ်လောက်ရှုံ့ရှာစက်ဆုပ်စရာကောင်း လိုက်သည့် စစ်အာဏာရှင်စနစ်ဆိုတာ ဒေါ်ခင်မာရီ (ခေါ်) ဖွားချိုက သူ့အသက်ကိုရင်း၍ သက်သေပြသွားခဲ့သည်ဟုဆိုရမည်။

ဒီနေ့ မင်းကင်းနယ်တဝိုက်က ပြည်သူတို့၏တော်လှန်ရေးခေါ်သံများကို နားစွင့်လိုက်ပါ။ ဖွားချိုတို့လို နွေဦးသူရဲကောင်းတွေ ပေးဆပ်ခဲ့ရတာ မည်မျှထိုက်တန်ကြောင်း သိရှိရမည်။ ကိုယ့်လွတ်လပ်မှုနဲ့ အခွင့်အရေးအတွက် တိုက်ပွဲဝင်ရဲတာလည်း လူ့ဂုဏ်သိက္ခာပဲ မဟုတ်ပါလား။

**ဖြစ်စဉ်အကျဉ်း**

-မင်းကင်းမြို့နယ် စည်ပင်ကော်မတီ ဥက္ကဌ။
-စစ်အာဏာသိမ်းအပြီးတွင် အာဏာဖီဆန်ရေးလှုပ်ရှားမှု CDM တွင်ပါဝင်။
-စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး နွေဦးတော်လှန်ရေး လူထုဆန္ဒပြပွဲများတွင်ပါဝင်ခဲ့။
-မတ်လအတွင်း ပုဒ်မ ၅ဝ၅ (က) ဖြင့် ဖမ်းဆီးတရားစွဲဆိုခံရ။
-ဇူလိုင် ၂၁ ရက်မနက်တွင် ရဲအချုပ်စခန်းထဲ၌ ကျဆုံး။

"ကျနော်တို့လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတည်းက ဆေးရုံတက်ခွင့်တောင်းတယ်။ မပေးဘူး။ ဒီနေ့မနက်ခင်း မင်းကင်းရဲစခန်းအချုပ်ထဲမှာပဲ ဆီးချိုတွေတက်ပြီး ဖွားချိုက သေဆုံးသွားတယ်။"
(မိသားစုဝင်တစ်ဦး)



# မမိုးသူ (ခ) မိုးသူဇာထွေး

အသက် - ၄၂ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇူလိုင် (၂၁) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - အင်းစိန်ထောင်၊ ရန်ကုန်။
နေရပ်လိပ်စာ - ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မမိုးသူကို ဇွန်လ ၁၅ ရက်နေ့မှာ ခရမ်းမြို့ မြေနီလမ်းရှိ အိမ်ကနေ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် ပုဒ်မ ၅၀၅ (က) ဖြင့် အမှုဖွင့်စွဲဆိုပြီးနောက် အင်းစိန်အကျဉ်းထောင်သို့ ပို့လိုက်ကြသည်။ ထိုသို့ဖမ်းဆီးခေါ်ဆောင်သွားစဉ်က မမိုးသူမှာ မည်သည့်ကျန်းမာရေးပြဿနာမှ မရှိခဲ့။ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတွေလည်း မရှိခဲ့။ အသက် ၄၂ နှစ် ကျန်းမာကြံ့ခိုင်သည့် အမျိုးသမီးတစ်ဦးဖြစ်သည်။

ထို့နောက် ဇူလိုင်လ ၁၄ ရက် မိသားစုမှ နောက်ဆုံးထောင်ဝင်စာသွားရောက်တွေ့ဆုံခဲ့အပြီး ဇူလိုင်လ ၁၈ ရက်တွင် အရေးပေါ်ဆေးဝါးကုသရန် အမျိုးသမီးဆေးရုံကို ပို့ဆောင်ခဲ့သည်ဟု အာဏာပိုင်တွေဘက်က ဆိုသည်။ ဇူလိုင်လ ၂၂ ရက်နေ့မှာတော့ မမိုးသူ အင်းစိန်အကျဉ်းထောင်အတွင်း သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း မိသားစုဆီ အကြောင်းကြားလာလေသည်။ တစ်လကျော်လေးအတွင်း ဘယ်တွေများ ဖြစ်ခဲ့ပါလိမ့်။ ပြီးခဲ့တဲ့တစ်ပတ်ကျော် ထောင်ဝင်စာမှာတင် ကျန်းကျန်းမာမာတွေ့ဆုံခဲ့ပါလျက် အဖြစ်အပျက်က မယုံနိုင်အောင် မြန်ဆန်လွန်းသည်။

နှလုံးရောဂါအမောဖောက်ပြီး သေဆုံးခြင်းဖြစ်နိုင်တယ်လို့ ထောင်အာဏာပိုင်တွေဘက်က အကြောင်းပြခဲ့သော်လည်း မိသားစုက မယုံကြည်ခဲ့။ နာရေးကူညီမှုကားတစ်စီးဖြင့် အလောင်းကို သွားသယ်သောအခါ မျက်နှာကလေးလောက်ပဲ မြင်ခွင့်ရခဲ့သည်။ သေမှုသေခင်း ဆေးမှတ်တမ်း သေချာယူခွင့်မရခဲ့။ ကိုဗစ်ကပ်ရောဂါ တတိယလှိုင်းပြင်းထန်နေချိန်ဖြစ်သောကြောင့် မြန်မြန်ဆန်ဆန်ပဲ သင်္ဂြိုဟ်လိုက်ကြရသည်။ မမိုးသူကိုလည်း ကိုဗစ်ကြောင့်ပင် ယခုလို ရုတ်တရက်သေဆုံးခြင်း ဖြစ်နိုင်ကြောင်း မိသားစုက ယုံကြည်ခဲ့သည်။

ဇူလိုင်လ ၂၀ ရက်နေ့ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဉာဏ်ဝင်း ထိုအင်းစိန်ထောင် မှာအဖမ်းခံထားရစဉ် ကိုဗစ်ဖြင့်သေဆုံးခဲ့ရသည်။ သူ့ကိုတော့ ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့သဖြင့် ကိုဗစ်ဖြင့် သေဆုံးကြောင်း မဖုံးကွယ်နိုင်ခဲ့။ ဒါတောင် တိုက်ရိုက်ဝန်မခံဘဲ အာဏာလုစစ်အုပ်စုက ကိုဗစ်နောက်ဆက်တွဲဖြစ်တတ်သည့် ရောဂါများကို လက်ညှိုးထိုးကာ ပြင်ပရောဂါနှစ်မျိုးကြောင့်ဟု ဝေ့လည်ကြောင်ပတ်လုပ်ခဲ့ကြသေးသည်။

တကယ်တော့ သူတို့ထုံးစံအတိုင်း တာဝန်ယူလိုစိတ် ကင်းမဲ့ခြင်းပင်ဖြစ်သည်။ အင်းစိန်ထောင်အတွင်း ကိုဗစ်ရောဂါ ကူးစက်မှုများရှိနေသည်ဟု မလွှဲသာ၍ ဝန်ခံခဲ့ကြသော်လည်း ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောဆိုမှုများ၊ လုံလောက်သော တာဝန်ယူဆောင်ရွက်မှုများ မရှိခဲ့။ အကျဉ်းထောင်များတွင် ကိုဗစ်ကူးစက်ခံထားရသူ (၃၇၅) ဦးရှိပြီး သေဆုံးသူ (၆) ဦးရှိခဲ့သည်ဟုဆိုသော်လည်း အမှန်တကယ်ဖြစ်ပွားမှုနဲ့ သေဆုံးမှုက ဒါ့ထက်များနိုင်တယ်ဆိုတာကတော့ ဗေဒင်မေးစရာ မလို။

နိုင်ငံရေးအကျဉ်းသားများဖြစ်သည့် ရွှေညဝါဆရာတော်၊ ကိုမင်းသွေးသစ်၊ ဦးကျော်ဟိုး၊ ဦးဟံသာမြင့်တို့သည်လည်း ကိုဗစ်သံသယဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ကုသမှုခံယူခဲ့ကြရသည်။ ကံကောင်းလို့ အသက်တော့ မဆုံးခဲ့ကြရ။

ထိုအချိန်က ကိုဗစ်တတိယလှိုင်းကို တပြည်လုံးအပြင်းအထန် ခံစားနေရချိန်ဖြစ်သည်။ ထောင်လို လူအများအပြား စုပေါင်းနေထိုင်ရသည့်နေရာမှာ ဘာတွေဖြစ်နေသလဲ သက်ဆိုင်ရာတို့က ပွင့်ပွင့်လင်းလင်း ထုတ်ဖော်မပြောသောအခါ အပြင်က မိသားစုတွေမှာ တစ်ပူပေါ်နှစ်ပူဆင့်ကြရသည်။

မမိုးသူ ဆုံးပြီး နောက်ရက် ဇူလိုင် ၂၃ ရက်နေ့မှာတော့ အင်းစိန်ထောင် မိန်းမဆောင်မှစတင်ကာ အော်ဟစ်ကြွေးကြော်ကာ ဆန္ဒပြခဲ့ကြသည်။ မိန်းမဆောင်မှာ ကိုဗစ်ရောဂါဖြစ်ပွားမှုက ဆိုးဝါးသည့်အခြေအနေဟု သတင်းတွေကထွက်နေသည်။ ထို့ကြောင့် ဆန္ဒပြမှုတွင် အမျိုးသမီးထောင်ဝန်ထမ်းများပင် ပါဝင်ခဲ့သည်ဟု သိရသည်။

ထိုနေ့ ဇူလိုင်လ ၂၃ ရက်နေ့က အင်းစိန်ထောင်တစ်ခုလုံး ဆန္ဒပြကြွေးကြော်သံများ ဖုံးလွှမ်းခဲ့သည်။ အာဏာရှင် ဆန့်ကျင်ရေးကြွေးကြော်သံများကို ထောင်ပတ်ဝန်းကျင်ကပင် ကြားခဲ့ကြရသည်။ တကယ်တော့ ထောင်အတွင်း ကပ်ရောဂါ ကာကွယ်ရေးအတွက် တာဝန်မဲ့မှုကို မခံမရပ်နိုင်ဖြစ်၍ အားလုံးသတိထားမိအောင် တိုက်ပွဲဝင်ခဲ့ကြခြင်းပဲဖြစ်သည်။

ထုံးစံအတိုင်း စစ်တပ်က ထောင်တွင်းဝင်ရောက်ကာ အကြမ်းဖက်နှိမ်နင်းခဲ့သည်။ အပြင်းအထန်ရိုက်နှက်ခံကြရပြီး လူ (၂၀) ကျော် တိုက်ပိတ်ခံလိုက်ရသည်ဟု နိုင်ငံရေးအကျဉ်းသားများနှင့်ဆိုင်သည့် အဖွဲ့အစည်းများက ခန့်မှန်းပြောဆိုခဲ့သော်လည်း ထောင်အာဏာပိုင်တို့က ငြင်းဆန်ခဲ့သည်။

ထိုသို့ငြင်းဆိုသော်လည်း အင်းစိန်ထောင်အတွင်း ချုပ်နှောင်ခံထားရသူများနှင့် အဆက်အသွယ်မရကြောင်း သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ မိသားစုဝင်များနှင့် ရှေ့နေများက ပြောကြားကြသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ကလည်း အကျဉ်းထောင်များအတွင်း ပေါ်ပေါက်နေသည့် အခြေအနေများကို အနီးကပ်စောင့်ကြည့်နေကြောင်း၊ သွားရောက်လေ့လာ၊ ထောက်ပံ့သည့်လုပ်ငန်းစဉ်များ ပြန်လည်စတင်လိုကြောင်း ထုတ်ပြန်ခဲ့သည်။

ဒီကြားထဲ ကပ်ရောဂါ စစ်ဆေးကာကွယ်မှုတွေ စနစ်တကျ ဘာတစ်ခုမှမလုပ်ဘဲ ထောင်ကလူ (၄) ထောင်ကျော်လောက် ပြန်လွှတ်လိုက်သေးသည်။ “စစ်ပြီးတော့ ဒီအတိုင်းပဲ လွှတ်ပေးလိုက်တယ်။ အပူချိန်လည်း မတိုင်းဘူး။ ဒီအတိုင်းပဲ လွှတ်ပေးလိုက်တာ။ မိသားစုတွေလည်း ဒီအတိုင်း လာကြိုကြတာပဲ။” ဟု လွတ်မြောက်လာသူတစ်ဦးက ပြောဆိုခဲ့သည်။ မည်မျှလောက်အထိ ပြည်သူလူထုအပေါ် စိတ်စေတနာ ကင်းမဲ့ကြောင်း ပေါ်လွင်လှသည်။

ထိုအချိန် မမိုးသူလို လူမသိသူမသိ မသေသင့်ဘဲ သေခဲ့ရတဲ့သူတွေ ထောင်ထဲမှာရော၊ ထောင်ပြင်မှာရော ဘယ်လောက် များပြားခဲ့လိုက်လေမလဲ။ ခရမ်းမြို့က လူငယ်တွေကတော့ မမိုးသူကို ဂုဏ်ပြုသောအားဖြင့် အသံတိတ်သပိတ် ဆင်နွှဲ ခဲ့ကြသည်။ သူတို့မြို့ရဲ့နွေဦးသူရဲကောင်းတစ်ဦးအဖြစ် ဂုဏ်ပြုခဲ့ကြသည်။ လူကိုလူလို တန်ဖိုးထားရကောင်းမှန်းမသိသည့် စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်တိုက်ထုတ်သွားမည်ဖြစ်ကြောင်း ကတိသစ္စာပြုခဲ့ကြသည်။

ရန်သူက ဘယ်လိုနည်းနဲ့ပဲ ကျဆုံးအောင်လုပ်ခဲ့လုပ်ခဲ့ ပြည်သူတို့ရဲ့နှလုံးသားမှဒ်ဦးမှာတော့ သူရဲကောင်းတွေ ပန်းလိုဖူးပွင့် မွှေးပျံ့အောင်ပွဲခံနေကြမည်သာ။

## ဖြစ်စဉ်အကျဉ်း

- ၂၀၂၀ ရွေးကောက်ပွဲအတွက် NLD အောင်နိုင်ရေးစည်းရုံးရေးအဖွဲ့ဝင်အဖြစ်ဆောင်ရွက်။
- နွေဦးတော်လှန်ရေးကာလအတွင်း ခရမ်းမြို့နယ် အခြေခံပညာလုပ်ငန်းများသမဂ္ဂနှင့် ပူးပေါင်း၍ စစ်အာဏာရှင် ဆန့်ကျင်ရေးဆန္ဒပြပွဲများကို ဦးဆောင်ခဲ့။
- ၂၀၂၁ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် မြေနီလမ်းနေအိမ်တွင် အကြမ်းဖက်စစ်ကောင်စီက မတရားဖမ်းဆီး။
- ဇူလိုင် ၁၄ ရက်တွင် နောက်ဆုံးထောင်ဝင်စာပေးပို့ခဲ့။
- ဇူလိုင် ၁၈ ရက်နေ့တွင် အရေးပေါ်ဆေးဝါးကုသမှုခံယူရန် အမျိုးသမီးဆေးရုံကိုပို့ဟု ထောင်ကဆို။
- ဇူလိုင် လ ၂၂ ရက်နေ့တွင် ဗဟိုစံပြအင်းစိန်အကျဉ်းထောင် ရန်ကုန်တွင် ကျဆုံး။
- မိသားစုဝင်တစ်ဦးမှ ထိန်ပင်သုသာန်တွင် သင်္ဂြိုဟ်ခဲ့။



# Mai Nuam Za Thiang

အသက် - ၁၉ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇွန် (၂၁) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ကလေးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

စစ်ပွဲတွေဖြစ်နေတဲ့နေရာလည်း မဟုတ်သေးဘူး။ နွေဦးတော်လှန်ရေးလည်း ဖြိုခွင်းခံရအပြီး ကိုဗစ်တတိယလှိုင်းမှာ တစ်ဦးနဲ့တစ်ဦး ရှိုင်းပင်းစောင့်ရှောက်ဖို့ လိုနေတဲ့ကာလမျိုး၊ ကိုဗစ်တွေ၊ လုံခြုံရေးအကြောင်းပြချက်တွေဖြင့် ထုတ်ထားသည့်အမိန့်တွေ ဥပဒေတွေကလည်း မရှင်းမလင်း မသဲမကွဲ။

ကလေးမြို့သားပေမဲ့ မြို့နဲ့အတန်ကြာ ဝေးကွာနေခဲ့ပြီး ယခုမှပြန်ရောက်လာသူ Salai Ngun Nei Paing ဆိုသူ လူငယ်လေးက ဆိုင်ကယ် မောင်းပြီး မြို့ထဲဝင်လာသည်။ ညက ၉ နာရီလောက်တော့ရှိပြီ။ ပုံမှန်အချိန်ဆိုလျှင်တော့ ညဦးအမှောင်မရင့်တရင့်မှာ မြို့မီးရောင်တွေထဲ တဖြည်းဖြည်းတိုးဝင်ရင်း ဇော်ပိုင်ရဲ့ မြို့အဝင်ညတွေဘာတွေ ဆိုချင်ဆိုပစ်လိုက်နိုင်သည်။ အခုတော့ ခေတ်အခြေအနေအရ ရင်တထိတ်ထိတ်မောင်းလာရသည်။ နောက်က ဦးလေးအတွက်ဆေးဝယ်ရန် လမ်းကြုံလိုက်လာသည့် ၁၉ နှစ်အရွယ် သူငယ်ချင်းမလေးကလည်း သူ့အမေကိုတွေ့ရန် စိတ်စောနေသည်မဟုတ်လား။

ဖလမ်းမြို့နယ် Zawngkong ရွာကတောင် မောင်းနှင်လာခဲ့ကြရသည်မို့ ခရီးက ပန်းနေပြီ။ နုန်းနေပြီ။ နားချင်နေကြပြီ။ နွေးထွေးသည့် အိမ်အရိပ်ကလေးတစ်ခုဆီ အမြန်ရောက်ချင်နေသည့်စိတ်ဖြင့် လက်က လီဘာကိုနည်းနည်းတင်းလိုက်သည်။

ကွေ့လေးတစ်ခုကိုအကျော် အမှောင်ထဲကနေ သေနတ်သံလေးငါးချက် ထွက်ပေါ်လာပြီးနောက် ဆိုင်ကယ်ရော သူတို့နှစ်ဦးပါ လွင့်စင်ထွက်သွားသည်။ "၉ နာရီလောက်မှာ ဆိုင်ကယ်အသံကြားရတယ်။ ကြားရတဲ့ကြားကနေ တစ်ခါတည်း သေနတ်ပစ်သံလည်း လေးငါးချက်လောက် ထွက်လာတယ်။ အဲမှာတစ်ယောက် လဲကျသေဆုံးတာက ကျနော့်အိမ်ရှေ့တည့်တည့်မှာပဲ အဲလိုတွေဖြစ်သွားတာ။ ဘယ်သူ့လက်ချက်လဲဆိုတော့ စစ်သားတွေပေါ့နော်၊ တစ်ခါတလေ သူတို့က ဒီဘက်ကို မော်တော်ဆိုင်ကယ်တွေနဲ့လာတယ်။ အဲဒီနေ့ကတော့ စောစောကတည်းက လူတွေမမြင်အောင် ကင်းပုန်းနေကြတာ" ဟု မျက်မြင်သက်သေတစ်ဦးက ပြောပြခဲ့သည်။

စစ်ဆေးရန်တားသည်ကို ရပ်မပေးတဲ့အတွက် ပစ်သည်ဟုအကြောင်းပြသည်။ တကယ်တားသလား မတားသလားကတော့ ကာယကံရှင်တွေပဲသိပေမည်။ ရိုးသားသည်ဆိုလျှင် အပစ်ခံရ၍ ထိုနေရာမှာပင် သေဆုံးသွားခဲ့သည့် Salai Ngun Nei Paing (၂၄ နှစ်) ၏ ရုပ်အလောင်းကို လမ်းဘေးအမှောင်ရိပ်ထဲ ခိုးကြောင်ခိုးဝှက် ဘာကြောင့်ပစ်ထားခဲ့သလဲ။

နောက်နေ့မနက်မှ မိသားစုက ရှာဖွေတွေ့ရှိခဲ့ကြသည်။ ပေါင်တွင်သေနတ်ဒဏ်ရာရသည့် မိုင်နွမ်ဇာထျန်း (Mai Nuam Za Thiang) (၁၉ နှစ်) ကိုမူ ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ည ၁၀ နာရီဝန်းကျင်တွင် ဆေးရုံကိုရောက်ရှိလာခဲ့ပြီး နောက်တစ်နာရီခန့်အကြာမှာ သေဆုံးသွားသည်ဟု ဆိုသည်။ ပေါင်တွင်ရသည့်ဒဏ်ရာတစ်ခုဖြင့် နာရီပိုင်းအတွင်း သေသည်ဆိုတော့ သွေးထွက်လွန်အောင် ထားခဲ့ကြသည်လား။ ဘယ်ပုံသေဆုံးရသည်ကိုရှင်းမပြသည့်အပြင် နောက်နေ့မနက် အိမ်ကိုအကြောင်းကြားတော့ ထိုစဉ်တနိုင်ငံလုံး ခံစားနေရသည့် ကပ်ရောဂါကို အကြောင်းပြသည်။ ကိုဗစ်ကြောင့် သေဆုံးသွားသည်တဲ့။

နှာစေးဖျားနာမှုတောင်မဖြစ်ဘဲ ဦးလေးအတွက်ပင် ဆေးဝယ်ရန် ထွက်လာသည့် ကျန်းကျန်းမာမာ ၁၉ နှစ်အရွယ်လေးက သေနတ်နဲ့ ပစ်ခံခဲ့ရအပြီး ချက်ချင်းကြီးကိုဗစ်ဖြစ်ကာ ဆုံးရသည်ကို မိသားစုကတော့ လက်မခံခဲ့။ အခေါင်းကိုအသေပိတ်ကာ အိမ်ကိုပင် ပြန်သယ်ခွင့်မပေးဘဲ ချက်ချင်း သင်္ဂြိုဟ်ချိုင်းကိုချကာ သင်္ဂြိုဟ်ခိုင်းသည်။ မသင်္ဂြိုဟ်ခင် အခေါင်းကိုဖွင့်ကြည့်ကြတော့ သွေးတွေ ဒဏ်ရာဒဏ်ချက်တွေ တွေ့ရသည်ဟုဆိုသည်။ ကမန်းကတမ်းဖွင့် ဓာတ်ပုံရိုက် ပြန်ပိတ်လိုက်ရသည်မို့ ဆေးစစ်ချက်တွေဘာတွေတော့ မယူနိုင်ခဲ့ကြ။ သို့တိုင် မတရားအသတ်ခံလိုက်ရတာဆိုသည်ကိုတော့ အားလုံးက လက်ခံကြသည်။ ပြည်သူတွေ၏အသက်ကို ဖက်ရွက်လောက်ပင်တန်ဘိုးမထားသည့် အကြမ်းဖက်စစ်တပ်၏ လူမဆန်သည့်လုပ်ရပ်တွေက သည်ကလေးမြို့တစ်မြို့တည်း ဖြစ်နေတာမှ မဟုတ်ဘဲ။ ဒီချင်းလူငယ်လေးနှစ်ဦးသာ ကံမကောင်းအကြောင်းမလှလို့ ဖြစ်ခဲ့ရသည်မှ မဟုတ်ဘဲ။

“စစ်တပ်ရဲ့ အဲလိုလုပ်ပုံလုပ်နည်းက မထူးဆန်းတော့ဘူး။ (ချင်းပြည်နယ်) ဟားခါးမှာလည်း ညဥ်းပန်း နှိပ်စက်ပြီးတော့ သေသွားတဲ့ သူနှစ်ယောက်ကို ကိုဗစ်ကြောင့်သေတယ်လို့ ပြောတာမျိုးတွေရှိခဲ့တယ်။” အခုဒီကလေးမြို့ကဖြစ်ရပ်ဟာ အရပ်သားတွေအပေါ်မှာ စစ်တပ်ဟာ စစ်ရာဇဝတ်မှုကို ကျူးလွန်နေတယ် ဆိုတာကို ဖော်ပြနေတယ်လို့လည်း ချင်းလူ့အခွင့်အရေးအဖွဲ့ CHRO က ဒုတိယ အမှုဆောင်ဒါရိုက်တာ ဆလိုင်း ဇအုပ်လိန်း (Sali Zaukling) က ပြောဆိုခဲ့သည်။

နွေဦးတော်လှန်ရေးအတွင်း ကလေးမြို့ နာမည်ကျော်တာဟန်းခံတပ်ကို စစ်အကြမ်းဖက်တပ်က အင်အားမတန်တဆသုံးစွဲကာ ဖြိုခွင်းခဲ့ရာတွင် ပြည်သူ့သူရဲကောင်းများစွာ ကျဆုံးခဲ့ရသည်။ ထို့နောက်ပိုင်း တွန်းဇံမြို့က စခဲ့သည့် ကိုဗစ်တတိယလှိုင်းကြောင့် ကလေးမြို့တွင် လူပေါင်း ၁၀၀ ကျော် အသက်ဆုံးရှုံးရပြန်သည်။ သည်ကြားထဲ အခုလို မထင်ရင်မထင်သလို ကိုဗစ်ခေါင်းစဥ်တပ်ကာ အနိုင်ကျင့်သတ်ဖြတ်မှုတွေက ပြည်သူတို့၏ ဘဝလုံခြုံရေးအာမခံချက် ကင်းမဲ့ပုံကိုဖော်ပြနေလေသည်။ ကပ်ရောဂါကိုဗစ်ကကာကွယ်ဆေးထိုးလို့ရသည်။ သည်မထင်သလိုခေါင်းစဥ်တပ်ခံနေရသည့် ကိုဗစ်ရန်ကိုကျ ဘယ်လိုကာကွယ်ရမည်နည်း။ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန် ခုခံစစ်မှတပါး ပြည်သူတွေမှာ ရွေးချယ်စရာမရှိခဲ့ပါ။

**ဖြစ်စဉ်အကျဉ်း**

- ဖလမ်းမြို့နယ် ဇောလ်နူးရွာသူ။
- ဆယ်တန်းစာမေးပွဲအောင်မြင်ပြီး တက္ကသိုလ်တက်ရောက်ရန် စောင့်ဆိုင်းနေသူ။
- ဇွန်လ ၂၃ ရက်တွင် မိခင်ဖြစ်သူနှင့်တွေ့ဆုံရန် ကလေးမြို့သို့လာရောက်။
- ထိုနေ့ည ၉ နာရီလောက်တွင် တောင်ဖီလာရပ်ကွက် ဝန်ထမ်းအိမ်ရာအနီး၌ စီးလာသည့်ဆိုင်ကယ်ကို ပစ်ခတ်ခံရ။
- ပေါင်တွင်ဒဏ်ရာရရှိပြီး စစ်ဆေးရုံသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့။
- ထိုည ၁၀ နာရီဝန်းကျင်တွင် ဆေးရုံသို့ရောက်ပြီးနောက် ၁ နာရီခန့်အကြာတွင် သေဆုံးသွားသည်ဟုဆို။
- နောက်တစ်နေ့၌ ကိုဗစ်ပေါ့စတစ်ဟုဆိုကာ အလောင်းကို အသေပိတ်ပြီးပြန်ပေး။



# မသူသူဇင်

အသက် - ၂၅ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇူလိုင် (၂၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မဟာမြတ်မုနိဘုရားကြီး အရှေ့ဖက်မုခ်၊ မန္တလေး။
နေရပ်လိပ်စာ - မန္တလေးတိုင်းဒေသကြီး။

နေမပျော်တဲ့ဘဝမှာ ရှင်သန်ခြင်းဟာ တွားသွားနေရသလိုသာဖြစ်ခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်အာဏာသိမ်းကတည်းက နေ့တွေကို တစ်ရက်ချင်း ရေတွက်ကာ နေထိုင်လာကြရသည့် မြန်မာပြည်သူတွေရဲ့ဘဝမှာ နွေဦးတော်လှန်ရေး နိုင်ကိုနိုင်ရမည်ဆိုသည့် စိတ်ဓာတ်က ငြိမ်းသေသွားလို့မရ။ တစ်နေရာရာမှာ တနည်းနည်းဖြင့် စစ်အာဏာရှင်ဆန့်ကျင်ရေးကို ကိုယ်လက်လှမ်းမီသည့်နေရာမှာ ကိုယ်နိုင်သလောက် လုပ်နေကြတာကို တွေ့နေရသည်။ ဒီအထဲမှာ ဖေဖော်ဝါရီလ ၈ ရက်မှသည် ယနေ့အထိ တစ်ရက်မပျက် လမ်းပေါ်ထွက်နေသည့် မြတောင်သပိတ်စစ်ကြောင်းလည်းပါသည်။ သံဃာတော်တွေက ခြံရံကာ လူထုလူတန်းစားပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံတို့ စုရုံးချီတက်ခဲ့ကြသည့် နာမည်ကျော်သပိတ်စစ်ကြောင်းကြီးဖြစ်သည်။

မန္တလေးသံဃာထုဆိုသည် လူထုနှင့်ဘယ်တုန်းကမှ မကင်းကွာခဲ့။ ရှစ်လေးလုံးမှသည် ရွှေဝါရောင်အထိ တာဝန်ကျေခဲ့သည့် ဒကာ၊ ဒကာမတို့၏ သုံးပါးမြောက်ရတနာအစစ်ဆိုလည်းမမှား။ ဒီနွေဦးမှာလည်း ရွှေဝါရောင်ဆရာတော် ဦးအာစရကိုယ်တိုင်ဦးဆောင်၍ မြတောင်သပိတ်စစ်ကြောင်းကြီးရှေ့က ချီတက်ခဲ့ကြသည်။ ကာမဂုဏ်လာဘ်လာဘတို့ဖြင့် သံဃာထုကို ဖြိုခွဲဖျက်ဆီးကာ ဘာသာရေးကို လူထုဖိနှိပ်ရေးမှာ တလျှောက်လုံးအသုံးချလာခဲ့သည့် တရားလက်လွတ်အုပ်စိုးသူတို့က ဒါကို အင်မတန်ကြောက်ရွံ့သည်။ သံဃာနှင့်လူထုပေါင်းစည်းမှုက သူတို့အာဏာအခြေခံတွေကို အရင်းကကိုင်လှုပ်နေသည်မဟုတ်လား။

ထို့ကြောင့် နွေဦးတော်လှန်ရေးတလျှောက် မြတောင်သပိတ်စစ်ကြောင်းကို အရပ်ဝတ်ဖြင့်ပစ်ခတ်ဖြိုခွဲခဲ့သည်။ ကားဖြင့်ဝင်တိုက်ကာ ဖြိုခွဲခဲ့သည်။ သံဃာတော်တွေသီတင်းသုံးသည့် ကျောင်းတိုက်တွေထဲအထိ ဝင်ရောက်စီးနင်းဖြိုခွဲခဲ့သည်။ သည့်တိုင် မြတောင်သပိတ်က အချိန်တန် တစ်နေရာရာက ထွက်ပေါ်လာစမြဲ။ မနက်ပစ်ခတ်ဖြိုခွဲလည်း ညနေကျ မြတောင်သပိတ်က လမ်းပေါ်ပြန်ရောက်လာစမြဲ။ သည်လိုဖွဲ့မာန်အပြည့်ဖြင့် မြတောင်သပိတ်အတွက် စွန့်လွှတ်ပေးဆပ်ခဲ့ရသည့် နွေဦးတော်လှန်ရေး သူရဲကောင်းတွေကလည်း မနည်း။

မြတောင်သပိတ်စစ်ကြောင်းတွင် ပထမဆုံးကျဆုံးခဲ့ရသူမှာ ကိုလင်းထက်ဖြစ်သည်။ အသက် ၁၉ နှစ်သာရှိသေးသည့် ရတနာပုံတက္ကသိုလ်မှ ဘူမိဗေဒကျောင်းသား ကိုလင်းထက်မှာ မြတောင်စစ်ကြောင်း၏ ဒိုင်းကာအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သပိတ်စစ်ကြောင်းကို အကာအကွယ်ပေးရင် စစ်အကြမ်းဖက်တပ်ရဲ့ ပစ်ခတ်သတ်ဖြတ်ခြင်းခံလိုက်ရသည်။ အလောင်းကို လုံခြုံရေးတပ်ဖွဲ့တွေက ယူဆောင်သွားသည်။ မိဘတွေကိုယ်တိုင် သင်္ဂြိုဟ်ခွင့်မရခဲ့။

အာဏာသိမ်းပြီး (၁၆၉) ရက်မြောက်နေ့ ဇူလိုင်လ ၂၇ ရက်တွင် မနက်ပိုင်းထွက်လာသည့် မြတောင်စစ်ကြောင်းကို နေ့လည် ၁၂ နာရီခွဲလောက်မှာ မဟာမြတ်မုနိဘုရားကြီး အရှေ့ဘက်မုခ်နားမှာ ပစ်ခတ်ဖြိုခွဲခဲ့သည်။ ယူနီဖောင်းဝတ် စစ်သားနှင့်ရဲများမဟုတ်။ ရပ်ကျေးအုပ်ချုပ်ရေးမှူးခေါင်းဆောင်သည့် အရပ်ဝတ်နှင့်သေနတ်ကိုင်များက စည်းကမ်းမဲ့ရမ်းကားစွာ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ လူငယ် (၃) ဦး ကျည်ထိမှန်ခဲ့ပြီး မသူသူဇင်ဆိုသည့် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးလေးနှင့် အခြားယောကျာ်းလေးတစ်ဦးတို့ ကျဆုံးခဲ့ရသည်။ ထုံးစံအတိုင်း ဒဏ်ရာတန်းလန်း သွေးတန်းလန်းနှင့် တရွတ်ဆွဲကာ ကောက်တင်သွားကြသည်။

AAPP

မိသားစုကတောင်းဆိုခဲ့သော်လည်း အလောင်းကိုပြန်မပေး။ စစ်တပ်ထဲမှာ သဂြိုလ်လိုက်ပြီဟုဆိုသည်။ ဥပဒေကို ဖောက်ဖျက်သလို လူ့ကျင့်ဝတ်လည်း ကင်းမဲ့လွန်းလှသည်။

"စစ်သားတို့၊ ရဲတို့က ပစ်တာမဟုတ်ဘူး။ ဒီစစ်တပ်က ခန့်ထားတဲ့ အုပ်ချုပ်ရေးမှူးပေါ့။ ဒီဘက်က အခေါ်ဆိုရင် ပျူစောထီးပေါ့လေ။ သူဆောင်ထားတဲ့ ပစ္စတိုနဲ့ ပစ်တာ။ ဒါရှင်းရှင်းလေးပဲ လူသတ်မှုကို ဖုံးကွယ်ချင်လို့ အလောင်းပြန်မပေးတာပေါ့"ဟု ဖြစ်စဉ်ကို သိရှိသူတစ်ဦးက ပြောပြခဲ့သည်။ လူသတ် အလောင်းဖျောက်ဆိုတာ ပိုအပြစ်ကြီးတဲ့ ရာဇဝတ်မှုတစ်ခုမဟုတ်လား။ အခုတော့ အာဏာပိုင်ဆိုသည့်လူတွေက ဖြစ်ရိုးဖြစ်စဉ်တစ်ခုလို လွယ်လွယ်ကလေး ကျူးလွန်နေကြသည်။ အပြစ်ကျူးလွန်မှန်းသိနေသည့် သူတို့အတွင်းစိတ်ကြောင့် ဖုံးဖိဖျောက်ဖို့ ကြိုးစားနေကြခြင်းလည်းဖြစ်သည်။ လူသတ်ပြီး အလောင်းကိုပြန်ဖော်ကာ သက်သေကျည်ဆံကိုထုတ်သည်။ လူသတ်ပြီး ရင်ခွဲ လုပ်ချင်ရာလုပ်ပြီး ချက်ချင်းမီးရှို့သင်္ဂြိုဟ်ခိုင်းသည်။ လူသတ်ပြီး အစုလိုက်အပြုံလိုက် မီးရှို့ပစ်သည်။ လူသတ်ပြီး အလောင်းကိုပြန်မပေးဘဲ ဖျောက်ပစ်သည်။

အသက်ကင်းမဲ့နေသည့် သနားစရာသမီးငယ်လေး၏ နောက်ဆုံးမျက်နှာလေးကိုမှ မိဘတွေမှာ မြင်တွေ့ခွင့်မရလိုက်။ သူငယ်ချင်းရဲဘော်ရဲဘက်တွေက သူတို့ချစ်သောသူရဲကောင်းမလေးရဲ့ ဓာတ်ပုံဘောင်လေးတွေကိုကိုင်ကာ ပန်းခွေပန်းခြင်းကလေးတို့ဖြင့် ရည်စူးသင်္ဂြိုဟ်လိုက်ကြရသည်။ ကုသိုလ်ကောင်းမှုပြု အမျှဝေလိုက်ကြရသည်။ အရိုးပြာလေးကိုမျှ ဖွဖွဆုပ်ကိုင်ခွင့်မရကြ။ မိုးကောင်းကင်ပြာပြာပေါ်နောက်ဆံတင်င်င်နှင့် လွင့်ဝဲဝေ့တက်သွားသည့် မီးခိုးမျှင်လေးကိုမျှ လှမ်းမျှော်ငေးခွင့်မရ။

အာဏာသိမ်းပြီး ၉ ရက်အကြာမှာ မြသွဲ့သွဲ့ခိုင်ခေါင်းထဲ ကျည်ဆံတစ်တောင့်စိုက်ဝင်သွားခဲ့သည်။ အခု အာဏာသိမ်းပြီး ၁၆၉ ရက်အကြာမှာ မသူသူဇင်ရဲ့ခေါင်းထဲ နောက်ကျည်ဆံတစ်တောင့် စိုက်ဝင်သွားခဲ့ပြန်သည်။ သူတို့က ခေါင်းကိုပစ်တယ်၊ တော်လှန်ရေးက နှလုံးသားထဲမှာရှိတာ ဆိုသည့် ကျဆုံးသူ ကဗျာဆရာခက်သီရဲ့ ကဗျာလေးအတိုင်းပင်။ လူချစ်လူခင်များသည့် ပြာကလက်စိန်လေး မသူသူဇင်တစ်ယောက် သူအမြဲကိုင်ဆောင်သည့် အလံတိုင်လို မြတောင်သပိတ်ထိပ်ဦးမှာ တလူလူလွင့်နေဦးမှာဟု သူ့လုပ်ဖော် ကိုင်ဖက်တွေက ယုံကြည်ကြသည်။ စိုက်ဝင်သွားတဲ့ကျည်ဆံနဲ့အတူ ခေါင်းငုံ့မခံခဲ့ဘူးဟု လွမ်းတခဲ့ကြသည်။ နောက်တစ်နေ့ ဇူလိုင် ၂၈ ရက်နေ့ ညနေမှာ မြတောင်သပိတ်စစ်ကြောင်း မန္တလေးရဲ့လမ်းမတစ်နေရာမှာ ပြန်လည်ပေါ်ထွက်လာခဲ့သည်။ ကျဆုံးသွားခဲ့သူ မသူသူဇင်ကို အလေးပြုရင်း အလံမလဲဘဲ ပြန်ထလာတာဟု ဆန္ဒပြချီတက်ရာတွင် ပါဝင်လာသူတို့က ခိုင်မာပြတ်သားစွာ ပြောဆိုခဲ့ကြသည်။ ဒီလိုနွေဦးတော်လှန်ရေးက မနိုင်ဘဲရှိပါ့မလား။

အလောင်းကိုဖျောက်လို့ရတယ်၊ အမှုကို ဖျောက်လို့မရဘူးဆိုတာ ရာဇဝတ်သားတွေ တစ်နေ့သိကြရမည်။ ဒီအမှုတွေက ပြေးလို့လွတ်မှာတဲ့လား။

**ဖြစ်စဉ်အကျဉ်း**

- မြတောင်သပိတ်စစ်ကြောင်းတွင် တရက်မပျက် ရှေ့တန်းမှအလံကိုင်ကာ ဦးဆောင်ချီတက်ခဲ့သူ။
- မဟာမြတ်မုနိဘုရားကြီး အရှေ့ဘက်မုခ်အနီး သပိတ်ဖြိုခွဲခံရရာတွင် ဦးခေါင်းကို ကျည်ထိမှန်ကျဆုံး။
- အလောင်းကို မိသားစုဝင်တွေထံ ပြန်မပေးဘဲ မန္တလေးတောင်ခြေက ခမရ (၉၅) တပ်ထဲမှာ မီးသင်္ဂြိုဟ်။
- စစ်အာဏာသိမ်းပြီး ၁၆၉ ရက်မြောက်နေ့တွင် ကျဆုံးခဲ့ရသည့် နွေဦးသူရဲကောင်းအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်။

"တစ်ဖွဲ့လုံးက ပြာလောင်ခတ်တတ်လို့ ချစ်စနိုးနဲ့ "ပြာကလတ်စိန်" လို့
ခေါ်ပြီး စကြ နောက်ကြနဲ့။ လူချစ်လူခင်ပေါ့တဲ့ ကလေးမလေး။
စိုက်ဝင်သွားတဲ့ ကျည်ဆန်နဲ့အတူ ခေါင်းငုံ့မခံခဲ့ဘူး။
အောင်ပွဲတစ်နေ့ အမျှကုသိုလ်ထပ်ပေးဝေကြပါဦးမယ်။
အခုတော့ ခဏ အနားယူလိုက်ပါဦး"
(မြတောင်စစ်ကြောင်းက ရဲဘော်ရဲဘက်တစ်ဦး)



# မဝေဝေမြင့် (ခ) ပန်းသီး

အသက် - ၂၉ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဩဂုတ် (၁၀) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
နေရပ်လိပ်စာ - ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

“သေသော်မှတည့် သြော်…ကောင်း၏” ဆိုတာ နာမည်ကျော်ဝတ္ထုတစ်ပုဒ်ရဲ့နာမည်၊ သမိုင်းဝင်ကဗျာတစ်ပုဒ်ထဲက လူတွေ ရင်ထဲစွဲကျန်ရစ်စေခဲ့တဲ့ သမိုင်းတွင်ခဲ့တဲ့ စာသား။ ဆန့်ကျင်တော်လှန်ရေးလှုပ်ရှားမှု တစ်ခုအတွက်တော့ အမြင့်ဆုံး တိုက်ပွဲဝင်စိတ်ဓာတ်ကို ဖော်ညွှန်းခြင်းပဲဖြစ်သည်။ ဩဂုတ်လ ၁၀ ရက် ညနေခင်းမှာ ရန်ကုန်မြို့ ၄၄ လမ်းက ပေ ၅၀ နီးပါး အမြင့်ရှိ တိုက်ခန်းတစ်ခုကနေ လူငယ် (၅) ဦး ခုန်ချသွားကြသည်။ ကွန်ကရစ်သားတွေခင်းထားသည့် ဟိုးအောက်က နောက်ဖေးလမ်းကြားထဲကို အတွန့်အဆုတ်မရှိ ခုန်ချပစ်လိုက်ကြသည်။ "အလွတ်ကြီးခုန်ချသွားတာ၊ အလွတ်ကြီးခုန်ချသွားတာ" ဟု ဝင်ရောက်ဖမ်းဆီးသည့် အကြမ်းဖက်သမားတစ်ယောက်ကပင် ပါးစပ်ဟောင်းလောင်းဖြင့် အံ့အားတကြီး ရွတ်ဆိုကျန်ရစ်ခဲ့ရလောက်အောင် စွန့်စားပေးဆပ်သွားခဲ့ကြသည်။

နောက်တစ်ခါဆိုရင် အဖမ်းမခံတော့ဘူး၊ အသက်အသေခံလိုက်မယ်ဟု ပြောခဲ့ဘူးသည့် မဝေဝေမြင့် (ခ) ပန်းသီး တစ်ယောက်လည်း သူတို့နဲ့အတူ ခုန်ချသွားခဲ့သည်။ စနိုးဝှိုက်မင်းသမီးလို ဂါဝန်အပြာနုလေးက ကွန်ကရစ်သားနဲ့ဆောင့်ရိုက်ပြီး သွေးအိုင်ထဲ၌ရွှံ့နစ်နေတာကို ညောင်ကိုင်းတွေအပေါ်က တိတ်တဆိတ်ငုံ့ခိုးကြည့်စဉ် ရင်နင့်ဖွယ်တွေ့လိုက်ရသည်။ ဒီဓာတ်ပုံလေးနဲ့ အလွတ်ကြီးခုန်ချသွားတာ ဆိုသည့်အသံက တပြည်လုံးရှိ ပြည်သူတွေ၏ရင်ကို ထိခိုက်ကြေကွဲစေခဲ့သည်။ ပြီးတော့ သူတို့အားလုံးရဲ့ စိတ်နှလုံးသားထဲမှာ ပဲ့တင်မြည်ကျန်ရစ်ခဲ့တာကလည်း “သေသော်မှတည့် သြော်…ကောင်း၏” ပဲဖြစ်သည်။

“မြေကြီးပေါ်ခုန်ချလိုက်တာ မိုးပေါ်မှာ ကြယ်ကလေးတွေဖြစ်သွားတယ်”။ ပေးဆပ်စွန့်လွှတ်သူတို့ဟာ ဘယ်တော့မှ သမိုင်းခြေဖဝါးအောက်မှာ ဖုန်မှုန့်လေးတွေ ဖြစ်မသွားဘူး။ မိသားစုအပေါ် ချစ်ခင်တွယ်တာသည့် သာမန်သူလိုကိုယ်လို အိမ်ထောင်သည် အမျိုးသမီးတစ်ဦးဘဝမှ နေပြည်တော်က မမြသွဲ့သွဲ့ခိုင်ကျဆုံးအပြီးမှာတော့ နဂိုတည်းက မဟုတ်မခံစိတ်ဓာတ်ရှိသူ မဝေဝေမြင့်တစ်ယောက် နွေဦးတော်လှန်ရေးမှာ သူတတ်နိုင်သည့်ဘက်က ပါဝင်လာခဲ့သည်။ ကျောက်မြောင်းစုရုံးမှုတစ်ခုမှာ အခြားလူ (၁၈) ဦးနှင့်အတူ မဝေဝေမြင့် အဖမ်းခံခဲ့ရသည်။ နောက်တစ်နေ့ညနေမှာ လွတ်လာပေမယ့် ညှဉ်းပန်းနှိပ်စက်တာတွေ၊ စော်ကားအနိုင်ကျင့်တာတွေ၊ မြင်လာခံစားလာရတာက ဒဏ်ရာတစ်ခုလို ပါလာသည်။

ဖမ်းဆီးတာတွေက ရမ်းကားလွန်းသလို ညှဉ်းပန်းစစ်ကြောတာတွေက လူမဆန်လွန်းသည့် လုပ်ရပ်တွေကြောင့် အာဏာသိမ်းစစ်တပ်၏ သရဲသဘက် ဆန်မှုကို ပြည်သူအားလုံးက ရွံကြောက်ကြီးဖြစ်နေခဲ့သည်။ အတိတ်ကာလတလျှောက် ပြည်သူအပေါ်ကြောက်စိတ်သွင်းပြီး အုပ်ချုပ်လာခဲ့ကြသူများက ဒီတစ်ခါလည်း နောက်တစ်ခါ မျက်လှာတောင်လှန်မကြည့်ရဲလောက်အောင် လုပ်ပစ်မည်ဟု စိတ် ပိုင်းဖြတ်ထားပုံရသည်။ လမ်းပေါ်မှာပစ်သတ်သည်။ မသေမရှင်ကို မီးရှို့သတ်သည်။ သွေးကြောင်းကြီးထင်ကျန်ရစ်အောင် လမ်းပေါ်မှာ တရွတ်ဆွဲခေါ်သွားသည်။ ညနေလာခေါ်သွားပြီး မနက်အလောင်းလာယူခိုင်းသည်။ ဘယ်လောက်ထိတ်လန့်တုန်လှုပ်စရာကောင်းလိုက်ပါသလဲ။ လူစိတ်ကင်းမဲ့လွန်းလိုက်ပါသလဲ။

ဒီကြောက်စိတ်ကြောင့် နောက်ဆုတ်လိုက်လျှင်၊ ဒီကြောက်စိတ်ကြောင့် အရှုံးပေးလိုက်လျှင်၊ ရှုံးသွားရင်ပိုကြောက်ဖို့ ကောင်းတယ်ဆိုတာ သိလိုက်တဲ့အခါ ကြောက်စိတ်ကို ကျော်လွှားနိုင်သည်။ ကြောက်စိတ်ရဲ့အလွန်မှာ ကိုယ်လိုချင်တဲ့ဘဝတစ်ခု၊ အားလုံး ၏လိုချင်တဲ့ဘဝတစ်ခုရှိတယ်ဟု သိလိုက်သည့်အခါ ကြောက်စိတ်က မခြောက်လှန့်နိုင်တော့။ ယုံကြည်မှုက ကြောက်စိတ်ကို အောင်နိုင်သည်။ ဒီလိုနဲ့ ကျေးကျွန်ဆန်တဲ့ဘဝ၊ ကြောက်လန့်ဒူးထောက်နေရတဲ့ဘဝထက် သေခြင်းတရားကို မကြောက်မရွံ့ ရင်ဆိုင်သွားခဲ့ကြခြင်းပင်။

တကယ်ဆိုလုံခြုံအေးချမ်းတဲ့ မိသားစုဘဝလေးကို ဘယ်သူစွန့်လွှတ်ချင်ပါ့မလဲ။ ကိုယ့်ကိုယ်ပွားကလေးလို အရိပ်ကလေး တကြည့်ကြည့်ကြည့်ရင်း အိပ်မက်အကြီးကြီးတွေမက်ခဲ့ရတဲ့ ချစ်စရာသမီးလေးကို မဝေဝေမြင့်တယောက် အခုလိုထားရစ်ခဲ့ဖို့ ယောင်လို့တောင် စဉ်းစားခဲ့ဘူးမည်မဟုတ်။ ကိုကိုနဲ့သမီးလေးကိုချစ်တယ်၊ ဒီမိသားစုလေးနဲ့နေရတာပျော်တယ်လို့ တဖွဖွပြောခဲ့ဖူးတာမဟုတ်လား။ အခုတော့မေမေကောဟုမေးလာသည့်အခါ သမီးအမြဲနှစ်သက်သည့်အိပ်ယာဝင်ပုံပြင်လေးထဲက အတောင်ပံနဲ့နတ်သမီးဖြစ်သွားပြီဟု သမီးကျေနပ်မှာမဟုတ်သည့်အဖြေကိုပဲ ရင်နင့်နင့်နှင့် ပေးခဲ့ရသည်။

ဇနီးဖြစ်သူ၏ အလောင်းကို ပြန်သယ်ယူခွင့်မရ၊ သဂြိုဟ်ခါနီးမှ မျက်နှာကလေးပဲ ခဏလှပ်ပြကာ မြင်ခွင့်ပေးသည်။ သူသေရင်မီးမရှို့ပါနဲ့၊ မီးကိုကြောက်တယ်ဟု ပြောဘူးခဲ့သည့် ဇနီးသည်၏အလိုကို မဝေဝေမြင့်၏ခင်ပွန်းခမျာ မဖြည့်နိုင်ခဲ့။ အာဏာပိုင်တွေက သူ့ဇနီးကိုမီးသဂြိုဟ်ပစ်လိုက်သည်။ ပြီးတော့ အလွမ်းပြေ အုတ်ဂူလေးနှင့် အေးချမ်းရာဗိမာန်ကလေး ပြုလုပ်ပေးချင်ခဲ့သည့်တိုင် အရိုးပြာကိုမျှ တောင်းခွင့်မရခဲ့။ ဥပဒေမဲ့ကျူးလွန်ခဲ့သူတို့က လုပ်ရဲရင်ခံရဲတယ်ဆိုသည့် သတ္တိစိတ်ကလေးတောင်မရှိ။ အားလုံးစည်းမျဉ်းအတိုင်းလုပ်တာဆိုသည့် စကားတစ်ခွန်းဖြင့် သမိုင်းကို ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားကြသည်။

ဩဂုတ်လ ၁၁ ရက်ညနေပိုင်း ရွှေပြည်သာက ချောင်ကျကျ မထင်မရှား ကျုချောင်းသုသာန်လေးမှာ မီးခိုးငွေ့လေးအဖြစ် မဝေဝေမြင့် (ခေါ်) ပန်းသီးတစ်ယောက် လွင့်ပြယ်ကွယ်ပျောက်သွားခဲ့ပါပြီ။ သူနှင့်အတူခုန်ချသူ (၅) ဦးတွင် (၂) ဦး ကျဆုံးခဲ့သည်။ (၃) ဦးအပြင်းအထန်ဒဏ်ရာရသည်။ (၂) ဦးကို ထိုတိုက်ခန်းတွင်ပင် ဖမ်းဆီးမိခဲ့ကာ (၁) ဦးမှာ ကံကောင်းထောက်မစွာ လွတ်မြောက်သွားခဲ့ကြောင်း နောက်ပိုင်းမှာသိရသည်။ ဖမ်းမိသည့် (၂) ဦးကို အသုံးချကာ သူတို့ကို လက်နက်တွေ၊ မူးယစ်ဆေးတွေဖြင့် တွဲကာ မဟုတ်မတရား စွပ်စွဲအမှုဆင်သည်။ လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိ စော်ကားပုတ်ခတ်သည်။

သို့တိုင် ပြည်သူတွေကတော့ တိုက်ပေါ်မှခုန်ချပြခဲ့ကြသည့် သူတို့သတ္တိသွေးမှာ တော်လှန်စိတ်တွေ ပူနွေးလှိုင်းထန်ခဲ့ကြသည်။ ညီမလေးမြသွဲ့သွဲ့ခိုင်ကြောင့် မဝေဝေမြင့်တွေအများကြီး လမ်းပေါ်တက်လာခဲ့သည်။ အခု တိုက်ခေါင်မိုးပေါ်က ခုန်ချသွားသည့် မဝေဝေမြင့်နှင့် သူရဲကောင်းတွေကြောင့် ကျရှုံးတာထက်သေရတာကမြတ်တယ်ဆိုသည့် နွေဦးလှိုင်းတံပိုးတွေ ပိုလို့ရိုက်ခတ်ပြင်းထန်လာဦးမည်သာ။ စစ်ကျွန်ဘဝကလွတ်ဖို့ဆိုရင် အလွတ်ကြီးခုန်ချကြဖို့ ဘယ်သူကမှ ဝန်လေးနေကြတော့မည်မဟုတ်။ ထို့အတူ စစ်အာဏာရှင်တွေကို အဖန်ငါးရာငါးကမ္ဘာပေါ်က အလွတ်ကြီးကန်ချပစ်လိုက်ဖို့လည်း ဘာအတွက်မှ တွန့်ဆုတ်နေကြမည်မဟုတ်တော့။

**ဖြစ်စဉ်အကျဉ်း**

- ရန်ကုန် ကော့မှူးမြို့ဇာတိ။
- နွေဦးတော်လှန်ရေး စတင်စဉ်ကတည်း တက်ကြွစွာပါဝင်။
- ဧပြီလအတွင်းက ကျောက်မြောင်း လူငယ် ၁၈ ဦး ဖမ်းဆီးခံရမှုတွင် အဖမ်းဆီးခံခဲ့ရဖူး။
- ဩဂုတ် ၁၀၊ ၄၄လမ်း အမှတ် ၃၈ သုံးလွှာတိုက်ခန်းအား ဝင်ရောက်စီးနင်းခံရမှုတွင် ၅ ထပ်တိုက် ခေါင်းမိုးပေါ်မှ ခုန်ချကျဆုံး။
- ခင်ပွန်းနှင့်အတူ ၅ နှစ်အရွယ် သမီးငယ်လေး ကျန်ရစ်။

> “အောင်မြင်နေတဲ့ စီးပွားရေး၊ ပျော်ရွှင်စရာမိသားစုဘဝ လေးကို တော်လှန်ရေး
> အတွက် စတေးသွားခဲ့ပြီ… နာကျင်စွာနဲ့ ဦးညွှတ်အလေးပြုပါတယ်ဗျာ။ နှောင်တစ်ချိန်
> တော်လှန်ရေးအကြောင်းပြောကြတဲ့အခါ… ဘာမှ မဟုတ်တဲ့ ကျွန်တော်တို့တွေက…
> အမတို့ အာဇာနည်တွေရဲ့ ပေးဆပ်မှုကို အမြဲ အလေးအမြတ်ပြုနေမှာပါ”
> ခက်ဇော် (စာရေးဆရာ)

AAPP



# မခင်ခင်ကြွယ်

အသက် - ၂၄ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - စက်တင်ဘာ (၂၅) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မြေနီကုန်းတံတားအနီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
နေရပ်လိပ်စာ - ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကျဆုံးသွားတဲ့ ငါတို့ရဲဘော်တွေအတွက် ဆက်လက်တိုက်ပွဲဝင်မယ်လို့ မတ်လ ၂၉ ရက်တုန်းက သူပြောခဲ့တဲ့အတိုင်း ရွာကအမေက စိုးရိမ်တကြီး ပြန်ခေါ်နေသည့်တိုင် မခင်ခင်ကြွယ်တစ်ယောက် အိမ်မပြန်ခဲ့ပါ။ ခေါင်းမာစွာပင် ရန်ကုန်မြို့တွင် ဆက်လက်နေထိုင်ကာ နွေဦးတော်လှန်ရေးကို ယုံကြည်ချက်တူသူချင်းစု၍ ဆက်လက်တိုက်ပွဲဝင်နေခဲ့သည်။ တောထဲလည်းမသွား၊ လက်နက်ကိုင်သင်တန်းလည်းမတက်ဘဲ လူထုကြားမှာနေထိုင်ရင် လူထုပြောက်ကျားသပိတ်တွေကို အခက်အခဲတွေကြားကနေ အလံမလိပ် အသံမတိတ်အောင် ဆက်လက်ဆင်နွှဲခဲ့ကြသည်။

"သပိတ်ထွက်တိုင်းပါတယ်။ လမ်းပေါ်မထွက်နိုင်ရင် သူက ကင်းထောက်လုပ်ပေးတယ်။ ညီမတို့အဖွဲ့ သပိတ်ထွက်ရင် စောင့်ကြည့်ပေးတဲ့ အထဲပါခဲ့တယ်" လို့ သပိတ်စစ်ကြောင်းတွေ အတူတူထွက်ခဲ့သည့် အမျိုးသမီးငယ်က စိတ်ထိခိုက်စွာ ပြန်ပြောပြသည်။ ထို့ကြောင့်ပင် အာဏာသိမ်းပြီး ရှစ်လကျော်သည်အထိ လူမဆန်စွာ အကြမ်းဖက်နှိပ်ကွပ်ခဲ့သော်လည်း လူထုရုန်းကန်မှုက သေဆုံးမသွားခဲ့။ ဆက်လက် လူးလွန့်ရှင်သန်နေဆဲဖြစ်ကြောင်း သက်သေပြကာ အာဏာလုစစ်တပ်ကို ခြောက်ခြားစေခဲ့သည်။

တစ်ဖက်တွင်လည်း ရွေးချယ်စရာမရှိ၍ ပြည်သူတို့၏လုံခြုံလွတ်လပ်မှုအတွက် ခုခံစစ်ဆင်နွှဲရန် လက်နက်စွဲကိုင်ခဲ့ကြသော ပြည်သူတွေကို အာဏာသိမ်းစစ်တပ်က အကြမ်းဖက်သမားဟု သူခိုးကလူဟစ်သလို လုပ်ကြံစွပ်စွဲလာကြသည်။ ဩဂုတ်လအတွင်းတုန်းကလည်း ဆန္ဒပြလူငယ်အုပ်စုတစ်စုကို အကြမ်းဖက်ဝင်ရောက်စီးနင်းပြီး လက်နက်တွေ၊ မူးယစ်ဆေးဝါးတွေဖြင့် လုပ်ကြံဇာတ်ခင်းခဲ့သည်။ ရန်ကုန်မြို့ကပြောက်ကျားသပိတ်တွေကို မြို့ပြပြောက်ကျားခုခံစစ်ဖြင့် ရောချကာ နှစ်ပယ်ရှင်းဖို့ ယုတ်ယုတ်မာမာကြံစည်ခဲ့ကြသည်။ မခိုင်လုံသောအကြောင်းပြချက်များဖြင့် လုပ်ကြံအာဏာသိမ်းခဲ့သူများပီပီ ဘယ်ကိစ္စကိုမှ အမှန်အတိုင်းမပြောဆိုတတ်ကြ။ သူတပါးနစ်နာလျှင်ပြီးရော ယုတ်ယုတ်မာမာ ကြံစည်ပြောဆိုတတ်ကြသည်။ တပြည်လုံး အသဲကွဲခဲ့ရသည် ၄၄ လမ်းကိစ္စတုန်းကလည်း တိုက်ပေါ်မှ ခုန်ချကာ တိုက်ပွဲဝင်စိတ်ဓာတ်ကို အမြင့်ဆုံးဖော်ပြသွားခဲ့ကြသည့် ကလေးတွေကို သေဆုံးခဲ့ပြီးသည့်နောက်မှာပင် နိုင်ငံရေးတင်မက လူမှုရေးကိစ္စတွေပါ မဟုတ်မတရားပြောဆိုကာ စော်ကားပုတ်ခတ်ခဲ့ကြသည်။

သို့သော် ပြည်သူတရပ်လုံး၏ မျက်စိရှေ့မှောက်မှာ သူတို့အတွက် ဆိတ်ကွယ်ရာမရှိ။ သူတို့လုံခြုံရေးအတွက် မြို့အနှံ့လိုက်လံ တပ်ဆင်ထားသည့် စီစီတီဗီတွေထက်ပင် ပြည်သူတွေ၏ မျက်လုံးပေါင်းသိန်းသန်းကုဋေက ထောင့်စုံဘက်စုံလှသည်။ ထို့ကြောင့် သူတို့စစ်သားတွေပင် သေဆုံးရသည်အထိ အပြန်အလှန်ပစ်ခတ်ရင်း ရှင်းလင်းသတ်ဖြတ်လိုက်ရပါသည်ဟုဆိုသော ဟောင်ကောင်ရုပ်ရှင်ဇာတ်ဝင်ခန်းလို လုပ်ကြံလိမ်လည်ထားမှုကြီးတစ်ခုက ဘွားဘွားကြီးပေါ်ပေါက်လာသည်။ လူငယ်တစ်စုကို ရိုက်ပုတ်ညှဉ်းပန်းကာ တိုက်ခန်းတစ်ခုပေါ်ကဆွဲချပြီး ညလူခြေတိတ်အမှောင်ရိပ်ထဲမှာ ရက်ရက်စက်စက် သွေးအေးအေးသတ်ဖြတ်လိုက်ပုံ ဗီဒီယိုအထောက်အထားတစ်ခု ပြည်သူကြားမှာ ပျံ့နှံ့သွားသည်။ သွေးအိုင်ထဲလဲနေသူ လူငယ်များကို စစ်သားများက ဝိုင်းဝန်းကန်ကျောက်၍ မသေမရှင်ဖြစ်နေသော လူငယ်များကို သေဆုံးသည်အထိ စစ်တပ်က ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ကြရသည်။

မိန်းမငယ်လေးတစ်ဦးကို ရက်ရက်စက်စက်ပစ်သတ်ထားပုံက မြင်သူတွေရင်ကို မချိအောင်နာကျင်စေသည်။ သူကတော့ “အမေစု အိမ်ပြန်လာမှ ငါတို့အလုပ်ပြန်ဝင်မယ်” ဟု စစ်အာဏာသိမ်းဆန့်ကျင်ရေး အာဏာဖီဆန်လှုပ်ရှားမှုတွင် စတင်ကတည်းက တောက်လျှောက်ပါဝင်လာခဲ့သည့် ကုတင် ၅၀၀ အထူးကုဆေးရုံကြီးက သူနာပြုဆရာမလေး မခင်ခင်ကြွယ်ပဲ ဖြစ်ပါသည်။ ဆရာမလေးနှင့် ဆရာဝန်လေးဒေါက်တာဇင်လင်းပါ အတူအသတ်ခံလိုက်ရသည်။ ပြီးတော့ ဒီနှစ်ယောက်က တိုက်လေ့ကားကနေ သေနတ်တွေ ဘယ်ညာကိုင်ပြေးဆင်းလာပြီး သူတို့ကို စတင်ပစ်ခတ်ခဲ့တာပါတဲ့။ ပြီးတော့ ဒီနှစ်ယောက်က တိတ်တိတ်ပုန်းဖောက်ပြန်နေတဲ့ စုံတွဲပါတဲ့။ ဇာတ်ညွှန်းက အတော်ယုတ်မာသည်ဟုပြောရမည်။

အလိမ်ပေါ်သွားတော့ ဗီဒီယိုရိုက်တဲ့သူကို တစ်တိုက်ဆင်းတစ်တိုက်တက် လိုက်ရှာသည်တဲ့။ အမှန်တရားကိုဖုံးကွယ်ဖို့ အလောင်းကိုလည်း ကာယကံရှင်မိသားစုတွေထံ ပြန်မပေး။ မိသားစုက ဓာတ်ပုံဘောင်လေးထောင်က ဆွမ်းသွပ်အမျှဝေလိုက်ကြရသည်။ သေလိုမှ ကိုယ့်သားသမီး၊ ကိုယ့်ညီမ၊ ကိုယ့်လင်သား ဖက်ငိုခွင့်မရခဲ့သည့်အဖြစ်တွေက ဒီစနစ် ဒီစစ်အကြမ်းဖက်တွေ ကျဆုံးသည်ထိ တိုက်ပွဲဝင်ဖို့ နွေဦးတော်လှန်ရေးမီးတောက်တွေကို ပိုမိုတောက်လောင်စေခဲ့သည်။

ငယ်စဉ်ကတည်းက ဆရာဝန်ဖြစ်ချင်ခဲ့သူ။ အင်္ဂလိပ်စာအဓိကဘာသာနဲ့ တက္ကသိုလ်တက်နေတုန်း သူနာပြုကျောင်း ပြောင်းတက်ပြီး သူနာပြုဆရာမလေးဖြစ်လာသူ၊ လူတိုင်းအပေါ်ကူညီတတ်ပြီး အမြဲပျော်ပျော်နေတတ်သူ၊ ဘဝမှာ အနာဂတ်အိပ်မက်တွေနဲ့ လန်းဆန်းတက်ကြွနေသူ၊ သူနာပြုဆရာမလေး မခင်ခင်ကြွယ်တစ်ယောက် အခုတော့ နွေဦးတော်လှန်ရေးမှာ ဘဝနှင့်အသက်ကို ပေးဆပ်ရင်း သူချစ်တဲ့မြန်မာပြည်ကြီးအတွက် သူရဲကောင်းမီးအိမ်ရှင်လေးအဖြစ် ထာဝရထွန်းလင်း နေပေလိမ့်မည်။

ပေးဆပ်သူတို့သာ အရာအားလုံးကို ရရှိနိုင်ပေသည်။

**ဖြစ်စဉ်အကျဉ်း**

- ရန်ကုန်တိုင်း၊ ခရမ်းမြို့ ကမာမတ်စံပြကျေးရွာ ညီအစ်မသုံးယောက်တွင် ဒုတိယမြောက်သမီး။
- ရန်ကုန်မြို့ ကုတင် ၅၀၀ အထူးကုဆေးရုံကြီးမှ သူနာပြုဆရာမ။
- ကိုဗစ်ကပ်ဘေးရောဂါ ကာကွယ်ကုသရေးတွင် စေတနာဝန်ထမ်းအဖြစ်ပါဝင်ဆောင်ရွက်ခဲ့။
- ဖေ ၁ အာဏာသိမ်းပြီးနောက်တစ်နေ့မှာပင် စီဒီအမ်ပြုလုပ်ခဲ့။
- အာဏာသိမ်းဆန့်ကျင်ရေးဆန္ဒပြပွဲများတွင် နေ့စဉ်မပျက်ပါဝင်ရင်း ဒဏ်ရာရလူနာများအား ကုသပေးခဲ့။
- စက်တင်ဘာလ ၂၅ ရက် ည ၁ နာရီ ၃၀ မိနစ်တွင် မြေနီကုန်းတံတားအဆင်း၌ ပစ်သတ်ခံရ။
- ရန်ကုန်မြို့ ပြောက်ကျားသပိတ် တိုက်ပွဲများတွင် အခါလားလျော်စွာ ပါဝင်ခဲ့။

> “ထွက်လို့သေတာ မဟုတ်ဘူးနော်
> သေအောင် ပစ်သတ်နေလို့ သေတာ
> ထိုင်ငိုနေလို့ ပြီးမယ့်ပွဲ မဟုတ်ဘူး။
> တိုက်ယူမှ ရမယ့်ပွဲ
> ကျဆုံးသွားသော ငါတို့ရဲဘော်တွေအတွက်
> ဆက်လက် တိုက်ပွဲဝင်မယ်”
> ~မတ် ၂၉၊ မခင်ခင်ကြွယ် (သူနာပြု/ ကိုဗစ်
> စေတနာ့ဝန်ထမ်း)



# Biak Rem Chin (ခ) ချင်းချင်း

အသက် - ၂၃ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - နိုဝင်ဘာ (၁၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - တောတွင်းစခန်းနေရာ၊ ကလေးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

သွေးတွေရယ် မျက်ရည်တွေရယ် သင်္ချိုင်းကုန်းရယ်၊ ဒါတွေက စစ်ရဲ့အနိဋ္ဌာရုံတွေပဲဖြစ်သည်။ ထို့ကြောင့် စစ်ပွဲကို မည်သူမျှမလိုလား။ စစ်ပွဲတွေရပ်ပစ်ဟု ကမ္ဘာတလွှား အော်ဟစ်တောင်းဆိုခဲ့ကြသည်။ သို့တိုင် စစ်ကိုအရင်းပြုသည့် အုပ်စုတစ်စုက လူ့အဖွဲ့အစည်းကြီးတရပ်လုံးကို အမြဲတစေဖိစီးနှိပ်စက်လာသောအခါ မလွှဲမရှောင်သာ စစ်ကိုရွေးချယ်လိုက်ရတတ်သည်။ ဒါကို တရားသောစစ်ဟု ခေါ်သည်။ မတရားဗိုလ်ကျအနိုင်ကျင့်သူတို့ရန်ကို ပြန်လှန်တိုက်ထုတ်ရသည့် ခုခံစစ်ပဲ ဖြစ်သည်။ သို့တိုင် ခုခံစစ်ပဲဖြစ်စေ၊ တရားသောစစ်ပဲဖြစ်စေ စစ်ရဲ့အနိဋ္ဌာရုံတွေကိုတော့ ရှောင်ကွင်း၍မရ။ သွေးတွေ မျက်ရည်တွေကို အရင်းအနှီးပြုရမြဲဖြစ်သည်။ သင်္ချိုင်းကုန်းတွေကို သူရဲကောင်းရင်ပြင်များအဖြစ် ဖြတ်သန်းကြရစမြဲဖြစ်သည်။ စစ်ကိုအပြီးတိုင်ရပ်ပစ်ဖို့ရာ နောက်ဆုံးစစ်ပွဲတစ်ပွဲလိုအပ်သည်ကို လက်ခံရစမြဲပင်။

ကိုဗစ်တတိယလှိုင်းကာလမှာ သေကောင်းပေါင်းလဲလူနာတွေကို အောက်ဆီဂျင်ပိုက်တွေတပ်ပြီး သေမင်းခံတွင်းဝကာ ဆွဲထုတ်ကယ်တင်ခဲ့သူ လုပ်အားပေးသူနာပြုဆရာမလေးတစ်ယောက်ကို မြို့ပြင်တောအုပ်ထဲက စစ်စခန်းတစ်ခုမှာ တွေ့ရသည်ဆိုတာ အံ့သြစရာမကောင်းဘူးလား။ တကယ်တော့ ပြည်သူတွေကိုကယ်တင်ဖို့ သူရှိရမယ့်နေရာကို သူရောက်နေခြင်းသာ ဖြစ်ပါသည်။ အရေးပေါ် ကုသ ကယ်တင်ခြင်း ဆေးဘက်ဆိုင်ရာသင်တန်းတစ်ခု လာရောက်ကူညီပို့ချပေးနေခြင်းဖြစ်သည်။ သူနှင့် အခြားသင်တန်းသူ မိန်းကလေးငယ်လေးများပါသည်။ လူနာနှစ်ဦးနှင့်အတူ ဆေးသင်တန်းကိုအာရုံစိုက်နေကြစဉ် အကြမ်းဖက်စစ်တပ်က ဝင်ရောက်စီးနင်းဖမ်းဆီးခြင်းကို သူတို့ ခံလိုက်ကြရသည်။

နိုဝင်ဘာ ၁၆ ရက်နေ့မှာ ဖမ်းခေါ်သွားပြီး ၁၈ ရက်နေ့မှာ သူတို့စခန်းချခဲ့သည့်နေရာတွင် တခြားယောကျ်ားလေး (၂)ဦး၏ အလောင်းနှင့်အတူ ဆရာမလေးချင်းချင်းကိုပါ တွေ့လိုက်ရသည်။ နဖူးကို အနီးကပ် သေနတ်ဖြင့်တေ့ပစ်သတ်သွားသည့် ဒဏ်ရာဖြင့် သူရဲကောင်းပီသစွာ ကျဆုံးခဲ့ရရှာသည်။ အခြားမိန်းကလေးငယ်များကို လူသားတံတိုင်းသဖွယ် ဓားစာခံပြုလုပ် အကာအကွယ်ယူပြီး စစ်အကြမ်းဖက်တပ်တွေက မြို့ထဲကိုပြန်ဝင်သွားသည်။ သူတို့လေးတွေ၏ကံကြမ္မာကလည်း မတွေးဝံ့စရာ။

စစ်ပွဲတစ်ပွဲဖြစ်ပြီဆိုရင် ပထမဆုံးကျဆုံးတာ အမှန်တရားပဲဟု ဆိုရိုးရှိသည်။ အမှန်တရားအတွက် တိုက်သည့်စစ်ပွဲမှာတော့ ဒါမျိုးအဖြစ်မခံနိုင်။ တကယ်တော့ စစ်ပွဲတွေမှာလည်း ဂုဏ်သိက္ခာရှိသည်။ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းတွေရှိသည်။ ဒါတွေကို မလိုက်နာလျှင် ဖောက်ဖျက်လျှင် ရာဇဝတ်မှုမြောက်သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ဒါကိုမူဝါဒတစ်ခုအဖြစ် ကိုင်စွဲကာ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီတပ်မတော်၏ ကျင့်ဝတ်စံနှုန်းများကို တည်ဆောက်နေခဲ့သည်။ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးဆိုသည့်စကားကလည်း အစဉ်အဆက်ကျင့်သုံးခဲ့သည့် စစ်အကြမ်းဖက်စစ်တပ်ကတော့ ဒီတစ်ပွဲမှာ ဖက်စစ်အသွင်သရုပ်ဘွားဘွားကြီး ပေါ်ထွက်လာခဲ့သည်။ ဆေးတပ်သားလည်းမရှောင်။ သံ့ပန်းဥပဒေတွေလည်း မလိုက်နာ။

နှိပ်စက်ညှင်းပမ်းခံထားရသည့် ဒဏ်ရာဒဏ်ချက်ပေါင်းများစွာနှင့်အတူ နဖူးကိုသေနတ်ဖြင့်တေ့ကာ အနီးကပ်ပစ်သတ်ခံထားရသည့် ဆရာမလေးချင်းချင်း၏ ရုပ်အလောင်းကို နိုဝင်ဘာလ ၁၈ ရက်ညနေ၌ ထိုစခန်းနေရာမှာပင် မြေချသင်္ဂြိုဟ်လိုက်ရသည်။

အဖေ၊ အမေတို့ စောင့်မျှော်နေသည့် သူ့ဇာတိရပ်ရွာသို့ လုံခြုံရေးနှင့်လမ်းပန်းအခြေအနေအရ ပြန်မပို့နိုင်ခဲ့။ ဖခင်ဖြစ်သူကတော့ "ဘာပဲဖြစ်ဖြစ် သမီးရဲ့ရုပ်အလောင်းကို ပြန်ယူချင်တာပေါ့ဗျာ။ သွားယူလို့ရတဲ့အချိန် အရိုးပဲဖြစ်ဖြစ် ဘယ်လိုပဲရရ ပြန်ယူလာပြီး တော့မှ ဒိုးဝိုင်းချောင်းသင်္ချိုင်းမှာ အုတ်ဂူလေးနဲ့ကမ္ပည်းစာလေးနဲ့ လုပ်ပေးချင်တယ်ဗျာ" ဟု အားခဲ၍ပြောရှာသည်။ မအေလုပ်သူကတော့ အငိုမရပ်နိုင်သေး။

စစ်အာဏာသိမ်းမှုအပေါ် ငြိမ်းချမ်းစွာဆန့်ကျင်ဆန္ဒပြနေသည့်လူထုကို အင်အားသုံးအကြမ်းဖက်သည့်စစ်တပ်အား ပထမဆုံး လူထုအားဖြင့် ခုခံတော်လှန်တိုက်ခိုက်ခဲ့သည့် ကလေးမြို့သူပီသစွာ ဆရာမလေးချင်းချင်း (ခေါ်) ချင်းသူရဲကောင်းမလေး ဗျက်ရမ် ချင်းတစ်ယောက်ကတော့ ငြိမ်းချမ်းမှု၌ အနားယူနိုင်ပါဦးမလား။ သူချစ်တဲ့ချင်းတောင်တန်းတွေနဲ့ ချင်းလူမျိုးတို့အတွက်၊ ဖက်ဒရယ်ပြည်ထောင်စုကြီးရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် တစ်နေရာရာကနေ သူနိုင်တဲ့ဝန်ကို ထမ်းနေဦးမှာ သေချာသည်။ အများအတွက် စွန့်လွှတ်သူဆိုတာ ဘယ်တော့မှသေရိုးမရှိဘူးတဲ့လေ။

**ဖြစ်စဉ်အကျဉ်း**

- မွေးချင်းသုံးယောက်ထဲ၌ အကြီးဆုံး၊ ကလေးဇာတိ ချင်းတိုင်းရင်းသူ။
- အင်္ဂလိပ်စာ အဓိကကျောင်းသူ (ကလေးတက္ကသိုလ်)။
- အင်္ဂလိပ်စာ အလွတ်ပညာသင်ဆရာမ။
- ကိုဗစ်တတိယလှိုင်းကာလတွင် စေတနာ့ဝန်ထမ်းသူနာပြုအဖြစ်ဆောင်ရွက်ခဲ့။
- အရေးပေါ်ဆေးပညာ ဧည့်သင်တန်းပို့ချသူ။
- နိုဝင်ဘာလ ၁၆ ရက်တွင် စစ်အကြမ်းဖက်အဖွဲ့မှ ဝင်ရောက်စီးနင်းဖမ်းဆီးခံရ။
- နိုဝင်ဘာ ၁၇ ရက်တွင် နဖူးကိုအနီးကပ် သေနတ်ဖြင့်တေ့ပစ်သည့်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိ။

"ကျွန်တော်ကတော့ သမီးကငယ်တော့ မသွားစေချင်ခဲ့တာတော့ ပြောတယ်။
ဒါပေမဲ့ သူက ဒါက ဆေးကုပေးတာ။ လူတွေရဲ့အသက်ကို ကယ်တာပါ။
ဘယ်သူ့ကို မုန်းလို့ တိုက်ခိုက်ဖို့လည်း မဟုတ်ဘူးဆိုပြီး ပြန်ပြောတယ်။
(ဖခင်ဖြစ်သူ၏ရင်ဖွင့်စကား)"



# မနန်း

အသက် – ၃၈ နှစ်
အဖအမည် – အမည်စုံစမ်းဆဲ
ကျဆုံးရက် – စုံစမ်းဆဲ
အခင်းဖြစ်ပွားရာနေရာ – စစ်ကြောရေးစခန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ – ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

စစ်အာဏာရှင် ခေတ်အဆက်ဆက် စစ်ကြောရေးများမှာ သမိုင်းတွင်လောက်အောင် နာမည်ကြီးခဲ့သည်။ အဓိကမှာ ၎င်းတို့၏ အာဏာကို စိန်ခေါ်ခြိမ်းခြောက်ခဲ့ကြသည့် အစိုးရဆန့်ကျင်ရေးသမားများကို ပညာပေး၊ ချေချွတ်၊ နောင်ကျဉ်၊ ဦးကျိုး၊ နောက်တစ်ခါပြန်မလှုန်ရဲအောင် ပြုလုပ်ခြင်းဖြစ်ပြီး၊ ထိုသို့လုပ်မရသည့်ခေါင်းမာသူများကို တစ်ခါတည်းအပြတ်ရှင်းပစ်ရန် အသေအချာ စီမံထားသော နေရာများဖြစ်သည်။ ထို့ကြောင့် စစ်ကြောရေးရောက် ထောင်ကျပြီး ပြန်လွတ်လာသူတချို့ နိုင်ငံရေးဘက် ယောင်လို့ တောင်လှည့်မကြည့်ကြသူတို့ ရှိခဲ့သည်။ ထို့အတူ စစ်ကြောရေးရောက်ပြီး သတင်းအစအနပျောက်သွားသူတွေလည်းရှိခဲ့သည်။ ၈၈ အရေးအခင်းတုန်းက စစ်ကြောရေးမှာအသက်ဆုံးသွားသည့် ဦးမောင်ကိုအား သူ့ဖာသာသူ ထုပ်တန်းတွင် ပုဆိုးကြိုးဆွဲချ သတ်သေခဲ့သည်ဟု မိသားစုကို အကြောင်းကြားခဲ့သည့်အဖြစ်က လူသိများသည်။ ရေကြည်အိုင်တို့၊ အောင်သပြေတို့စသည့် စစ်ကြောရေးစခန်းများမှာ အသံကြားလိုက်ရုံနှင့် ကျောထဲစိမ့်သွားအောင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည်။

ယခုနွေဦးတော်လှန်ရေးမှာတော့ ပိုပြီးပရမ်းပတာဆန်လာသည်။ စစ်အာဏာရှင်၏ လက်မရွံသားများက ပိုပြီးကြမ်းတမ်းရက်စက်လာသည်။ ပိုပြီး လူမဆန်သောနည်းလမ်းများကိုသုံးလာသည်။ ညဘက်ဖမ်းခေါ်သွားပြီး မနက်အလောင်းလာယူခိုင်းခဲ့သည်။ နောက်ပိုင်းကျတော့ အလောင်းပါပြန်မရတော့။ သဂြိုဟ်လိုက်ပြီဟု အပြတ်ပြောလွှတ်လိုက်ကြသည်။ မိသားစုမှာ ဓာတ်ပုံဘောင်လေးထောင်ပြီး ဆွမ်းသွတ်လိုက်ကြရသည်။ စစ်ကြောရေးမှာ ဘာတွေဖြစ်ခဲ့လဲ ဘယ်သူမှမသိနိုင်။ လူ့ကျင့်ဝတ်၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်ယုံကြည်မှုတွေကိုပါ ဂရုမစိုက် စော်ကားအနိုင်ကျင့်လာကြသည်။

ဒီဇင်ဘာလ ၁၃ ရက်နေ့ နံနက် ၁၁ နာရီတွင် အကြမ်းဖက် စစ်တပ်မှ ကားနှစ်စီး အင်အား ၃၀ ဝန်းကျင်ဖြင့် ပြည်ကြီးတံခွန်မြို့နယ် ၆၈ B၊ ၁၁၆ ၊ ၁၁၇ လမ်းနေ ကိုသဲထွေးမောင်နှင့် မနန်းတို့ ဇနီးမောင်နှံကို ဝင်ရောက်ဖမ်းဆီးသွားခဲ့ကြသည်။ အိမ်တွင် ၁၀ နှစ်အရွယ် သားလေးတစ်ယောက်ပဲ ကျန်ရစ်သည်။ ကိုသဲထွေးမောင်မှာ မန္တလေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်တစ်ဦးဖြစ်သည်။ “သူက စိတ်ရင်းကောင်းတယ်။ အစအနောက်အရမ်းသန်တယ်။ အပေါင်းအသင်းကိုလည်း အရမ်းချစ်တယ်။ နိုင်ငံရေးအရမ်းထက်သန်ပြီး တော်တော်အလုပ်လုပ်တဲ့သူပါ၊” ဟု NLD ပါတီ မန္တလေးတိုင်းလူငယ်တစ်ဦးက မှတ်ချက်ပြုသည်။ ကိုသဲထွေးမောင်နှင့် မနန်းတို့လင်မယားကို PDF တွေကို ထောက်ပံ့သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

အဖမ်းခံရပြီး ၂ ရက်အကြာ မိသားစုက သွားရောက်စုံစမ်းတော့ သေဆုံးပြီဟုသာသိရပြီး အကျိုးအကြောင်း ဘာမှမပြောလိုက်။ နောက်တစ်နေ့ ထပ်ပြီးသွားမေးတော့မှ သဂြိုဟ်လိုက်ပြီဟုပြောသည်။ အဖမ်းခံထားရစဉ် ကိုသဲထွေးမောင်ဖုန်းကိုသုံးကာ မိတ်ဆွေများထံ လှည့်လည်ဆက်သွယ်ခိုင်းခဲ့သည်ဟု သိရသည်။

စစ်ကြောရေးတွင် မေးတာမဖြေရင် မင်းမိန်းမကို သတ်ပစ်မယ်ဟု ကိုသဲထွေးမောင်အား ခြိမ်းခြောက်စစ်မေးရင်း မိန်းမဖြစ်သူ မနန်းကို သူ့ရှေ့မှာတင် သတ်ပစ်ခဲ့ကြသည်ဟုဆိုသည်။

AAPP

ကိုသဲထွေးမောင်က စိတ်ထိခိုက်ပြီး ရှန်းကန်အော်ဟစ်နေလို့ သူ့ကိုပါပစ်သတ်လိုက်တယ်ဟု သူတို့၏မိတ်ဆွေတစ်ဦးက သူသိသမျှ အခြေအနေများကို ပြန်ပြောပြခဲ့သည်။ စစ်ကြောရေးတွေကိုဖြတ်သန်းဖူးသူ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးပြောသလိုပင်။ သူတို့အတွက်တော့ လူတစ်ယောက်ကိုသတ်ပစ်ဖို့ အေဖိုးလျှောက်လွှာ စာရွက်တစ်ရွက်ပဲလိုသည်တဲ့။ အခုတော့ လျှောက်လွှာတစ်ရွက်တည်းနဲ့ လင်မယားနှစ်ယောက်စလုံးကို သတ်ပစ်လိုက်ကြသည်။ ယောကျ်ားနှင့်အတူ အဖမ်းခံရစဉ်က သူကတော့ သားလေးဆီအရင်ပြန်ခွင့်ရလိမ့်နိုး မနန်းတစ်ယောက် ကြိတ်မျှော်လင့်ချင် မျှော်လင့်မိခဲ့လိမ့်မည်။

သူ့ယောကျ်ားဆီက သူတို့လိုချင်သည့်အဖြေတစ်ခုအတွက် မိန်းမဖြစ်သူကို လင်ယောကျ်ားရှေ့မှာ ခုလို ရက်ရက်စက်စက် သတ်ပစ်ပြလိမ့်မည်ဟု တွေးမိချင်မှ တွေးမိခဲ့လိမ့်မည်။ လူမဆန်သည့် အရူးတွေလက်ထဲ သူရောက်နေခဲ့တာ သိမှသိပါလေစ။ ဒီအရူးတွေက လူတွေကို ကြောက်စိတ်သွင်း၊ ကျွန်လို ဒူးထောက်ခိုင်းပြီး ကြာပွတ်သံတရွှမ်းရွှမ်းနှင့် အရှင်သခင်လုပ် တိုင်းပြည်ကိုအုပ်ချုပ်ဖို့ စိတ်ကူးယဉ်နေကြတာကို သိလိုက်ရလျှင်တော့ မနန်းတစ်ယောက် ကျန်ရစ်သူ သူ့သားလေးအတွက် တမလွန်ကနေ ရင်ပူနေပေလိမ့်မည်။


ထို့အပြင် မိဘနှစ်ပါးစလုံး၏ ဖြစ်ရပ်ဆိုးကြီးက ထို ၁၀ နှစ်သားလေးအပေါ် တသက်လုံးအရိပ်ထိုး လိုက်ပါနေလိမ့်မည်။ သို့အတွက် အိပ်မက်ဆိုးတွေကလန့်နိုးတိုင်း တက်ခေါက်ရင်း အံကြိတ်ရင်း ကြီးပြင်းလာသည့် ထို ၁၀ နှစ်သားလေးနှင့် သူနဲ့ဘဝတူမျိုးဆက်တစ်ဆက်ကို နွေဦးတော်လှန်ရေးက လူကိုလူလိုနေနိုင်ခွင့်ရှိသည် ခေတ်သစ်တိုင်းပြည်တစ်ခု အလျော်ပြန်ပေးဖို့ တာဝန်ရှိသည်။ စစ်အာဏာရှင်နှင့် သူ၏အပေါင်းပါများအား မြေမြုပ်သင်္ဂြိုဟ်ပြီးပြီဖြစ်ကြောင်း လက်တွေ့သက်သေပြသနိုင်ခြင်းကသာ သူတို့မျိုးဆက်၏ စိတ်ဒဏ်ရာတွေကို ကုစားပေးနိုင်ပေလိမ့်မည်။ သို့မှသာ ရင်းနှီးပေးဆပ်ခဲ့ကြရသူ မနန်းတို့လို မိခင်တွေအတွက် စိတ်အေးလက်အေး သွားလိုရာသွားနိုင်ကြမှာဟု ဆိုရမည်ပင်။

နိုင်ကိုနိုင်မှ ဖြစ်မှာပါ။

**ဖြစ်စဉ်အကျဉ်း**

- ဒီဇင်ဘာလ ၁၃ ရက်တွင် နေအိမ်မှ ဖမ်းဆီးခေါ်ဆောင်သွား။
- ဒီဇင်ဘာလ ၁၅ ရက်တွင် သွားရောက်စုံစမ်းရာ လင်မယားနှစ်ယောက်စလုံး သေဆုံးသွားပြီး၊ မီးသင်္ဂြိုဟ်လိုက်သည်ဟု သိရှိရ။
- အသက် ၁၀ နှစ်အရွယ် သားလေးတစ်ဦးကျန်ရစ်ခဲ့။

"အဲဒီနေ့က နှစ်ကြိမ်ဆက်သွယ်တယ်။ ဒါပေမဲ့ သူဖမ်းခံထားရကြောင်း ပြောချင်နေသလိုပဲ။ စကားတွေက မူမမှန်ဘူး။ သူခြိမ်းခြောက်ခံထားရတယ်။ အခြားသူတွေကိုလည်း သူ့ရဲ့ Facebook ကတစ်ဆင့် လိုက်ဆက်သွယ်တယ်။ မူမမှန်လို့ ဓာတ်ပုံရိုက်ပြခိုင်းတော့ ပုံထဲမှာ သူ့နဖူးက သေနတ်ဒင်ရာလိုမျိုးကြီးနဲ့"



# မဒေစီ (ခ) အပု

အသက် - ၃၈ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - စုံစမ်းဆဲ
အခင်းဖြစ်ပွားရာနေရာ - စစ်ကြောရေးစခန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

မန္တလေးမြို့ ဖေဖော်ဝါရီ ၂၈ ရက်နေ့ ညနေ ၅ နာရီအချိန်တွင် စစ်တပ်နှင့်ရဲတပ်ဖွဲ့ဝင်များက ၃၅ လမ်းတစ်လျှောက် ဆန္ဒပြပြည်သူများနှင့် အရပ်သားများကို သေနတ်ဖြင့် လိုက်လံပစ်ခတ်ခဲ့ရာ ဒေစီ (ခ) အပုသည် လမ်းဘေးတွင် လမ်းလျှောက်နေစဉ် အရပ်ဝတ်နှင့်လူတစ်ဦးက ခေါင်းကိုချိန်ရွယ်ပစ်ခတ်မှုကြောင့် ဦးခေါင်းထိမှန်သေဆုံးခဲ့သည်။ သူမ ကွယ်လွန်ချိန်တွင် ၆ နှစ်အရွယ် ကလေးတစ်ဦး ကျန်ရစ်ခဲ့သည်။



# ဒေါ်ကေကြည်

အသက် - ၅၃ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၁၃) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ၄၁ လမ်း၊ ညဈေးသပိတ်၊ မန္တလေး။
နေရပ်လိပ်စာ - မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

မတ်လ ၁၃ရက်နေ့၌ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်တွင် စစ်တပ်နှင့် ရဲတပ်ဖွဲ့၏ အကြမ်းဖက်ပစ်ခတ်မှုကြောင့် အသက် (၅၃) နှစ် အရွယ် ဒေါ်ကေကြည်သည် ဦးခေါင်းဘယ်ဘက်ကျည်ထိမှန်ကာ သေဆုံးသွားခဲ့သည်။



# မချယ်ရီဝင်း

အသက် - ၂၄ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၁၄) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ၈၆ x ၄၂ လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

မန္တလေးမြို့၌ စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြနေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဖြိုခွင်းခဲ့မှုကြောင့် ချယ်ရီဝင်းသည် သေနတ်ထိမှန်ပြီး သေဆုံးခဲ့သည်။



# မသီတာအေး (ခ) မီးမီး

အသက် - ၁၆ နှစ်
အဖအမည် - ဦးဝင်းနိုင်
ကျဆုံးရက် - မတ် (၁၅) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ချောင်းကြီးရွာ၊ သပိတ်ကျင်းမြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

မသီတာအေးသည် အခြေခံပညာ နဝမတန်းသို့ တက်ရောက်ရမည့် ကျောင်းသူတစ်ဦးဖြစ်သည်။ သူမ၏ ခြေထောက်မှာ အနည်းငယ် တရွတ်ဆွဲနေပြီး သာမန်လူများကဲ့သို့ သန်စွမ်းသူမဟုတ်ပေ။ မတ်လ (၁၅) ရက်နေ့က ရွာအတွင်းသို့ ရဲတပ်ဖွဲ့ဝင် အချို့ ဝင်ရောက်စီးနင်း၍ ပစ်ခတ်မှုများ ပြုလုပ်ခဲ့ရာ အိမ်တွင်း၌ ပုန်းအောင်းနေသည့် မသီတာအေး၏ ဘယ်ဘက်ရင်အုံကို ကျည်ဆံထိမှန်ပြီး သေဆုံးခဲ့သည်။



# ဒေါ်မြဝင်း

အသက် - ၇၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၁၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နေအိမ်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
နေရပ်လိပ်စာ - လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

လှိုင်သာယာမြို့နယ်တွင် နေထိုင်သည့် အသက် ၇၀ အရွယ် အငြိမ်းစားဝန်ထမ်း အဘွားဒေါ်မြဝင်းသည် မတ်လ ၁၇ ရက်နေ့က နေအိမ်တွင် ဘုရားရှိခိုးနေစဉ် ရပ်ကွက်အတွင်းဝင်ရောက်ပစ်ခတ်ခဲ့သော ကျည်ဆံထိမှန်၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။



# မအေးအေးခိုင် (ခ) ရှိဇာနာဟ်ဘီ

အသက် - ၂၂ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၁၈) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
နေရပ်လိပ်စာ - (၁) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သည့် မအေးအေးခိုင်မှာ မတ်လ (၁၈) ရက်နေ့က အကြမ်းဖက်စစ်တပ်၏ ပစ်ခတ်မှုကြောင့် အစာအိမ်ကို ကျည်ဆံထိမှန်၍ သေဆုံးသွားခဲ့သည်။



# မခင်မာလာဝင်း (ခ) မျိုးလွင်

အသက် - ၃၉ နှစ်
အဖအမည် - ဦးတင်လှိုင်
ကျဆုံးရက် - မတ် (၂၀) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ရပ်ကွက်(၁) သပိတ်၊ ပခုက္ကူမြို့နယ်၊ မကွေး။
နေရပ်လိပ်စာ - ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

မတ်လ (၁၉) ရက်နေ့က ပခုက္ကူမြို့ရှိ ဆန္ဒပြပွဲကို လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အကြမ်းဖက်ဖြိုခွင်းမှုများပြုလုပ်ပြီး ဆန္ဒပြပွဲတွင် ပါဝင်သူများနှင့် အရပ်သားများကို တရားလက်လွတ်ဖမ်းဆီးမှုများပြုလုပ်ခဲ့ရာ ကလေးသုံးယောက်မိခင်ဖြစ်သည့် မခင်မာလာဝင်းမှာ သူမအားမဖမ်းရန် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒူးထောက်တောင်းပန်ခဲ့သည်။ သို့ရာတွင် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို့နောက် နောက်တစ်ရက် မတ်လ ၂၀ ရက်နေ့တွင် အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့ဝင်များက သူမ၏ ခင်ပွန်းအား ဖုန်းဆက်သွယ်ကာ အလောင်းလာယူရန် အကြောင်းကြားခဲ့သည်။ မခင်မာလာဝင်း၏ ရုပ်အလောင်းတွင် နှိပ်စက်ခံထားရသည့် ဒဏ်ရာဒဏ်ချက်အများအပြားရှိနေခဲ့သည်ဟု တွေ့မြင်လိုက်ရသည့်သူများက ပြောကြားခဲ့ကြသည်။



# ဒေါ်မော်စီ

အသက် - ၆၆ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၂၁) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ကျောမြို့၊ ယောမြို့နယ်၊ မကွေး။
နေရပ်လိပ်စာ - ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

ယောဒေသ ကျောမြို့၊ အမှတ် ၂ ရပ်ကွက် (ယခင် ပဲမစားကျေးရွာ) ၌ မတ်လ ၂၁ ရက် ည ၁၀ နာရီလောက်တွင် စစ်အုပ်စု၏ တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ စာသင်ကျောင်း၌ စခန်းချရန်ပြင်ဆင်မှုကို ဒေသခံများက ကန့်ကွက်ခဲ့ရာ တပ်သားများက သေနတ်ဖြင့်ပြန်လည်ပစ်ခတ်ခဲ့သည်။ ထို့ကြောင့် အသက် ၆၆ နှစ် ဒေါ်မွှာစီမှာ ရင်ဘတ်၊ နို့အုံနှင့် လက်မောင်းတို့၌ သေနတ်ကျည်ဆံ ထိမှန်ဒဏ်ရာများကြောင့် နေရာတင် ပွဲချင်းပြီး သေဆုံးခဲ့သည်။



# မခင်ခင်စိုး (ခ) လာအိဆာဘီ

အသက် - ၃၂ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၂၆) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မြိတ်မြို့နယ်၊ တနင်္သာရီ။
နေရပ်လိပ်စာ - မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

မခင်ခင်စိုး (ခ) လာအိဆာဘီမှာ နေအိမ်တွင်ရှိနေစဉ် အကြမ်းဖက်စစ်အုပ်စု တပ်သားများ၏ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။



# ဒေါ်ဥမ္မာရှိန်

အသက် - ၄၉ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၂၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - (၁၁)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
နေရပ်လိပ်စာ - (၁၁)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဒေါ်ဥမ္မာရှိန်သည် နေအိမ်၌ ရှိနေစဉ် အကြမ်းဖက်စစ်အုပ်စု တပ်သားများ ရမ်းသန်းပစ်ခတ်မှုကြောင့် ဝမ်းဗိုက်ကို ကျည်ထိမှန်၍ သေဆုံးသွားခဲ့သည်။



# မပန်းအိဖြူ

အသက် - ၁၄ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မတ် (၂၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မိတ္ထီလာမြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၊ သီရိမင်္ဂလာရပ်ကွက်အတွင်း စစ်အုပ်စု၏ လက်နက်ကိုင်တပ်ဖွဲ့က အိမ်ပေါ်ထိတက်၍ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ၁၄ နှစ်အရွယ် မပန်းအိဖြူသည် ရင်ဘတ်ကို ကျည်ထိမှန်ပြီး သေဆုံးခဲ့သည်။



# ဒေါ်စိုးရီ

အသက် - ၅၃ နှစ်
အဖအမည် - ဦးသန်းလှိုင်
ကျဆုံးရက် - မတ် (၂၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - အနီးစခန်း၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - အနီးစခန်း၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဒေါ်စိုးရီသည် အကြမ်းဖက်စစ်အုပ်စု၏ လက်ပါးစေတပ်သားများမှ ရမ်းသန်းပစ်ခတ်ခဲ့သော ကျည်ဆံထိမှန်၍ သေဆုံးသွားခဲ့သည်။



# ဒေါ်မိုးမိုးလှိုင် (ခ) ဘုတ်ဆုံ

အသက် - ၄၂ နှစ်
အဖအမည် - အမည်စုံမသိ
ကျဆုံးရက် - မတ် (၂၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မိုးကုတ်သပိတ်၊ မိုးကုတ်မြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - မိုးကုတ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဒေါ်မိုးမိုးလှိုင် (ခ) ဘုတ်ဆုံမှာ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြခဲ့သော မိုးကုတ်မြို့သပိတ်တွင် ပါဝင်၍ ဆန္ဒထုတ်ဖော်နေစဉ်အတွင်း အကြမ်းဖက်စစ်တပ်၏ ဖြိုခွင်းမှုကြောင့် သေနတ်ကျည်ဆံထိမှန်ကာ ထိုဒဏ်ရာဖြင့် သေဆုံးခဲ့ သည်။




# မခိုင်ဇင်ထွန်း

အသက် - ၂၁ နှစ်
အဖအမည် - အမည်စုံမသိ
ကျဆုံးရက် - မတ် (၂၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ကော့သောင်းသပိတ်၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီ။
နေရပ်လိပ်စာ - ရွှေပြည်သာရပ်ကွက်၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

မတ်လ (၂၇) ရက်နေ့က ကော့သောင်းမြို့မှာ စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒထုတ်ဖော်နေစဉ် စစ်တပ်နှင့်ရဲက အကြမ်းဖက်ဖြိုခွင်းပြီး ပစ်ခတ်မှုများပြုလုပ်ခဲ့သည့်အတွက် ငြိမ်းချမ်းစွာဆန္ဒပြနေသည့် မခိုင်ဇင်ဝင်းမှာ ကျည်ဆံထိမှန်ခဲ့ပြီး သေဆုံးခဲ့သည်။



# မခိုင်ဇာသွယ်

အသက် - ၂၆ နှစ်
အဖအမည် - အမည်စုံမသိ
ကျဆုံးရက် - မတ် (၂၈) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ရွှေကောင်းကြွယ် လဘက်ရည်ဆိုင်အနီး၊ ၁၉ ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်။
နေရပ်လိပ်စာ - တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မတ် ၂၈ နေ့လယ်ပိုင်းက တောင်ဒဂုံမြို့နယ်၊ တံတားထိပ်မှတ်တိုင်အနီး ဆန္ဒပြနေသူများကို စစ်အုပ်စု၏ လက်နက်ကိုင် တပ်သားများက အကြမ်းဖက်ပစ်ခတ်မှုကြောင့် ဧရာဝတီဘဏ်ဝန်ထမ်းတစ်ဦးဖြစ်သူ မခိုင်ဇာသွယ်မှာ နားထင်စပ် ကျည်ထိမှန်ဒဏ်ရာဖြင့် ကျဆုံးခဲ့သည်။



# မစုစုကြည်

အသက် -၃၃ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မေ (၂) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
နေရပ်လိပ်စာ - တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တောင်ကိုရီးယားဘဏ်တစ်ခုဖြစ်သော Shinhan Bank ၏ ရန်ကုန်မြို့ရုံးခွဲမှ မစုစုကြည်သည် မတ် ၃၁ က ဝန်ထမ်းကြိုပို့ကားဖြင့် တာမွေမြို့ ဦးချစ်မောင်လမ်းအတိုင်း လိုက်ပါသွားစဉ် စစ်အုပ်စု တပ်သားလက်နက်ကိုင်တို့က ပစ်ခတ်ရာ ကားအတွင်းမှ သူမကို ထိမှန်သွားခြင်းဖြစ်သည်။ ထို့နောက် မစုစုကြည်ကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုပေးခဲ့သော်လည်း နှစ်ရက်အကြာတွင် သေဆုံးခဲ့သည်။



# မထက်ထက်ဝင်း

အသက် - ၁၉ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မေ (၄) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မနော်ဟရီလမ်းနှင့် ၅၄ လမ်းထောင့်၊ မန္တလေး။
နေရပ်လိပ်စာ - မန္တလေးတိုင်းဒေသကြီး။

မေ ၄ ရက်နေ့က မန္တလေးမြို့တွင် စစ်အုပ်စု၏ တပ်သားများက ဆိုင်ကယ်စီးလာသူနှစ်ဦးကို ပစ်ခတ်ရာ မထက်ထက်ဝင်းမှာ ပွဲချင်းပြီး သေဆုံးပြီး အမျိုးသားမှာ ဗိုက်တွင် ဒဏ်ရာရရှိခဲ့သည်။ အသက် ၁၉ နှစ်အရွယ် သူမသည် ၎င်းအလုပ်လုပ်သည့် စတိုးဆိုင်မှအပြန် ခင်ပွန်းဖြစ်သူအား သွားရောက်ခေါ်ဆောင်ပြီး ၄၅ လမ်း၊ မြရည်နန္ဒာအိမ်ရာတိုက်ခန်းသို့ ပြန်လာစဉ် ည ၉ နာရီခန့် မနော်ဟရီလမ်း နှင့် ၅၄ လမ်းအရောက်တွင် ပစ်ခတ်ခံရခြင်း ဖြစ်သည်။ ပစ်ခတ်ခံရမှုကြောင့် မထက်ထက်ဝင်းမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျကာ ကတ္တရာလမ်းနှင့်ရိုက်မိခဲ့ပြီး ခင်ပွန်းဖြစ်သူမှာ လူမှုကယ်ဆယ်ရေးအဖွဲ့ တစ်ခုထံ သွားရောက်အကူအညီတောင်းခံခဲ့သည်။ ထိုလူမှုကယ်ဆယ်ရေးအဖွဲ့က အကြမ်းဖက်တပ်သားများ၏ အခြေအနေကို စောင့်ဆိုင်း၍ ညတွင်းချင်းပင် အလောင်းကို ဖွက်၍ သယ်ဆောင်ခဲ့ရသည်။



# မမာမာတိုး

အသက် - ၃၇ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မေ (၅) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - အင်းတော်သပိတ်အနီး၊ စစ်ကိုင်း။
နေရပ်လိပ်စာ - အင်းတော်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

မမာမာတိုးမှာ အင်းတော်ဆန္ဒပြပွဲသို့ လာရောက်ပူးပေါင်းစဉ် လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်ပစ်ခတ်ဖြိုခွဲသဖြင့် ဆန္ဒပြအဖွဲ့များ ပြန်လည်ဆုတ်ခွာခဲ့ကြစဉ် ကားပေါ်မှပြုတ်ကျ သေဆုံးခဲ့သည်။



# မမွန်မြတ်ဟေ

အသက် - စုံစမ်းဆဲ
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဧပြီ (၉) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မဂ္ဂတစ်လမ်းသပိတ်၊ ပဲခူးမြို့နယ်၊ ပဲခူး။
နေရပ်လိပ်စာ - ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

ဧပြီလ (၉) ရက်နေ့က ပဲခူးမြို့ မဂ္ဂတစ်လမ်းရှိ ဆန္ဒပြသူများ စုစည်းဆန္ဒထုတ်ဖော်လေ့ရှိသော ခံတပ်နေရာအား အကြမ်းဖက်စစ်အုပ်စု၏ တပ်သားများက အင်အားအလုံးအရင်းသုံး၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖြိုခွင်းစဉ် မမွန်မြတ်ဟေမှာ ထိမှန်ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသွားခဲ့သည်။ သူမ၏ ရုပ်အလောင်းကိုလည်း စစ်အုပ်စုမှ သိမ်းဆည်းဖျောက်ဖျက်ပစ်လိုက်၍ မိသားစုမှာ ရုပ်အလောင်းပြန်လည် မရရှိခဲ့ပေ။



# မမြတ်ဝင်းပပ

အသက် - စုံစမ်းဆဲ
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဧပြီ (၉) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မဂ္ဂတစ်လမ်းသပိတ်၊ ပဲခူးမြို့နယ်၊ ပဲခူး။
နေရပ်လိပ်စာ - ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

ဧပြီလ (၉) ရက်နေ့က ပဲခူးမြို့ မဂ္ဂတစ်လမ်းရှိ ဆန္ဒပြသူများ စုစည်းဆန္ဒထုတ်ဖော်လေ့ရှိသော ခံတပ်နေရာအား အကြမ်းဖက် စစ်အုပ်စု၏ တပ်သားများက အင်အားအလုံးအရင်းသုံး၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖြိုခွင်းစဉ် မမြတ်ဝင်းပပမှာ ထိမှန်ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသွားခဲ့သည်။ သူမ၏ ရုပ်အလောင်းကိုလည်း စစ်အုပ်စုမှ သိမ်းဆည်းဖျောက်ဖျက်ပစ်လိုက်၍ မိသားစုမှာ ရုပ်အလောင်းပြန်လည် မရရှိခဲ့ပေ။



# ဟာရီးမာယာ(ဂိုသာမေး)

အသက် - ၃၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဧပြီ (၁၃) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ပါဟဲတံတားအနီး၊ တမူးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - တမူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ဟာရီးမာယာမှာ နွားနို့သွားပို့စဉ် ပါဟဲတံတားအနီး၌ အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့မှ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသူဖြစ်သည်။



# ဒေါ်ဝင်းကြည်

အသက် - ၆၃ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဧပြီ (၂၄) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မြောင်မြို့မရဲစခန်း၊ မြောင်မြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - တောင်ရပ်ကွက်၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

အသက် ၆၃ နှစ်အရွယ် ဒေါ်ဝင်းကြည်မှာ ဧပြီ ၂၄ ညနေပိုင်းက မြောင်မြို့နယ်ရဲတပ်ဖွဲ့၏ ဖမ်းဆီးခံရပြီးနောက် မိနစ်ပိုင်းအကြာမှာ သေဆုံးသွားခဲ့သည်။ သူမမှာ ပုဒ်မ ၅၀၅(က)၊ ၅၀၆၊ ၁၁၄ တို့ဖြင့် စစ်အုပ်စုက အလိုရှိနေသူတစ်ဦးဖြစ်ပြီး အပူရှိန်ပြင်းသော ရာသီဥတုနှင့် နှလုံးရောဂါအခံဖြင့် ရုတ်တရက်သေဆုံးသွားခဲ့သည်ဟု ရဲစခန်းက ဆိုသည်။



# မဆောင်းနှင်းမှုန်

အသက် - ၂၇ နှစ်
အဖအမည် - ဦးမောင်မြင့်
ကျဆုံးရက် - မေ (၂၅) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - တော်စိမ့်ကျေးရွာ၊ စလင်းမြို့နယ်၊ မကွေး။
နေရပ်လိပ်စာ - တော်စိမ့်ကျေးရွာ၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

မကွေးတိုင်း စလင်းကြီးမြို့နယ် တော်စိမ့်ကျေးရွာတွင် ကျောင်းမတက်ရေးလှုပ်ရှားသည့် စာရွက်များကပ်သည်ဟုဆိုကာ ရွာအုပ်ချုပ်ရေးမှူးမှ အကြမ်းဖက်စစ်အုပ်စုအား မေလ (၂၅) ရက်နေ့က ကျေးရွာသို့ခေါ်ယူစစ်ဆေးခိုင်းခဲ့ရာမှ စစ်အုပ်စု တပ်ဖွဲ့ဝင်များ၏ ရမ်းသန်းပစ်ခတ်မှုကြောင့် မဆောင်းနှင်းမှုန်မှာ ဦးခေါင်းတွင် ကျည်ဆံထိမှန် သေဆုံးခဲ့ရခြင်းဖြစ်သည်။



# ဒေါ်ဆန်းပို

အသက် - ၄၆ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မေ (၃၀) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ချောင်းဝပြင်ကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီ။
နေရပ်လိပ်စာ - ချောင်းဝပြင်ကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

မေ (၂၉)၊ ၂၀၂၁ နေ့တွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ချောင်းဝပြင်ကျေးရွာအတွင်းသို့ အကြမ်းဖက် စစ်အုပ်စု၏တပ်ဖွဲ့များ ဝင်ရောက်စီးနင်းခဲ့ကာ ဒေါ်ဆန်းပိုကို ပစ်ခတ်ဖမ်းဆီးသွားပြီး မေလ ၃၁ ရက်နေ့တွင် သေဆုံးသွားပြီဖြစ်ကြောင်း မိသားစုထံ ဓါတ်ပုံပေးပို့အသိပေးခဲ့သည်။ သူမ၏ သေဆုံးမှုကို စစ်အုပ်စုဘက်မှ ထိုကဲ့သို့ အသိပေးအကြောင်းကြားမှုပြုလုပ်ခဲ့ပြီး သူမ၏ ရုပ်အလောင်းကို မိသားစုအနေဖြင့် ပြန်လည်လက်ခံရယူနိုင်ခဲ့ခြင်း မရှိခဲ့ပါ။



## မအေးချို

အသက် - ၂၉ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - မေ (၃၀) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ချောင်းဝပြင်ကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီ။
နေရပ်လိပ်စာ - ချောင်းဝပြင်ကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

မေ (၂၉)၊ ၂၀၂၁ နေ့တွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ချောင်းဝပြင်ကျေးရွာအတွင်းသို့ အကြမ်းဖက် စစ်အုပ်စု၏တပ်ဖွဲ့များ ဝင်ရောက်စီးနင်းခဲ့ကာ မအေးချိုကို ပစ်ခတ်ဖမ်းဆီးသွားပြီး မေလ ၃၁ ရက်နေ့တွင် သေဆုံးသွားပြီဖြစ်ကြောင်း မိသားစုထံ ဓါတ်ပုံပေးပို့အသိပေးခဲ့သည်။ သူမ၏ သေဆုံးမှုကို စစ်အုပ်စုဘက်မှ ထိုကဲ့သို့ အသိပေးအကြောင်းကြားမှုပြုလုပ်ခဲ့ပြီး သူမ၏ ရုပ်အလောင်းကို မိသားစုအနေဖြင့် ပြန်လည်လက်ခံရယူနိုင်ခဲ့ခြင်း မရှိခဲ့ပါ။



## မရွှေမာကြည်

အသက် - ၂၈ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇွန် (၅) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ဘန့်ဘွေးကျေးရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ဇွန်လ ၅ ရက်နေ့ နံနက် ၃ နာရီခန့်တွင် အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့များမှ ဘန့်ဘွေးရွာအတွင်းဝင်ရောက်ပြီး ပစ်ခတ်မှုများပြုလုပ်ခဲ့ခြင်းကြောင့် မရွှေမာကြည်၏ ရင်ဘတ်တွင် ကျည်ဆံထိမှန်ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသွားခဲ့ရသည်။



## ဒေါ်ကြီးမှိန်

အသက် - ၈၇ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇွန် (၁၅) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ကင်းမကျေးရွာ၊ ပေါက်မြို့နယ်၊ မကွေး။
နေရပ်လိပ်စာ - ကင်းမကျေးရွာ၊ ပေါက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။

ဇွန်လ (၁၅) ရက် ၂၀၂၁ ခုနှစ်နေ့တွင် အာဏာသိမ်းစစ်အုပ်စု၏ လက်ပါးစေတပ်သားများက မကွေးတိုင်း ပေါက်မြို့နယ်အတွင်းရှိ ကင်းမကျေးရွာ တစ်ရွာလုံးအား မီးတင်ရှို့သည့်ဖြစ်စဉ်အတွင်း သက်ကြီးရွယ်အိုများမှာ ထွက်ပြေးနိုင်ခြင်းမရှိဘဲ ကျေးရွာ၌ပင် ကျန်နေခဲ့ရသည်။ ပြင်းထန်သည့် မီးလောင်မှုကြောင့် ထွက်မပြေးနိုင်ခဲ့သော ဒေါ်ကြီးမှိန်မှာ မီးလောင်သေဆုံးခဲ့ရသည်။



# မမိုးသန္တာအောင်

အသက် - ၁ နှစ် ၆လ
အဖအမည် - ဦးသန်းစိုးအောင်
ကျဆုံးရက် - ဇွန် (၁၉) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်။
နေရပ်လိပ်စာ - ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်။

ဇွန်လ (၁၉) ရက်နေ့ ညအချိန်က ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့တွင် အရပ်သားတစ်ဦးဖြစ်သူ ကိုသန်းစိုးအောင်သည် အသက် (၁) နှစ်ခွဲဝန်းကျင်အရွယ် သမီးဖြစ်သူ နေမကောင်းသဖြင့် ဆေးခန်းပြရန် ဆိုင်ကယ်မောင်း၍သွားစဉ် အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့ဝင်များမှ တားမြစ်ရာ ကြောက်လန့်၍ မရပ်တန့်ပေးခဲ့သောကြောင့် ကျိုင်းတုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးမှ ကားဖြင့်တိုက်ကာ ဖမ်းဆီးခဲ့သည်။ ထို့အတွက်ကြောင့် ကိုသန်းစိုးအောင်မှာ ဒဏ်ရာရရှိသွားခဲ့ပြီး အသက် (၁) နှစ် (၆)လ ဝန်းကျင် သမီးဖြစ်သူ မမိုးသန္တာအောင်မှာ ဆုံးပါးသွားခဲ့သည်။ ၎င်းပြင် ဖခင်ဖြစ်သူ ကိုသန်းစိုးအောင်မှာ ကျိုင်းတုံမြို့မရဲစခန်းတွင် ဖမ်းဆီးချုပ်နှောင်၍ ပုဒ်မ နှစ်ခုဖြင့် အမှုဖွင့်ခြင်း ခံခဲ့ရသည်။



# ဒေါ်စုစုလှိုင်

အသက် - ၄၅ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇူလိုင် (၂) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နေအိမ်အတွင်း၊ မြင်းခြံမြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - (၂၀) ရပ်ကွက်၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဇူလိုင် ၂ ညအချိန်က မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ အကြမ်းဖက်စစ်အုပ်စု၏ လက်ပါးစေအဖွဲ့ဖြစ်သော ပျူစောထီးအဖွဲ့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ မြင်းခြံမြို့နယ် အလုပ်အမှုဆောင်ဖြစ်သည့် ပုဂ္ဂလိကကျောင်းအထက်တန်းပြဆရာ ဦးမိုးဟိန်းနှင့် ဇနီးသည် ဒေါ်စုစုလှိုင်တို့ကို ပစ်သတ်သွားခဲ့သည်။

အကြမ်းဖက်စစ်အုပ်စု၏ ပျူစောထီးအဖွဲ့က ဒေါ်စုစုလှိုင်တို့ဇနီးမောင်နှံအပါအဝင် NLD အဖွဲ့ဝင် ၃၈ ဦးကို ပြင်းပြင်းထန်ထန် အရေးယူမည်ဟု ထုတ်ပြန်ထားခဲ့သလို စစ်အုပ်စု၏ လုံခြုံရေးတပ်ဖွဲ့များကလည်း လိုက်လံဖမ်းဆီးခဲ့သောကြောင့် အဆိုပါ ဇနီးမောင်နှံမှာ ပုန်းအောင်းနေခဲ့ရာမှ နေအိမ်သို့ပြန်လာပြီး ရက်ပိုင်းအတွင်းမှာပင် ပစ်ခတ်သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။



# မသေးသေး

အသက် - စုံစမ်းဆဲ
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇူလိုင် (၅) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - လမ်းပေါ်တွင်ပစ်ခတ်ခံရ၊ ကောလင်းမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ကောလင်းမြို့နယ်၊ စစ်ကိုင်းဒေသကြီး။

ဇူလိုင်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့တွင် အရပ်သားတစ်ဦးဖြစ်သူ ဒေါ်သေးသေးသည် သားငယ်နှင့်အတူ ဆိုင်ကယ်စီးလာစဉ် အကြမ်းဖက်စစ်အုပ်စု၏ တပ်များမှ ပစ်ခတ်ခဲ့ခြင်းကြောင့် ဝမ်းဗိုက်ကို ကျည်ထိမှန်ကာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

AAPP



# မမီး

အသက် - စုံစမ်းဆဲ
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇူလိုင် (၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ဗလမင်းထင်တံတားအနီး၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။
နေရပ်လိပ်စာ - ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် ဇူလိုင် ၇ ရက် ညနေပိုင်းက အကြမ်းဖက်စစ်အုပ်စု၏ တပ်သားများမှ ကားတစ်စီးအား စစ်ဆေးရန် တားဆီးရာ ရပ်တန့်ပေးခြင်းမရှိသည့်အတွက် သေနတ်ဖြင့်ပစ်ခတ်ခဲ့သောကြောင့် အနီးအနားတွင် သစ်သီးရောင်းနေသည့် မိုင်းနားကျေးရွာအုပ်စု၊ မခေါယာန်ကျေးရွာတွင်နေထိုင်သည့် ဒေသခံ မမီးသည် သေနတ်ကျည်ဆံထိမှန်ကာ သေဆုံးသွားခဲ့ရသည်။



# Makaw Roi (မခေါ်ညွယ်)

အသက် - ၅၁ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇူလိုင် (၁၄) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နွမ်းလန့်ကျေးရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။
နေရပ်လိပ်စာ - မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။

ဇူလိုင်လ ၁၄ ရက်နေ့တွင် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ နွမ်းလန့်ကျေးရွာမှ မခေါ်ညွယ်သည် လယ်တောသို့သွားစဉ် စစ်အုပ်စု လက်ပါးစေ စစ်သားသုံးဦး၏ အဓမ္မပြုကျင့်သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ကျူးလွန်သည့် စစ်သားသုံးဦးမှာ တပ်မ ၈၈ မှ ဖြစ်သည်ဟု သိရှိရပြီး ဇူလိုင်လ ၁၉ ရက်နေ့တွင် နွမ်းလန့်အခြေစိုက် ခမရ (၆၁၆) မှ ငွေကျပ် (၁) သိန်းနှင့် တပ်မ ၈၈ မှ ငွေကျပ်သိန်း (၂၀) ကို မိသားစုဝင်များအားပေးခဲ့ပြီး ပြစ်မှုကျူးလွန်သော စစ်သားသုံးဦးကို တရားစီရင်သွားမည်ဖြစ်ကြောင်း ဒေသခံများ၏ ပြောဆိုချက်များအရ သိရသည်။



# ဒေါ်ကလယ်

အသက် - ၃၈ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇူလိုင် (၁၈) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ကင်မွန်းချုံကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ပဲခူး။
နေရပ်လိပ်စာ - ထန်းတပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

ဇူလိုင်လ ၁၈ ရက်နေ့ ညအချိန်က စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကင်မွန်းခြုံကျေးရွာမှ ဒေါ်ကလယ်ကို သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ရာ သူမ၏ သမီးဖြစ်သူ ခုနှစ်တန်းကျောင်းသူမှာ ဒဏ်ရာ အပြင်းအထန်ရရှိသွားခဲ့ပြီး ဒေါ်ကလယ်မှာ နေရာတွင်ပင် သေဆုံးခဲ့ရသည်။



## Pi Ngeih Tling

အသက် - ၆၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဩဂုတ် (၁၀) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။
နေရပ်လိပ်စာ - ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။

ဩဂုတ် ၁၀ နံနက်ပိုင်းတွင် ချင်းပြည်နယ်၊ ဖလမ်းမြို့တွင် အကြမ်းဖက်စစ်အုပ်စု၏ တပ်သားများမှ အကြောင်းမဲ့ ပစ်ခတ်ခဲ့သောကြောင့် နေအိမ်အတွင်း၌ရှိနေသော အသက် ၆၀ အရွယ်ရှိ Pi Ngeih Tling သည် ရင်ဘတ်ကို ကျည်ထိမှန်၍ သေဆုံးခဲ့ရသည်။



## Lang Myaw (လန်းမျော်)

အသက် - ၃၃ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဩဂုတ် (၁၂) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ခလရ ၅၈ ရှေ့၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။
နေရပ်လိပ်စာ - ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

ဩဂုတ်လ ၁၃ ရက်နေ့ ညနေပိုင်းတွင် ကချင်ပြည်နယ်၊ ဝူယန်ကျေးရွာမှ  လန်းမျော် (Lang Myaw) နှင့် ၎င်း၏ ခင်ပွန်းဖြစ်သူတို့သည် ဝိုင်းမော်မြို့မှ ဈေးဝယ်ပြီးအပြန် ခလရ (၅၈) တပ်ရင်းရှေ့ ကားလမ်းကို ဆိုင်ကယ်ဖြင့် ဖြတ်သန်းသွားစဉ် ခလရ (၅၈) မှ ပစ်ခတ်ခဲ့သည့်အတွက် သူမ၏ဘယ်ဘက်နံရိုးကြားမှ ညာဘက်နံရိုးကြားကို ထုတ်ချင်းပေါက် ဒဏ်ရာရရှိခဲ့ပြီး ဝိုင်းမော်မြို့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့သော်လည်း သေဆုံးသွားခဲ့သည်။



## မဇင်မာဝင်း

အသက် - စုံစမ်းဆဲ
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဩဂုတ် (၁၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မင်းကင်းလှေဆိပ်၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့တွင် ဩဂုတ် ၁၇ မွန်းလွဲပိုင်းက အရက်မူးနေသော စစ်သားများမှ အမြန်ရေယာဉ်များ ဆိုက်ကပ်ရာ ဆိပ်ကမ်း၌ ထိုင်နေသော ကိုဇော်မျိုးမြင့်အား လူလယ်ကောင်တွင် နားထင်ကို သေနတ်ဖြင့် တေ့၍ပစ်သတ်ခဲ့ကြသည်။ ကိုဇော်မျိုးမြင့်သည် ဆိပ်ကမ်းအုတ်ခုံပေါ်၌ ထိုင်လျက် ကွမ်းစားနေစဉ် အရက်မူးနေသော စစ်သားများက နှာခေါင်းစည်းမတပ်၍ဟုဆိုကာ ရန်ရှာ၍ ထိုးကြိတ်ခဲ့ပြီးနောက် ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ အကြမ်းဖက်စစ်အုပ်စု တပ်သားများ၏ လုပ်ရပ်ကို မျက်မြင်တွေ့ရှိခဲ့သူ မင်းကင်းမြို့နယ်၊ မင်းစားကျေးရွာမှ မဇင်မာဝင်းသည် နေရာတွင်ပင် နှလုံးရပ်ကာ သေဆုံးသွားခဲ့ရသည်။



# မန္တဲ့န္တဲ့အေး

အသက် - ၃၄ နှစ်
အဖအမည် - ဦးစိန်လင်း
ကျဆုံးရက် - ဩဂုတ် (၂၁) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ခင်ဦးမြို့အဝင်တံတားအနီး၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ခင်ဦးမြို့နယ်၊ စစ်ကိုင်းဒေသကြီး။

ဩဂုတ်လ ၂၁ ရက်နေ့ ည ၈ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ကံသစ်ကျေးရွာမှ ကိုမောင်အေးနှင့် သူနာပြု ဆရာမ မန္တဲ့န္တဲ့အေးတို့ ဇနီးမောင်နှံနှစ်ဦးသည် စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးများရောင်းချပြီး ဆိုင်ကယ်ဖြင့် ပြန်လာစဉ် လုံခြုံရေး ကင်းလှည့်နေသည့် အကြမ်းဖက်စစ်အုပ်စု၏ စစ်သားများနှင့်တွေ့ကာ ပစ်ခတ်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် ဇနီးမောင်နှံနှစ်ဦးစလုံး သေနတ်ဒဏ်ရာများရရှိပြီး သေဆုံးခဲ့ကြသည်။



# အိမောန်း

အသက် - ၆၂ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဩဂုတ် (၂၉) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နမ့်ဟာကျေးရွာ၊ မိုးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။
နေရပ်လိပ်စာ - မိုးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။

ရှမ်းပြည်နယ်၊ မိုးကိုးမြို့နယ်တွင် ဩဂုတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းက အကြမ်းဖက်စစ်အုပ်စုမှ အကြောင်းမဲ့ ရမ်းသန်းပစ်ခတ်ခဲ့သော လက်နက်ကြီးကျည်သည် နမ့်ဟာကျေးရွာအတွင်းရှိ နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် ဒေသခံ အီမောန်းမှာ လက်နက်ကြီးကျည်စ ထိမှန်ကာ သေဆုံးခဲ့ရသည်။



# အီမိုး

အသက် - ၈၂ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဩဂုတ် (၂၉) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နမ့်ဟာကျေးရွာ၊ မိုးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။
နေရပ်လိပ်စာ - မိုးကိုးမြို့နယ်၊ ရှမ်းပြည်နယ်။

ရှမ်းပြည်နယ်၊ မိုးကိုးမြို့နယ်တွင် ဩဂုတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းက အကြမ်းဖက်စစ်အုပ်စုမှ အကြောင်းမဲ့ ရမ်းသန်းပစ်ခတ်ခဲ့သော လက်နက်ကြီးကျည်သည် နမ့်ဟာကျေးရွာအတွင်းရှိ နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည့် အတွက် ဒေသခံ အီမိုးမှာ လက်နက်ကြီးကျည်စ ထိမှန်ကာ သေဆုံးခဲ့ရသည်။



# မအိသွယ်မိုး

အသက် - ၂၇ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - စက်တင်ဘာ (၁) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - အောင်သစ္စာအောင်မေတ္တာရပ်ကွက်၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။
နေရပ်လိပ်စာ - အောင်သစ္စာအောင်မေတ္တာရပ်ကွက်၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကတိုက်ကျေးရွာအုပ်စု၊ အောင်သစ္စာအောင်မေတ္တာရပ်ကွက်တွင် စက်တင်ဘာလ ၁ ရက်နေ့ ည ၁၀ နာရီကျော်ခန့်က အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့ဝင်များမှ ပစ်ခတ်ခဲ့သည့်အတွက် ကိုယ်ဝန် ငါးလဆောင်ထားသည့် မအိသွယ်မိုးသည် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ထို့အပြင် သူမ၏ခင်ပွန်းဖြစ်သူ ကိုမင်းနေလွင် (ခ) ပူးဒေးမှာ နားကို ကျည်ထိမှန်ခဲ့ကာ အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။ မအိသွယ်မိုးသည် ငါးရှာထွက်သည့် ခင်ပွန်းကို သွားကြိုပြီး အိမ်သို့ အတူပြန်လာစဉ် ယခုကဲ့သို့ ပစ်ခတ်သတ်ဖြတ်ခံခဲ့ရခြင်း ဖြစ်သည်။



# ဂျာဇင်းတာ

အသက် - ၈ နှစ်
အဖအမည် - ဦးဆားကမို
ကျဆုံးရက် - စက်တင်ဘာ (၇) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - ဒေါ်ပေါ်ကူးကျေးရွာ၊ ဒီမောဆိုးမြို့နယ်၊ ကယားပြည်နယ်။
နေရပ်လိပ်စာ - ဒေါ်ငံခါး (၂)ရပ်ကွက်၊ ဒီမောဆိုးမြို့နယ်၊ ကယားပြည်နယ်။

စက်တင်ဘာလ ၇ ရက်နေ့ ညအချိန်က ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့ရဲစခန်းမှ လက်နက်ကြီးများဖြင့် ပစ်ခတ်သောကြောင့် ဒေသခံများသည် ကြောက်လန့်၍ ညတွင်းချင်း ထွက်ပြေးတိမ်းရှောင်ရာမှ ကားနှင့်ဆိုင်ကယ် ချိတ်မိခဲ့ပြီး ဒေါ်ငံခါး (၂) ရပ်ကွက်မှ အသက် ၈ နှစ်အရွယ် ဂျာဇင်းတာသည် နေရာတွင်ပင် သေဆုံးသွားခဲ့ရသည်။



# ဒေါ်ချောလှ

အသက် - ၅၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - စက်တင်ဘာ (၁၄) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - ကျောက်ဆည်ကျေးရွာ၊ကလေးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကျောက်ဆည်ကျေးရွာကို အကြမ်းဖက်စစ်အုပ်စု၏ တပ်များမှ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဝင်ရောက်စီးနင်းခဲ့ပြီး နေအိမ်နှစ်လုံးကို မီးရှို့ခဲ့သည့်အပြင် ကျေးရွာဘုန်းကြီးကျောင်းတွင် ခိုလှုံနေသည့် ဒေါ်ချောလှကို PDF များအား သတင်းပေးကူညီနေသည်ဟု စွပ်စွဲကာ ပစ်ခတ်ခဲ့သည့်အတွက် သေဆုံးခဲ့ရသည်။



# ဒေါ်စန္ဒာဝင်း

အသက် - ၄၂ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - စက်တင်ဘာ (၁၄) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - တောင်ဘက်ကျေးရွာ၊ ပေါက်မြို့နယ်၊ မကွေး။
နေရပ်လိပ်စာ - ပေါက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။

စက်တင်ဘာလ ၁၄ ရက်နေ့ ညပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ တောင်ဘက်ကျေးရွာအတွင်းကို အရပ်ဝတ်များ ဝတ်ဆင်ထားသော အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့ဝင် ၁၀ ဦးသည် သေနတ်ပစ်ဖောက်၍ ဝင်ရောက်လာခဲ့ပြီး ပြည်သူ့ ကာကွယ်ရေးပြောက်ကျားအဖွဲ့၏ ငွေကိုင်ဖြစ်သူ အသက် ၄၂ နှစ်အရွယ် ဒေါ်စန္ဒာဝင်းကို ငွေကျပ် သိန်း ၁၈၀ နှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ဒေါ်စန္ဒာဝင်းသည် ဖမ်းဆီးထိန်းသိမ်းခေါ်ဆောင်ခံရပြီးလျှင် ပြီးချင်းပင် အနီးကပ်ပစ်ခတ်ခြင်းခံခဲ့ရပြီး နောက်စေ့ကို ကျည်ဆန်ထိမှန်သဖြင့် ဦးခေါင်းပွင့်ထွက်ပြီး သေဆုံးရသည်။



# ဒေါ်သန်း

အသက် - ၇၅ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - စက်တင်ဘာ (၂၀) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နေအိမ်အတွင်း၊ နွားထိုးကြီးမြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။


စက်တင်ဘာလ ၂၀ ရက်၊ ည ၁၂ နာရီဝန်းကျင်တွင် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ လျှော်ဖြူ (အလယ်) ကျေးရွာကို စစ်သားများမှ သေနတ်များဖြင့် အဆက်မပြတ်ပစ်ခတ်၍ စီးနင်းဝင်ရောက်ခဲ့သည်။ ထိုစီးနင်းမှုအတွင်း NLD ပါတီကို ထောက်ခံသည့်နေအိမ်အား ပစ်ခတ်ခဲ့သည့်အတွက် အသက် ၇၅ နှစ်အရွယ် ဒေါ်သန်းအပါအဝင် မိသားစုဝင်လေးဦးမှာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။



# မမော်ဌေး

အသက် - ၃၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - စက်တင်ဘာ (၂၀) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နေအိမ်အတွင်း၊ နွားထိုးကြီးမြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

စက်တင်ဘာလ ၂၀ ရက်၊ ည ၁၂ နာရီဝန်းကျင်တွင် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ လျှော်ဖြူ (အလယ်) ကျေးရွာကို စစ်သားများမှ သေနတ်များဖြင့် အဆက်မပြတ်ပစ်ခတ်၍ စီးနင်းဝင်ရောက်ခဲ့သည်။ ထိုစီးနင်းမှုအတွင်း NLD ပါတီကို ထောက်ခံသည့်နေအိမ်အား ပစ်ခတ်ခဲ့သည့်အတွက် အသက် ၃၀ အရွယ် မမော်ဌေးအပါအဝင် မိသားစုဝင်လေးဦးမှာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။



# မမျိုးသန္တာလှိုင်

အသက် - ၅ နှစ်
အဖအမည် - ဦးမျိုးနိုင်
ကျဆုံးရက် - အောက်တိုဘာ (၁) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ပျဉ်ထောင်ကျေးရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

အောက်တိုဘာလ ၁ ရက်နေ့ နံနက်အစောပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်အတွင်းရှိ ပျဉ်ထောင်ကျေးရွာကို အကြမ်းဖက်စစ်အုပ်စု၏တပ်ဖွဲ့ဝင်များမှ ဝင်ရောက်စီးနင်းစဉ် ကြောက်လန့်၍ ထွက်ပြေးသော ဒေသခံရွာသားများကို လိုက်လံပစ်ခတ်ခဲ့သောကြောင့် အသက် ၅ နှစ်အရွယ် မမျိုးသန္တာလှိုင်မှာ ကျည်ဆံထိမှန်ဒဏ်ရာရရှိကာ သေဆုံးခဲ့သည်။



# ဒေါ်ပု

အသက် - စုံစမ်းဆဲ
အဖအမည် - ဦးတင်အောင်
ကျဆုံးရက် - အောက်တိုဘာ (၁) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ပျဉ်ထောင်ကျေးရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

အောက်တိုဘာလ ၁ ရက်နေ့ နံနက်အစောပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်အတွင်းရှိ ပျဉ်ထောင်ကျေးရွာကို အကြမ်းဖက်စစ်အုပ်စု၏တပ်ဖွဲ့ဝင်များမှ ဝင်ရောက်စီးနင်းစဉ် ကြောက်လန့်၍ ထွက်ပြေးသော ဒေသခံရွာသားများကို လိုက်လံပစ်ခတ်ခဲ့သောကြောင့် ဒေါ်ပုမှာ ကျည်ဆံထိမှန်ဒဏ်ရာရရှိကာ သေဆုံးခဲ့သည်။



# မအိသက်ပိုင်

အသက် - စုံစမ်းဆဲ
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - အောက်တိုဘာ (၁၁) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ဟင်္သာတ စစ်ကြောရေးစခန်း၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီ။
နေရပ်လိပ်စာ - အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်အတွက် အင်္ဂပူမြို့နယ်မှ မအိသက်ပိုင်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးစစ်ဆေးခြင်းခံခဲ့ရပြီးနောက် အောက်တိုဘာလ ၁၁ ရက်နေ့တွင် စစ်ကြောရေး၌ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။



# မဇူလိုင်ဆန်း

အသက် - ၇ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - အောက်တိုဘာ (၁၆) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - တောင်ယာတဲအတွင်း၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်။
နေရပ်လိပ်စာ - မတူပီမြို့နယ်၊ ချင်းပြည်နယ်။

ချင်းပြည်နယ်၊ မတူပီမြို့တွင် အောက်တိုဘာလ ၁၆ ရက်နေ့ နေ့လယ်ပိုင်းက အကြမ်းဖက်စစ်အုပ်စု၏တပ်မှ ပစ်ခတ်ခဲ့သော လက်နက်ကြီးကျည်သည် တောင်ယာတဲတစ်လုံးပေါ်ကို ကျရောက်ပေါက်ကွဲခဲ့သောကြောင့် တဲအတွင်းရှိ အသက် ၆ နှစ်အရွယ် မဇူလိုင်ဆန်းမှာ သေဆုံးခဲ့ရခြင်းဖြစ်သည်။



# မမေနှင်းအေး

အသက် - စုံစမ်းဆဲ
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - အောက်တိုဘာ (၂၄) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - နေအိမ်အတွင်း၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့တွင် အောက်တိုဘာလ ၂၄ ရက်နေ့ ညနေပိုင်းက အကြမ်းဖက်စစ်အုပ်စု၏တပ်ဖွဲ့ဝင်များမှ တိမ်းရှောင်နေသည့် သပိတ်ခေါင်းဆောင် ကိုကျော်ဝင်းစိန်၏နေအိမ်ကို ဝင်ရောက်စီးနင်းခဲ့ရာ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်ထားသည့် ၎င်း၏မရီးဖြစ်သူ ကျောင်းဆရာမ မမေနှင်းအေးကို ပစ်ခတ်သတ်ဖြတ်သွားခဲ့သည်။



# မူလွမ်း

အသက် - ၆၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - အောက်တိုဘာ (၂၄) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - နေအိမ်အတွင်း၊ မိုးဖြဲမြို့နယ်၊ ရှမ်းပြည်နယ်။
နေရပ်လိပ်စာ - မိုးဖြဲမြို့နယ်၊ ရှမ်းပြည်နယ်။

အောက်တိုဘာလ ၂၄ ရက်နေ့ နံနက် ၉ နာရီဝန်းကျင်တွင် ရှမ်းပြည်နယ်၊ မိုးဖြဲမြို့ အခြေစိုက် ခမရ (၄၂၂) မှ မိုးဖြဲမြို့ လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သောကြောင့် အသက် ၆၀ အရွယ် မူလွမ်းမှာ ဦးခေါင်းကို လက်နက်ကြီးကျည်စထိမှန်ကာ သေဆုံးခဲ့ရသည်။



# မမေဇင်ကျော်

အသက် - ၂၅ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - နိုဝင်ဘာ (၅) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - နေအိမ်အတွင်း၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့တွင် အကြမ်းဖက်စစ်အုပ်စု၏တပ်များ တပ်စွဲထားသော အ.ထ.က ၂ ကျောင်းအနီး၌ နိုဝင်ဘာ ၅ နံနက်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် စစ်သားများမှ ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် နေအိမ်အတွင်း ရှိနေသည့် အသက် ၂ နှစ်အရွယ်ကလေး၏မိခင်ဖြစ်သူ မမေဇင်ကျော်မှာ ဦးခေါင်းကို ကျည်ထိမှန်ပြီး နေရာတွင်ပင် သေဆုံးခဲ့ရသည်။



# မမြလေးနွယ်

အသက် - ၂၈ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - နိုဝင်ဘာ (၇) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - ပေါက်ပင်ကျေးရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - မုံရွာမြို့နယ်၊ စစ်ကိုင်းဒေသကြီး။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်အတွင်းရှိ ပေါက်ပင်ကျေးရွာကို အကြမ်းဖက်စစ်အုပ်စု၏တပ်သားများမှ နိုဝင်ဘာလ ၇ ရက်နေ့ ညပိုင်းတွင် ဝင်ရောက်စီးနင်းခဲ့ပြီး အိမ်များ၍ဝင်ချိန်၌ ကြောက်လန့်၍ထွက်ပြေးသော ရွာသူ မမြလေးနွယ်ကို ပစ်ခတ်ခဲ့ရာ သူမ၏ ရင်ဘတ်နှင့်လည်ပင်းကို ကျည်ထိမှန်ကာ သေဆုံးခဲ့ရသည်။



# မဝေလင်းသူ

အသက် - ၂၇ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - နိုဝင်ဘာ (၁၁) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - ရာဘာခြံအတွင်း၊ ပုလောမြို့နယ်၊ တနင်္သာရီ။
နေရပ်လိပ်စာ - ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ဂျက်ဂါးကျေးရွာရှိ ရာဘာခြံတွင် အလုပ်လုပ်နေသည့် မဝေလင်းသူကို ခလရ (၂၈၅) မှ စစ်သားများက နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက် ၃ နာရီခန့်တွင် အကြောင်းမဲ့ ပစ်ခတ်ခဲ့သည့်အတွက် မဝေလင်းသူမှာ ဒဏ်ရာရရှိ၍ သေဆုံးခဲ့ရသည်။



# မချစ်စုဝေ

အသက် - ၂၂ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - နိုဝင်ဘာ (၁၈) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ဘုရားကျောင်းအနီး၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်။
နေရပ်လိပ်စာ - ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်။

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ စံပြ ၆ မိုင်ကျေးရွာ၏ ခရစ်ယာန်ဘုရားကျောင်းအနီးတွင် နိုဝင်ဘာလ ၁၈ ရက်နေ့က အကြမ်းဖက်စစ်အုပ်စုမှ သေနတ်ဖြင့်ပစ်ခတ်ခဲ့သောကြောင့် မချစ်စုဝေတို့ ဇနီးမောင်နှံနှစ်ဦး သေဆုံးခဲ့ရသည်။ ၎င်းတို့ ဇနီးမောင်နှံမှာ တိုက်ပွဲများကြောင့် စစ်ဘေးရှောင်ရင်း နိုဝင်ဘာလ ၁၈ ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ကျေးရွာမှ သူတို့အိမ်ရှိ ပစ္စည်းတချို့ကို ပြန်ယူရန် ဆိုင်ကယ်ဖြင့်အသွား ယခုကဲ့သို့ ပစ်သတ်ခံခဲ့ရခြင်းဖြစ်သည်။



# ဒေါ်ဝင်းကြည်

အသက် - ၆၅ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဒီဇင်ဘာ (၇) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - ကျေးရွာအတွင်း၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ဒီဇင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ဒုန်းတောကျေးရွာကို အကြမ်းဖက်စစ်အုပ်စု၏တပ်မှ ဝင်ရောက်စီးနင်းခဲ့ပြီး လူငယ်များအပါအဝင် ရွာသား (၁၁) ဦးကို ဖမ်းဆီးခဲ့ပြီးနောက် ကြိုးတုပ်ကာ မီးရှို့သတ်ဖြတ်ခဲ့ကြသလို အဆိုပါကျေးရွာမှ စိတ်ကျန်းမာရေးကောင်းမွန်ခြင်းမရှိသည့် အသက် ၆၅ နှစ်အရွယ် ဒေါ်ဝင်းရီမှာလည်း စစ်အုပ်စုတပ်သားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။



# မအိသန္တာအောင်

အသက် - ၅ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဒီဇင်ဘာ (၆) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နေအိမ်ရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဒီဇင်ဘာလ ၆ ရက်နေ့ ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အဆိုပါရပ်ကွက်ရုံးတွင် တပ်စွဲထားသည့် စစ်သားများမှ ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် နေအိမ်ရှေ့တွင် ကစားနေသည့် အသက် ၅ နှစ်အရွယ် မအိသန္တာအောင်မှာ နောက်စေ့ကို ကျည်ထိမှန်ခဲ့ပြီး နေရာတွင်ပင် သေဆုံးသွားခဲ့ရသည်။

## လိန်းလိုင်



အသက် - ၄၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဒီဇင်ဘာ (၁၂) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နေအိမ်အရှေ့၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်။
နေရပ်လိပ်စာ - မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်။

ချင်းပြည်နယ်၊ မင်းတပ်မြို့တွင် ဒီဇင်ဘာလ ၁၂ ရက်နေ့က အကြမ်းဖက်စစ်အုပ်စု၏တပ်ဖွဲ့ဝင်များမှ ရမ်းသန်းပစ်ခတ်ခြင်းကြောင့် နေအိမ်ရှေ့တွင် ရပ်နေသည့် လိန်းလိုင်မှာ ကျည်ထိမှန်ခဲ့ပြီး နေရာတွင်ပင် သေဆုံးခဲ့ခြင်းဖြစ်သည်။

## ဒေါ်မငွေး



အသက် - ၆၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဒီဇင်ဘာ (၁၉) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နေအိမ်ရှေ့၊ ကမ်းနားလမ်း၊ ပုသိမ်မြို့နယ်၊ ဧရာဝတီ။
နေရပ်လိပ်စာ - မာတာရပ်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်နေထိုင်သည့် အသက် ၆၀ အရွယ်ရှိ ဒေါ်မငွေးကို ရဲတပ်ဖွဲ့ဝင်များမှ ဒီဇင်ဘာလ ၁၉ ရက်နေ့ ည ၁၀ နာရီခန့်တွင် နေအိမ်ရှေ့၌ လည်ပင်းကိုတေ့၍ ပစ်သတ်ခဲ့ကြောင်း သိရှိရသည်။ ဒေါ်မငွေးသည် နေရာတွင်ပင် ကျဆုံးသွားခဲ့ကြောင်း သိရှိရသည်။

## ဒေါ်ငွေးမ



အသက် - ၅၅ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဒီဇင်ဘာ (၂၃) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နတ်ချောင်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - နတ်ချောင်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာတွင် ဒီဇင်ဘာလ ၂၃ ရက်နေ့၌ အကြမ်းဖက်စစ်အုပ်စုက စစ်ရဟတ်ယာဉ်ပေါ်မှ ပစ်ခတ်ခြင်း၊ မြေပြင်၌ သတ်ဖြတ်ခြင်းတို့ကြောင့် နတ်ချောင်းကျေးရွာ ဒေသခံ (၁၉) ဦး ကျဆုံးသွားခဲ့ကြောင်း သိရှိရသည်။ အဆိုပါဒေသခံ (၁၉) ဦးတွင် ဒေါ်ငွေးမလည်း ပါဝင်ခဲ့သည်။



# ဒေါ်ဝင်းမြင့်ရီ

အသက် - ၆၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဒီဇင်ဘာ (၂၃) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နတ်ချောင်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - နတ်ချောင်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာတွင် ဒီဇင်ဘာလ ၂၃ ရက်နေ့၌ အကြမ်းဖက်စစ်အုပ်စုက စစ်ရဟတ်ယာဉ်ပေါ်မှ ပစ်ခတ်ခြင်း၊ မြေပြင်၌ သတ်ဖြတ်ခြင်းတို့ကြောင့် နတ်ချောင်းကျေးရွာ ဒေသခံ ကိုးဦး ကျဆုံးသွားခဲ့ကြောင်း သိရှိရသည်။ အဆိုပါဒေသခံ (၁၉) ဦးတွင် ဒေါ်ဝင်းမြင့်ရီလည်း ပါဝင်ခဲ့သည်။



# မဘဲဥ

မဘဲဥ
အသက် - ၂၈ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဒီဇင်ဘာ (၂၃) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - နတ်ချောင်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်း။
နေရပ်လိပ်စာ - နတ်ချောင်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာတွင် ဒီဇင်ဘာလ ၂၃ ရက်နေ့၌ အကြမ်းဖက်စစ်အုပ်စုက စစ်ရဟတ်ယာဉ်ပေါ်မှ ပစ်ခတ်ခြင်း၊ မြေပြင်၌ သတ်ဖြတ်ခြင်းတို့ကြောင့် နတ်ချောင်းကျေးရွာ ဒေသခံ ကိုးဦး ကျဆုံးသွားခဲ့ကြောင်း သိရှိရသည်။ အဆိုပါဒေသခံ (၁၉) ဦးတွင် မဘဲဥလည်း ပါဝင်ခဲ့သည်။



# နော်ခီး

အသက် - ၆၀ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဒီဇင်ဘာ (၂၁) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - လေးခေါ့ထေကျေးရွာနှင့်ထော်ကလော်ခီး ကျေးရွာကြား၊ ထော်ကလော်ခီးကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
နေရပ်လိပ်စာ - ထော်ကလော်ခီးကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

ဒီဇင်ဘာလ ၂၁ ရက်နေ့ နံနက် ၁၀ နာရီတွင် ခလရ (၁၀၁) တပ်ရင်းမှ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ထော်ကလော်ခီးကျေးရွာတွင် နေထိုင်သည့် အသက် ၆၀ အရွယ် နော်ခီးကို ဦးခေါင်းအား သေနတ်ဖြင့်တေ့၍ ပစ်သတ်ခဲ့ကြောင်း သိရှိရသည်။



## ပကူးမိုး

အသက် - စုံစမ်းဆဲ
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဒီဇင်ဘာ (၂၄) ရက်၊ ၂၀၂၁
အခင်းဖြစ်ပွားရာနေရာ - မိုဆိုကျေးရွာအနီး၊ ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်။
နေရပ်လိပ်စာ - ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်။

ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်အတွင်းရှိ မိုဆိုကျေးရွာအနီး၌ တိုက်ပွဲဖြစ်ပွားခဲ့သောကြောင့် ကလေးများ၊ Save the Children မှ ဝန်ထမ်းနှစ်ဦးအပါအဝင် ဒေသခံ (၃၅) ဦးသည် မော်တော်ယာဉ်များဖြင့် စစ်ဘေးရှောင်လာစဉ် အကြမ်းဖက်စစ်အုပ်စု၏တပ်နှင့် ထိပ်တိုက်တွေ့ခဲ့ပြီး ဖမ်းဆီးခြင်းခံခဲ့ရကာ မော်တော်ယာဉ်များနှင့်အတူ မီးရှို့သတ်ဖြတ်ခြင်းခံခဲ့ရသူ ဖြစ်သည်။



## မသန္တာလှိုင်

အသက် - ၁၅ နှစ်
အဖအမည် - အမည်စုံစမ်းဆဲ
ကျဆုံးရက် - ဇန်နဝါရီ (၁၃) ရက်၊ ၂၀၂၂
အခင်းဖြစ်ပွားရာနေရာ - လမ်းပေါ်တွင်ပစ်ခတ်ခံရ၊ညောင်ကွဲရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။
နေရပ်လိပ်စာ - ညောင်ကွဲရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး၌ လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ပြီးနောက် အကြမ်းဖက်စစ်အုပ်စုမှ ရမ်းသန်းပစ်ခတ်ခဲ့သောကြောင့် အသက် ၁၅ နှစ်အရွယ် မသန္တာလှိုင်မှာ ရင်ဘတ်ကို ကျည်ထိမှန်ကာ ကျဆုံးသွားခဲ့ပြီး အမျိုးသားနှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

> အထက်ပါ ဖော်ပြချက်များမှာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (**AAPP**) က လက်လှမ်းမှီသမျှ စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားချက်များအပေါ် အခြေခံထားခြင်း ဖြစ်ပါသည်။ နွေဦးတော်လှန်ရေးကာလအတွင်း ကျဆုံးသွားသူများ၏ အချက်အလက်များကို ပေးပို့လိုပါက **fatality-data@ aappb.org** အီးမေးလ်သို့ ပေးပို့နိုင်ပါသည်။

# အာဏာသိမ်းချိန်မှ ဇန်နဝါရီလ ၁၅ ရက်၊ ၂၀၂၂ ထိ ကျဆုံးခဲ့သော အမျိုးသမီးများ

| စဉ် | နာမည် | လိင် | အသက် | ဖခင်အမည် | ကျဆုံးသည့်ရက်စွဲ | ပြည်နယ်/တိုင်းဒေသကြီး |
|---|---|---|---|---|---|---|
| ၁ | မြသွဲ့သွဲ့ခိုင် | မ | ၁၉ | ဦးမင်းလွင် | ၁၉-ဖေဖော်ဝါရီ-၂၀၂၁ | နေပြည်တော် |
| ၂ | တင်နွဲ့ရီ | မ | ၅၉ | အမည်စုံစမ်းဆဲ | ၂၈-ဖေဖော်ဝါရီ-၂၀၂၁ | ရန်ကုန် |
| ၃ | ဒေစီ (ခ) အပု | မ | ၃၂ | ဦးမောင်ငယ် | ၂၈-ဖေဖော်ဝါရီ-၂၀၂၁ | မန္တလေး |
| ၄ | ကြယ်စင် (ခ) ကျားရှိး (ခ) အိန်ဂျယ် | မ | ၁၉ | အမည်စုံစမ်းဆဲ | ၃-မတ်-၂၀၂၁ | မန္တလေး |
| ၅ | မြင့်မြင့်ဇင် (ခ) ကြည်လင်အေး | မ | ၃၆ | အမည်စုံစမ်းဆဲ | ၃-မတ်-၂၀၂၁ | စစ်ကိုင်း |
| ၆ | ကျော့နန္ဒာအောင် | မ | ၂၆ | အမည်စုံစမ်းဆဲ | ၃-မတ်-၂၀၂၁ | စစ်ကိုင်း |
| ၇ | ကေကြည် | မ | ၅၃ | အမည်စုံစမ်းဆဲ | ၁၃-မတ်-၂၀၂၁ | မန္တလေး |
| ၈ | တင်တင်ဝင်း (ခ) စံသီးမာ | မ | ၃၈ | ဦးဘဘာ | ၁၄-မတ်-၂၀၂၁ | ပဲခူး |
| ၉ | ချယ်ရီဝင်း | မ | ၂၄ | အမည်စုံစမ်းဆဲ | ၁၄-မတ်-၂၀၂၁ | မန္တလေး |
| ၁၀ | ဖူးဝင့်ဝါ | မ | ၁၅ | ဦးတင်ကိုကိုဦး | ၁၄-မတ်-၂၀၂၁ | ရန်ကုန် |
| ၁၁ | ဝင်းကြည် | မ | ၇၈ | အမည်စုံစမ်းဆဲ | ၁၄-မတ်-၂၀၂၁ | ရန်ကုန် |
| ၁၂ | ပန်းမြတ်ချယ် (ခ) ဆိုမိုင်ယာဘီဘီ | မ | ၂၀ | အမည်စုံစမ်းဆဲ | ၁၅-မတ်-၂၀၂၁ | မန္တလေး |
| ၁၃ | သီတာအေး (ခ) မီးမီး | မ | ၁၆ | ဦးဝင်းနိုင် | ၁၅-မတ်-၂၀၂၁ | မန္တလေး |
| ၁၄ | ရွှေစင်ထွန်း | မ | ၁၆ | အမည်စုံစမ်းဆဲ | ၁၆-မတ်-၂၀၂၁ | ရန်ကုန် |
| ၁၅ | အမည်စုံစမ်းဆဲ | မ | | အမည်စုံစမ်းဆဲ | ၁၇-မတ်-၂၀၂၁ | ရန်ကုန် |
| ၁၆ | မြဝင်း | မ | ၇၀ | အမည်စုံစမ်းဆဲ | ၁၇-မတ်-၂၀၂၁ | ရန်ကုန် |
| ၁၇ | အေးအေးခိုင် (ခ) ရိုဇာနာဟ်ဘီ | မ | ၂၂ | အမည်စုံစမ်းဆဲ | ၁၈-မတ်-၂၀၂၁ | ရန်ကုန် |
| ၁၈ | ခင်မာလာဝင်း (ခ) မျိုးလွင် | မ | ၃၉ | ဦးတင်လှိုင် | ၂၀-မတ်-၂၀၂၁ | မကွေး |
| ၁၉ | ဖွဲလီ (ခ) လျန်ဖွာလ်အီး | မ | ၃၅ | အမည်စုံစမ်းဆဲ | ၂၁-မတ်-၂၀၂၁ | ရန်ကုန် |
| ၂၀ | မော်စီ | မ | ၆၆ | အမည်စုံစမ်းဆဲ | ၂၁-မတ်-၂၀၂၁ | မကွေး |
| ၂၁ | ခင်မျိုးချစ် | မ | ၇ | အမည်စုံစမ်းဆဲ | ၂၃-မတ်-၂၀၂၁ | မန္တလေး |
| ၂၂ | ခင်ခင်စိုး (ခ) လာအိဆာဘီ | မ | ၃၂ | အမည်စုံစမ်းဆဲ | ၂၆-မတ်-၂၀၂၁ | တနင်္သာရီ |
| ၂၃ | ဥမ္မာရှိန် | မ | ၄၉ | အမည်စုံစမ်းဆဲ | ၂၇-မတ်-၂၀၂၁ | ရန်ကုန် |
| ၂၄ | ပန်းအိဖြူ | မ | ၁၄ | အမည်စုံစမ်းဆဲ | ၂၇-မတ်-၂၀၂၁ | မန္တလေး |
| ၂၅ | စိုးရီ | မ | ၅၃ | ဦးသန်းလှိုင် | ၂၇-မတ်-၂၀၂၁ | မန္တလေး |

## အာဏာသိမ်းချိန်မှ ဇန်နဝါရီလ ၁၅ ရက်၊ ၂၀၂၂ ထိ ကျဆုံးခဲ့သော အမျိုးသမီးများ

| | | | | | | |
|---|---|---|---|---|---|---|
| ၂၆ | မိုးမိုးလှိုင် (ခ) ဘုတ်ဆုံ | မ | ၄၂ | အမည်စုံစမ်းဆဲ | ၂၇-မတ်-၂၀၂၁ | မန္တလေး |
| ၂၇ | အမည်စုံစမ်းဆဲ | မ | | အမည်စုံစမ်းဆဲ | ၂၇-မတ်-၂၀၂၁ | ရှမ်း |
| ၂၈ | ရွှေမြင့် | မ | ၃၆ | အမည်စုံစမ်းဆဲ | ၂၇-မတ်-၂၀၂၁ | ကချင် |
| ၂၉ | အေးမြတ်သူ | မ | ၁၁ | ဦးစိုးဦး | ၂၇-မတ်-၂၀၂၁ | မွန် |
| ၃၀ | ခိုင်ဇင်ဝင်း | မ | ၂၁ | အမည်စုံစမ်းဆဲ | ၂၇-မတ်-၂၀၂၁ | တနင်္သာရီ |
| ၃၁ | သက်ဝေဝေလှိုင် | မ | ၃၀ | အမည်စုံစမ်းဆဲ | ၂၇ -မတ်-၂၀၂၁ | မန္တလေး |
| ၃၂ | ဇင်မာအောင် (ခ) ဇင်ပု | မ | | အမည်စုံစမ်းဆဲ | ၂၈-မတ်-၂၀၂၁ | မန္တလေး |
| ၃၃ | အားခူ | မ | | အမည်စုံစမ်းဆဲ | ၂၈-မတ်-၂၀၂၁ | စစ်ကိုင်း |
| ၃၄ | သဥ္ဇာဟိန်း | မ | ၂၀ | ဦးသိန်းထွန်း | ၂၈-မတ်-၂၀၂၁ | စစ်ကိုင်း |
| ၃၅ | ကိုးကိုးမေ | မ | ၂၀ | ဦးဇော်ထွန်း | ၂၈-မတ်-၂၀၂၁ | စစ်ကိုင်း |
| ၃၆ | ခိုင်ဇာသွယ် | မ | ၂၆ | အမည်စုံစမ်းဆဲ | ၂၈-မတ်-၂၀၂၁ | ရန်ကုန် |
| ၃၇ | စုစုကြည် | မ | ၃၃ | အမည်စုံစမ်းဆဲ | ၂-ဧပြီ-၂၀၂၁ | ရန်ကုန် |
| ၃၈ | ခင်မာရီ (ခ) ဖွားချို | မ | ၅၀ | အမည်စုံစမ်းဆဲ | ၂၁-ဇူလိုင်-၂၀၂၁ | စစ်ကိုင်း |
| ၃၉ | အမည်စုံစမ်းဆဲ | မ | | အမည်စုံစမ်းဆဲ | ၁-ဧပြီ-၂၀၂၁ | ရန်ကုန် |
| ၄၀ | အင်ကြင်းမေ | မ | | အမည်စုံစမ်းဆဲ | ၃-ဧပြီ-၂၀၂၁ | မွန် |
| ၄၁ | ထက်ထက်ဝင်း | မ | ၁၉ | အမည်စုံစမ်းဆဲ | ၄-ဧပြီ-၂၀၂၁ | မန္တလေး |
| ၄၂ | မာမာတိုး | မ | ၃၇ | အမည်စုံစမ်းဆဲ | ၅-ဧပြီ-၂၀၂၁ | စစ်ကိုင်း |
| ၄၃ | မွန်မြတ်ဟေ | မ | | အမည်စုံစမ်းဆဲ | ၉-ဧပြီ-၂၀၂၁ | ပဲခူး |
| ၄၄ | အမည်စုံစမ်းဆဲ | မ | | အမည်စုံစမ်းဆဲ | ၉-ဧပြီ-၂၀၂၁ | ပဲခူး |
| ၄၅ | မြတ်ဝင်းပပ | မ | | အမည်စုံစမ်းဆဲ | ၉-ဧပြီ-၂၀၂၁ | ပဲခူး |
| ၄၆ | ဟာရီးမာယာ (ဂိုသာမေး) | မ | ၃၀ | အမည်စုံစမ်းဆဲ | ၁၃-ဧပြီ-၂၀၂၁ | စစ်ကိုင်း |
| ၄၇ | ဝင်းကြည် | မ | ၆၃ | အမည်စုံစမ်းဆဲ | ၂၄-ဧပြီ-၂၀၂၁ | စစ်ကိုင်း |
| ၄၈ | အမည်စုံစမ်းဆဲ | မ | | အမည်စုံစမ်းဆဲ | ၂၄-မေ-၂၀၂၁ | ကယား |
| ၄၉ | အမည်စုံစမ်းဆဲ | မ | | အမည်စုံစမ်းဆဲ | ၂၄-မေ-၂၀၂၁ | ကယား |
| ၅၀ | အမည်စုံစမ်းဆဲ | မ | | အမည်စုံစမ်းဆဲ | ၂၄-မေ-၂၀၂၁ | ကယား |
| ၅၁ | ဆောင်းနှင်းမှုန် | မ | ၂၇ | ဦးမောင်မြင့် | ၂၅-မေ-၂၀၂၁ | မကွေး |
| ၅၂ | အမည်စုံစမ်းဆဲ | မ | | အမည်စုံစမ်းဆဲ | ၂၆-မေ-၂၀၂၁ | ကယား |
| ၅၃ | ဆန်းပို | မ | ၄၆ | အမည်စုံစမ်းဆဲ | ၃၀-မေ-၂၀၂၁ | တနင်္သာရီ |
| ၅၄ | အေးချို | မ | ၂၉ | အမည်စုံစမ်းဆဲ | ၃၀-မေ-၂၀၂၁ | တနင်္သာရီ |

# အာဏာသိမ်းချိန်မှ ဇန်နဝါရီလ ၁၅ ရက်၊ ၂၀၂၂ ထိ ကျဆုံးခဲ့သော အမျိုးသမီးများ

| | | | | | | |
|---|---|---|---|---|---|---|
| ၅၅ | ရွှေမာကြည် | မ | ၂၈ | အမည်စုံစမ်းဆဲ | ၅-ဇွန်_၂၀၂၁ | စစ်ကိုင်း |
| ၅၆ | ကြီးမှိန် | မ | ၈၇ | အမည်စုံစမ်းဆဲ | ၁၅-ဇွန်-၂၀၂၁ | မကွေး |
| ၅၇ | မိုးသူ (ခ) မိုးသူဇာထွေး | မ | | အမည်စုံစမ်းဆဲ | ၂၂-ဇူလိုင်-၂၀၂၁ | ရန်ကုန် |
| ၅၈ | မိုးသန္တာအောင် | မ | ၁ နှစ် ၆လ | ဦးသန်းစိုးအောင် | ၁၉-ဇွန်-၂၀၂၁ | ရှမ်း |
| ၅၉ | မိုင် Nuam Za Thiang | မ | ၁၉ | အမည်စုံစမ်းဆဲ | ၂၃-ဇွန်-၂၀၂၁ | စစ်ကိုင်း |
| ၆၀ | စုစုလှိုင် | မ | ၄၅ | အမည်စုံစမ်းဆဲ | ၂-ဇူလိုင်-၂၀၂၁ | မန္တလေး |
| ၆၁ | သေးသေး | မ | | အမည်စုံစမ်းဆဲ | ၅-ဇူလိုင်-၂၀၂၁ | စစ်ကိုင်း |
| ၆၂ | မီး | မ | | အမည်စုံစမ်းဆဲ | ၇-ဇူလိုင်-၂၀၂၁ | ကချင် |
| ၆၃ | မခေါ်ညွှယ် | မ | ၅၁ | အမည်စုံစမ်းဆဲ | ၁၄-ဇူလိုင်-၂၀၂၁ | ကချင် |
| ၆၄ | ကလယ် | မ | ၃၈ | အမည်စုံစမ်းဆဲ | ၁၈-ဇူလိုင်-၂၀၂၁ | ပဲခူး |
| ၆၅ | သူသူဇင် | မ | ၂၅ | အမည်စုံစမ်းဆဲ | ၂၇-ဇူလိုင်-၂၀၂၁ | မန္တလေး |
| ၆၆ | Pi Ngeih Tling | မ | ၆၀ | အမည်စုံစမ်းဆဲ | ၁၀-ဩဂုတ်-၂၀၂၁ | ချင်း |
| ၆၇ | ဝေဝေမြင့် (ခ) ပန်းသီး | မ | ၂၉ | အမည်စုံစမ်းဆဲ | ၁၀-ဩဂုတ်-၂၀၂၁ | ရန်ကုန် |
| ၆၈ | အမည်စုံစမ်းဆဲ | မ | တစ်နှစ် ဝန်းကျင် | ဦးငြိမ်းချမ်း | ၁၂-ဩဂုတ်-၂၀၂၁ | မန္တလေး |
| ၆၉ | Lang Myaw (လန်းမျော်) | မ | ၃၃ | အမည်စုံစမ်းဆဲ | ၁၃- ဩဂုတ်-၂၀၂၁ | ကချင် |
| ၇၀ | ဇင်မာဝင်း | မ | | အမည်စုံစမ်းဆဲ | ၁၇-ဩဂုတ်-၂၀၂၁ | စစ်ကိုင်း |
| ၇၁ | နွဲ့နွဲ့အေး | မ | ၃၄ | ဦးစိန်လင်း | ၂၁-ဩဂုတ်-၂၀၂၁ | စစ်ကိုင်း |
| ၇၂ | အိမောန်း | မ | ၆၂ | အမည်စုံစမ်းဆဲ | ၂၉-ဩဂုတ်-၂၀၂၁ | ရှမ်း |
| ၇၃ | အိမိုး | မ | ၈၂ | အမည်စုံစမ်းဆဲ | ၂၉-ဩဂုတ်-၂၀၂၁ | ရှမ်း |
| ၇၄ | အိသွယ်မိုး | မ | ၂၇ | အမည်စုံစမ်းဆဲ | ၁-စက်တင်ဘာ-၂၀၂၁ | မွန် |
| ၇၅ | ဂျာဇင်းတာ | မ | ၈ | ဦးဆားကမို | ၇-စက်တင်ဘာ-၂၀၂၁ | ကယား |
| ၇၆ | ချောလှ | မ | ၅၀ | အမည်စုံစမ်းဆဲ | ၁၄-စက်တင်ဘာ-၂၀၂၁ | စစ်ကိုင်း |
| ၇၇ | စန္ဒာဝင်း | မ | ၄၂ | အမည်စုံစမ်းဆဲ | ၁၄-စက်တင်ဘာ-၂၀၂၁ | မကွေး |
| ၇၈ | သန်း | မ | ၇၅ | အမည်စုံစမ်းဆဲ | ၂၀-စက်တင်ဘာ-၂၀၂၁ | မန္တလေး |
| ၇၉ | မော်ငွေး | မ | ၃၀ | အမည်စုံစမ်းဆဲ | ၂၀-စက်တင်ဘာ-၂၀၂၁ | မန္တလေး |
| ၈၀ | ခင်ခင်ကြွယ် | မ | ၂၄ | အမည်စုံစမ်းဆဲ | ၂၅-စက်တင်ဘာ-၂၀၂၁ | ရန်ကုန် |
| ၈၁ | မျိုးသန္တာလှိုင် | မ | ၅ | ဦးမျိုးနိုင် | ၁-အောက်တိုဘာ-၂၀၂၁ | စစ်ကိုင်း |
| ၈၂ | ပု | မ | | ဦးတင်အောင် | ၁-အောက်တိုဘာ-၂၀၂၁ | စစ်ကိုင်း |
| ၈၃ | အိသက်ပိုင် | မ | | အမည်စုံစမ်းဆဲ | ၁၁-အောက်တိုဘာ-၂၀၂၁ | ဧရာဝတီ |

# အာဏာသိမ်းချိန်မှ ဇန်နဝါရီလ ၁၅ ရက်၊ ၂၀၂၂ ထိ ကျဆုံးခဲ့သော အမျိုးသမီးများ

| | | | | | | |
|---|---|---|---|---|---|---|
| ၈၄ | ဇူလိုင်ဆန်း | မ | ၇ | အမည်စုံစမ်းဆဲ | ၁၆-အောက်တိုဘာ-၂၀၂၁ | ချင်း |
| ၈၅ | မေနှင်းအေး | မ | | အမည်စုံစမ်းဆဲ | ၂၄-အောက်တိုဘာ-၂၀၂၁ | စစ်ကိုင်း |
| ၈၆ | မူလွမ်း | မ | ၆၀ | အမည်စုံစမ်းဆဲ | ၂၄-အောက်တိုဘာ-၂၀၂၁ | ရှမ်း |
| ၈၇ | မေဇင်ကျော် | မ | ၂၅ | အမည်စုံစမ်းဆဲ | ၅-နိုဝင်ဘာ-၂၀၂၁ | စစ်ကိုင်း |
| ၈၈ | မြလေးနွယ် | မ | ၂၈ | အမည်စုံစမ်းဆဲ | ၇-နိုဝင်ဘာ-၂၀၂၁ | စစ်ကိုင်း |
| ၈၉ | ဝေလင်းသူ | မ | ၂၇ | အမည်စုံစမ်းဆဲ | ၁၁-နိုဝင်ဘာ-၂၀၂၁ | တနင်္သာရီ |
| ၉၀ | အမည်စုံစမ်းဆဲ | မ | | အမည်စုံစမ်းဆဲ | ၁၆-နိုဝင်ဘာ-၂၀၂၁ | စစ်ကိုင်း |
| ၉၁ | Biak Rem Chin (ခ) ချင်းချင်း | မ | ၂၃ | အမည်စုံစမ်းဆဲ | ၁၇-နိုဝင်ဘာ-၂၀၂၁ | စစ်ကိုင်း |
| ၉၂ | ချစ်စုဝေ | မ | ၂၂ | အမည်စုံစမ်းဆဲ | ၁၈-နိုဝင်ဘာ-၂၀၂၁ | ကယား |
| ၉၃ | ဝင်းကြည် | မ | ၆၅ | အမည်စုံစမ်းဆဲ | ၇-ဒီဇင်ဘာ-၂၀၂၁ | စစ်ကိုင်း |
| ၉၄ | အိသန္တာအောင် | မ | ၅ | အမည်စုံစမ်းဆဲ | ၆-ဒီဇင်ဘာ-၂၀၂၁ | မန္တလေး |
| ၉၅ | လိန်းလိုင် | မ | ၄၀ | အမည်စုံစမ်းဆဲ | ၁၂-ဒီဇင်ဘာ-၂၀၂၁ | ချင်း |
| ၉၆ | အမည်စုံစမ်းဆဲ | မ | | အမည်စုံစမ်းဆဲ | ၁၄-ဒီဇင်ဘာ-၂၁ | စစ်ကိုင်း |
| ၉၇ | ငွေး | မ | ၆၀ | အမည်စုံစမ်းဆဲ | ၁၉-ဒီဇင်ဘာ-၂၀၂၁ | ဧရာဝတီ |
| ၉၈ | နန်း | မ | ၃၈ | အမည်စုံစမ်းဆဲ | | မန္တလေး |
| ၉၉ | ငွေးမ | မ | ၅၅ | အမည်စုံစမ်းဆဲ | ၂၃-ဒီဇင်ဘာ-၂၀၂၁ | စစ်ကိုင်း |
| ၁၀၀ | ဝင်းမြင့်ရီ | မ | ၆၀ | အမည်စုံစမ်းဆဲ | ၂၃-ဒီဇင်ဘာ-၂၀၂၁ | စစ်ကိုင်း |
| ၁၀၁ | ဘဲဥ | မ | ၂၈ | အမည်စုံစမ်းဆဲ | ၂၃-ဒီဇင်ဘာ-၂၀၂၁ | စစ်ကိုင်း |
| ၁၀၂ | နော်ခီး | မ | ၆၀ | အမည်စုံစမ်းဆဲ | ၂၁-ဒီဇင်ဘာ-၂၀၂၁ | မွန် |
| ၁၀၃ | ပကူးမိုး | မ | | အမည်စုံစမ်းဆဲ | ၂၄-ဒီဇင်ဘာ-၂၀၂၁ | ကယား |
| ၁၀၄ | သန္တာလှိုင် | မ | ၁၅ | အမည်စုံစမ်းဆဲ | ၁၃-ဇန်နဝါရီ-၂၀၂၂ | မန္တလေး |

# နွေဦးတော်လှန်ရေးအတွင်းကျဆုံးခဲ့သောအမျိုးသမီးများ




AAPP